
# ဖွား ပွင့် ဟော စံ
# မြတ်နိဗ္ဗာန်သို့

## ရွှန်ဖြူ(ပညာရေး)



# ဖွားပွင့်တော်စံ မြတ်နိဗ္ဗာန်သို့

စွန်ဖြူ(ပညာရေး)



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဖွား၊ ပွင့်၊ ဟော၊ စံ
# မြတ်နိဗ္ဗာန်သို့

---

# ငွေဖြူ (ပညာရေး)

---

စေတနာမွန်

- မှတ်ဖွယ် မှတ်ရာ၊ ထိုထိုစာကို
  ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။
- ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက
  သားမယားပင်၊ သိမြင်ကင်းကွာ
  မလိမ္မာလည်း၊ စာပေစကား
  နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ
  ရှိသည်သာတည်း။

ရှင်မဟာရဋ္ဌသာရဆုံးမစာ

---

"စာရေးသူ၏ ပထမဦးဆုံးသော ဤ ဗုဒ္ဓပူဇာ ခရီးမှတ်တမ်း စာအုပ်အား
မအားလပ်သည့်ကြားက အချိန်ပေး၍
တည်းဖြတ် ပြင်ဆင် ဖြည့်စွက် ကူညီကာ အားဖြည့် ပညာပေးခဲ့သည့်
မေတ္တာရှင် ဘာသာယဉ်ကျေးမှုမဂ္ဂဇင်း အယ်ဒီတာချုပ်
ဆရာ ပန်းဒကာ ကိုတင်မြင့် အား
အထူးကျေးဇူးတင်ရှိပါကြောင်း"

---

ပုံနှိပ်မှတ်တမ်း

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

မဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်
၁၁၇၉၊ မစိုးရိမ်ကျောင်းလမ်း၊ ရန်ကင်း။

**ထုတ်ဝေသူ**

ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊
အမှတ် ၆ရ၊ ၁၆၄ လမ်း၊ တာမွေ။

**စီစဉ်သူ**

ပန်းဒကာကိုတင်မြင့်

**မျက်နှာဖုံးနှင့် ဒီဇိုင်း**

ခန့်ချော

**ထုတ်ဝေခြင်း**

ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၁၃။

**အုပ်ရေ**

၁၀၀၀

**တန်ဖိုး**

၁၀၀၀ ကျပ်

စာအုပ်ကတ်တလောက်အညွှန်း (CIP)

၂၉၄.၃

ဇွန်ဖြူ(ပညာရေး)
ဖွား ပွင့် ဟော စံ မြတ်နိဗ္ဗာန်သို့/ဇွန်ဖြူ(ပညာရေး)၊ ရန်ကုန်။
၂၀၁၃။
၁၆၄ စာ၊ ၈ . ၇၉ X ၁၅ .၁၄ စင်တီ။
ဖွား ပွင့် ဟော စံ မြတ်နိဗ္ဗာန်သို့



ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာမှ မဟာဗောဓိစေတီတော်ကြီးနှင့်
နီလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့



ဗုဒ္ဓဂယာမဟာဗောဓိစေတီတွင် အမှတ်တရ



တရားဦးဓမ္မစကြာဟောကြားတော်မူရာ ဓမ္မရာဇိကစေတီအုတ်ခုံတော်



ဗာရာဏသီ(မိဂဒါဝုန်) ဓမေ္မခစေတီတော်



နယူးဒေလီရှိ မြတ်စွာဘုရားရှင် သတိပဋ္ဌာန်တရား ဟောကြားခဲ့သည့် နေရာတော်မြတ်



မြတ်ဗုဒ္ဓ ဖွားတော်မူရာ နေရာတော်မြတ်တွင် အမှတ်တရ



ကုသိနာရုံ၊ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူဟန်
ရုပ်ပွားဆင်းတုတော်ကြီး



ကုသိနာရုံ၊ မဟာပရိနိဗ္ဗာန စေတီတော်ကြီး



ကုသိနာရုံ၊ ဗုဒ္ဓမြတ်စွာ ရုပ်ကလာပ်တော် တေဇောဓါတ်ပူဇော်ရာဌာန
အင်္ဂါရစေတီ



ဝေသာလီပြည်၊ လိစ္ဆဝီမင်းတို့၏ ဓါတ်တော်တိုက်



ဝေသာလီပြည်၏ အသောကကျောက်တိုင်




အသောကမင်းကြီးပုံတော်



ရာဇဂြိုဟ်မြို့ လင်းတ(ဠင်းတ)ငှက်၏ ဦးခေါင်းပုံ ဂိဇ္ဈကုဋ်တောင်



ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်ရာမှ အုဋ်ဇရပ်ကြီး



ရာဇဂြိုဟ်မြို့ လင်းတ(ငှင်းတ)ငှက်၏ ဦးခေါင်းပုံ ဂိဇ္ဈကုဋ်တောင်



ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်ရာမှ အုဋ်ဇရပ်ကြီး



နာလန္ဒာ ဗုဒ္ဓတက္ကသိုလ်(သစ်)တွင် လှူဖွယ်ဝတ္ထု ဆက်ကပ်နေပုံ
အမှတ်တရ

**... မာတိကာ ...**


၁။ • ဖွား၊ ပွင့်၊ ဟော၊ စံ မြတ်နိဗ္ဗာန်သို့ ၁
၂။ • မဇ္ဈိမဒေသ၊ ခရီးအစ ၄
၃။ • မြတ်ဗုဒ္ဓ ပွင့်တော်မူရာ၊ ၁၃
မြေမြတ်မဟာ ဗုဒ္ဓဂယာ
၄။ • ဓမ္မစကြာ တရားဦး ဟောတော်မူသည့် ၂၅
ဗာရာဏသီ(သို့)ပဥ္စဝဂ္ဂီငါးဦးပေါင်းဆုံ၊ မိဂဒါဝုန်
၅။ • သင်္ကဿနဂိုရ်တွင်၊ ခရီးတစ်ထောက်နားခဲ့စဉ် ၃၃
၆။ • နယူးဒေလီတစ်ခွင်၊ လှည့်လည်လေ့လာခဲ့စဉ် ၃၅
၇။ • တာဝတိံသာနတ်ပြည်မှသက်ဆင်း ၄၄
သင်္ကဿနဂိုရ် ပြည်တွင်း
၈။ • ကောသလတိုင်း၏မြို့တော် သာဝတ္ထိသို့ ၄၈
၉။ • ကောသလမင်းအိပ်မက်(၁၆)ချက် ၅၃
၁၀။ • ဖွားမြင်တော်မူရာ ၇၀
လုမ္ဗိနီသာမော အင်ကြင်းတော(သို့)
နီပေါမြို့တော်ဆီသို့
၁၁။ • ပရိနိဗ္ဗာန် စံတော်မူရာ ကုသိနာရာ(ကုသိနာရုံ) ၈၂
၁၂။ • သာမောဖွယ်ညီ ဝေသာလီသို့ ၉၃
၁၃။ • ဝေသာလီမှ ပတ္တနားမြို့တော်ဆီသို့ ၁၀၂
၁၄။ • ကြွယ်တာရာအသွင် အသောကဘုရင် ၁၀၄
၁၅။ • အသောကရာဇာ၏ ဘဝပုံရိပ်လွှာ ၁၀၈
၁၆။ • နေရောင်ကဲ့သို့ ထွန်းလင်း ၁၁၂
သီရိဓမ္မသောကမင်း

... မာတိကာ ...


| | | |
|---|---|---|
| ၁၇။ | • တောင်ငါးလုံးကာခို ရာဇဂြိုဟ်ဆီသို့ | ၁၂၀ |
| ၁၈။ | • ဂိဇ္ဈကုဋ်တောင်တော်မြတ်ဆီသို့ ဦးခိုက်ခြင်း | ၁၂၄ |
| ၁၉။ | • မေတ္တာကြီးမား ဗိမ္ဗိသာရမင်းတရား | ၁၄၅ |
| ၂၀။ | • ဆရာတင်မှား၍ တစ်သံသရာလုံးမှောက်သည့် အဇာတသတ်မင်းသား၏ နေဝင်ချိန် | ၁၄၈ |
| ၂၁။ | • ရာဇဂြိုဟ်မြို့၏ ဗုဒ္ဓခေတ် သမိုင်းဝင်နေရာတော်မြတ်များ | ၁၅၁ |
| ၂၂။ | • ပထမသင်္ဂါယနာတင် ဖြစ်ပေါ်လာပုံ | ၁၅၆ |
| ၂၃။ | • ကလကတ္တားမြို့တော်မှ မွေးရပ်ဌာနီ မြန်မာပြည်သို့ | ၁၅၉ |


■

## ဖွား၊ ပွင့်၊ ဟော၊ စံ မြတ်နိဗ္ဗာန်သို့

ဗုဒ္ဓမြတ်စွာသည် သက်တော်(၈၀)၊ ဝါတော် (၄၅)ပြည့်၍ ပရိနိဗ္ဗာန်စံတော်မူခါနီးတွင် အရှင်အာနန္ဒာက မြတ်စွာဘုရားရှင်အား "နောင်တော်ဘုရား ပရိနိဗ္ဗာန်စံပြီးသောအခါ အရပ်လေးမျက်နှာမှ ရဟန်း၊ သံဃာတော်၊ လူသူအများ ဖူးမြော်ခွင့်ရတော့မည် မဟုတ်ပါ"ဟု လျှောက်ထားသောအခါ ဘုရားရှင်က–

"ညီတော်အာနန္ဒာ၊ သဒ္ဓါတရားရှိသူသည် (၁) ဘုရားရှင်ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ် (၂) သဗ္ဗညုတဉာဏ် ရရှိတော်မူရာ မဟာဗောဓိပင် (၃) ဓမ္မစကြာ တရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် (၄) ခန္ဓာအကြွင်းမရှိ အနုပါဒိသေသ နိဗ္ဗာန်ဓါတ်ဖြင့် ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံတည်းဟူသော လေးဌာနသို့ ငါဘုရားအား ရည်မှန်း၍ လှည့်လည် သွားလာ ဖူးမြော် ပူဇော်ကြလိမ့်မည်။

"ထိုမှတစ်ဖန် ဘုရားကို ကြည်ညို၊ တရားတော်အတိုင်း လိုက်နာ ကျင့်ကြံ အားထုတ်၊ သံဃာတော်မြတ်၏ အဆုံးအမကို

နာခံ၊ ကုသိုလ်၊ အကုသိုလ်ကို မမေ့မလျော့ မပေါ့မဆ သတိတရား လက်ကိုင်ထား၍ ဒါန၊ သီလ၊ ဘာဝနာတရား ပွါးများနိုင်သူတို့သည် သေသည့်၏အခြားမဲ့၌ နတ်ရွာသုဂတိ၊ ထိုမှတစ်ဆင့် နိဗ္ဗာန်သို့တိုင် ဆိုက်ရောက်နိုင်လိမ့်မည်'' ဟု မိန့်ကြားတော်မူခဲ့ပါသည်။

၁။ ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊
လူတော်အများ၊ စိတ်ကောင်းထားလည်း၊
ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊
ထိုထိုဘုံဘဝ မသိရ များလှအပြစ်တွေ။

၂။ ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊
ဟောဖေါ်ညွှန်ကြား၊ မြတ်တရားကြောင့်၊
ဤကားကုသိုလ်၊ အကုသိုလ်နှင့်၊
ထိုထိုဘုံဘဝ သိကြရ၊ များလှကျေးဇူးတွေ။

၃။ ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊
နေ့စဉ်မပြတ်၊ ကျေးဇူးဆပ်ဖို့၊
အမြတ်ရတနာ၊ သာသနာ၏၊
နှစ်ဖြာဝန်ထမ်း၊ လွန်ကြိုးပမ်း၊ လူစွမ်းပြကြလေ။ ဟု

ကျေးဇူးတော်ရှင် အမရပူရမြို့။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက ရေးသားပူဇော်ထားပါသည်။ စာရေးသူ အနေဖြင့်လည်း ဆရာတော်၏ဩဝါဒအတိုင်း အမြတ်ရတနာ၊ သာသနာ၏၊ နိုင်ရာဝန်ထမ်း၊ လွန်ကြိုးပမ်းသည့် အားစွမ်းရနိုင်ပါရစေ၊ အားစွမ်းပြနိုင်ပါရစေ ဟု ဆုတောင်းပတ္ထနာပြုချင်ပါသည်။

(ဤကဲ့သို့ အကြောင်းတရားများကြောင့် မဇ္ဈိမဒေသ ဗုဒ္ဓ

ဂယာသို့ အပါယ်တံခါးပိတ် လိုသူ၊ နိဗ္ဗာန် မျက်မှောက်ပြုလိုသူ၊ ရှင်လူအများ၊ ဘုရားဖူး သွားရောက်ကြပါသည်။ ထိုသို့ ဘုရားဖူး သွားကြသူများတွင် စာရေးသူ ဘုရားဖူးသွားရန် အကြောင်းဖန်လာပုံကို အထူးပင် အံ့ဩမိပါသည်။)

မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်ကြည့်မိသောအခါ အသက် (၄၀)ကျော်မှ စ၍ ကောင်းမှုလေးတစ်ခု နှစ်စဉ် ပြုဖူးသည်ကို အမှတ်ရမိပါသည်။ ၎င်းကောင်းမှုမှာ စာရေးသူအနေဖြင့် မြန်မာပြည် အနှံ့ ဘုရားဖူးသွားလိုသူများကို ငွေကြေးတတ်နိုင်သူဖြစ်စေ၊ မတတ်နိုင်သူဖြစ်စေ ဘုရားဖူးနိုင်ရန် မိမိစွမ်းအားဖြင့် တတ်နိုင်သမျှ လုပ်ကိုင်ဆောင်ရွက် ပို့ဆောင်ပေးခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်ပါသည်။

ထိုအကျိုးဆက်ကြောင့်လည်း လှိုင်မြို့နယ်(ဖြူဇင်ကုမ္ပဏီ)မှ ဒေါ်နန်းမြင့်၊ ဦးဝေစိုး+ဒေါ်နန်းလိတ် တို့က စာရေးသူအား ဗုဒ္ဓဂယာသို့ ဘုရားဖူး သွားနိုင်ရန် ပံ့ပိုးပေးသည်။ သူတော်ကောင်းများနှင့် တွေ့ဆုံရသည်။ ဗုဒ္ဓဂယာ ဘုရားဖူးသွားနိုင်ရန် ငွေအား၊ လူအားဖြင့် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ရန်ကုန်မြို့၊ ရွှေဘုံသာ အထက်လမ်း၊ နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် ဒေသန္တရ၊ ဘာသန္တရ ပြည့်စုံစေရန်လည်း စေတနာအပြည့်အဝဖြင့် ဆက်သွယ်ပြီး (၁၈)ရက်ခရီးစဉ် ကျပ် (၁၀. ၅)သိန်း စရိတ်ငြိမ်း စီစဉ်ပေးပါသည်။

ဘုရားဖူးခရီးစဉ်မှာ လေယာဉ်ဖြင့် ကိုးလ်ကတ္တား (ကလကတ္တား)၊ ထိုမှတစ်ဆင့် မော်တော်ကားဖြင့် ဗုဒ္ဓဂယာ၊ ဗာရာဏသီ

(မိဂဒါဝုန်)၊ သင်္ကဿနဂိုရ်၊ နယူးဒေလီ၊ သာဝတ္ထိ၊ လုမ္ဗိနီ(နီပေါ)၊ ကုသိနာရုံ၊ ဝေသာလီ၊ ပတ္တနား၊ ရာဇဂြိုဟ်တို့ ဖြစ်ပါသည်။ ရာဇဂြိုဟ်မှ ကိုးလ်ကတ္တားသို့ပြန်လာပြီး ကိုးလ်ကတ္တားမှ လေယာဉ်ဖြင့် ရန်ကုန်လေဆိပ်သို့ ပြန်လည်ပို့ဆောင်ပေးမည် ဖြစ်ပါသည်။

ကုမ္ပဏီမှလည်း ဘုရားဖူးသူတော်စင်များအတွက် ခရီးဆောင်အိတ်ကြီးတစ်လုံး၊ အိတ်သေး (၂) လုံး၊ ယောဂီတဘက်၊ ရင်ထိုး၊ နီလာတံဆိပ်ပါလည်ဆွဲ၊ ဦးထုပ်၊ ဘုရားဖူးလမ်းညွှန်၊ ဘုရားရှိခိုးစာအုပ်များ ပေးပါသည်။ ကျွန်မတို့ ဘုရားဖူးသွားမည့် အချိန်တွင် ငွေကြေးအနေဖြင့် အိန္ဒိယငွေ၊ တစ်ရူပီမှာ မြန်မာငွေ (၂၅) ကျပ်၊ (၁)ဒေါ်လာမှာ (၄၁) ရူပီ ဖြစ်ပါသည်။ ဗုဒ္ဓဂယာ၊ ကိုးလ်ကတ္တားရောက်မှ လဲလှယ်လည်း ရပါသည်။ ဘုရားဖူးရာတွင် လှူဒါန်းနိုင်ရန် ရွှေသင်္ကန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် အခြားလှူဖွယ်ပစ္စည်းအမျိုးမျိုး ဆေးများ စုံလင်စွာ ယူဆောင်သွားပါသည်။

**မဇ္ဈိမဒေသ၊ ခရီးအစ**

၁၆-၃-၂၀၁၀ (သောကြာနေ့) မြန်မာစံတော်ချိန်၊ ညနေ ၄ နာရီတွင် နိုင်ငံတကာအဆင့်၊ အိန္ဒိယလေယာဉ်ကြီးဖြင့် ရန်ကုန်လေဆိပ်မှ ကိုးလ်ကတ္တားသို့ စတင်ထွက်ခွာခဲ့ပါသည်။ လေဆိပ်မှ မထွက်ခွာမီ ဘုရားဖူးအဖွဲ့ဝင် (၃၄) ဦးဖြစ်သော်လည်း နိုင်ငံဝန်ထမ်း အမျိုးသမီးတစ်ဦးသည် စာရွက်စာတမ်း မပြည့်စုံမှုကြောင့် ရန်ကုန်လေဆိပ်မှာပင် ကျန်ခဲ့ပါသည်။ ဘုရားဖူး အချင်း

ချင်း ကိုယ်ချင်းစာ ခံစားမိ၍ စာရေးသူ စိတ်မကောင်း ဖြစ်မိပါသည်။

လေယာဉ်ကြီး ပြေးလမ်းတစ်လျှောက် ပြေးနေစဉ် ကျွန်မသည် မြတ်ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရည်မှန်း၍ ဘုရားရှိခိုး၊ အမျှဝေ ဆုတောင်းမိပါသည်။ မိမိအသက် (၆၀)ပြည့်ရန် ရက်ပိုင်းအလိုထိ လေယာဉ်ပျံ မစီးဖူးခဲ့၊ စီးရန်လည်း အကြောင်းမရှိခဲ့ပေ။ ယခုမှ လေယာဉ်ပျံစီး၍ မဇ္ဈိမဒေသသို့ ဦးတည်ခရီးနှင်နေပြီး ဖွား၊ ပွင့်၊ ဟော၊ စံ မြတ်နိဗ္ဗာန်သို့ ရောက်ပါစေကြောင်း ဆုခြွေတောင်းရန်၊ မဇ္ဈိမဒေသဗုဒ္ဓဂယာသို့ ရောက်နိုင်တော့မည်ဟု သိနားလည် ခံစားရသော တစ်ခဏ ဝမ်းသာကြည်နူးမှုအဝဝဖြင့် ကျေးဇူးရှင်များအား မေတ္တာပို့ အမျှဝေ သာဓုခေါ်မိပါသည်။

လေယာဉ်ပျံသန်းနေစဉ် ကျွန်မ၏ အတွေးများသည်လည်း ပျံ့လွင့်နေပါသည်။ ''ဆရာမကြီးရေ၊ ဘုရားဖူးခရီးစဉ်ဆိုတာ ဘာသာ၊ သာသနာအပေါ်မှာ ယုံကြည်သက်ဝင် ဖူးမြော်ချင်ဦးမှ ဖူးမြော်ချင်လည်း ငွေကြေး၊ ကျန်းမာရေး၊ နိုင်ငံ ရေး၊ လူမှုရေး အစစ အဆင်ပြေနေမှ အဓိကကျတဲ့ ငွေကြေး မပြည့်စုံလို့ ကိုယ့်ကို သူတစ်ပါးက ပို့ပေးလည်း စေတနာ၊ သဒ္ဓါရှိဦးမှ '' လို့ ဒေါ်နန်းလိတ် ပြောခဲ့တဲ့ စကားလေးတွေကို ပြန်လည်ကြားယောင်လာမိပါသည်။

လေယာဉ်ကြီး ကောင်းကင်ယံတိမ်လွှာကြား ပြေးနေစဉ် ကျွန်မ၏ အတွေးများလည်း (၂၀၀၈–၂၀၀၉) ပညာသင်နှစ်၊ အ–

လ–က (၃) လှိုင်တွင် အလယ်တန်းကျောင်းအုပ်အဖြစ် အမှုထမ်းစဉ် ကာလတစ်ခုသို့ ရောက်ရှိသွားပါသည်။ အလယ်တန်းကျောင်းအုပ်အဖြစ် ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဆောင်ရွက်ခဲ့စဉ်တွင် ကျောင်းအကျိုးတော်ဆောင် ဦးတင်လှ၏ မိဆက်ပေးမှုကြောင့် ဦးဝေစိုး+ဒေါ်နန်းလိတ် မိသားစုနှင့် ခင်မင်ရင်းနှီးခဲ့ရပါသည်။

ဦးဝေစိုး မိသားစုမှလည်း မူလတန်းဆောင်ပြုပြင်မှု၊ ကျောင်းခြံစည်းရိုး၊ သောက်ရေသန့်ရေကန် တည်ဆောက်မှုအဝဝကို လိုလေသေးမရှိ ကူညီပံ့ပိုးခဲ့ပါသည်။ ဤကဲ့သို့ ခင်မင်ရင်းနှီးခဲ့ရာ ဦးဝေစိုး+ဒေါ်နန်းလိတ်၏ သားကြီး မောင်ထက်ထူးနိုင်ကို ဒသမတန်း၊ ရူပဗေဒဘာသာ ကူညီ သင်ပေးရန် အခွင့်အခါ ကြုံလာခဲ့ပါသည်။

တစ်နေ့ စာသင်ရင်း ဒေါ်နန်းလိတ် နှင့် စကားစပ်မိရာက ''ဆရာမကြီးရေ၊ ကျွန်မယောက္ခမများ ဗုဒ္ဓဂယာဘုရားဖူး သွားကြတယ်။ ကျွန်မတို့လည်း ဖူးချင်တာ၊ အလုပ်များနေလို့ မလိုက်နိုင်ဘူး။ မသီသီအေးကို အဖော်ထည့်လိုက်ရတယ်'' ဟု ပြောပါသည်။

ထိုအချိန်မှာ ကျွန်မကလည်း ''ဒေါ်နန်းလိတ်ရေ၊ အဲဒီကုသိုလ်မျိုး ကျွန်မလိုချင်လိုက်တာ။ လူကြီးတွေကိုလည်း စောင့်ရှောက်၊ ကိုယ်လည်း ဘုရားဖူးရ၊ ဘယ်လောက်ကောင်းလဲ'' ဟု ပြောမိပါသည်။ ဒေါ်နန်းလိတ်က ''ဘာဖြစ်လို့လဲ၊ ဆရာမ

ကြီးတို့လည်း သွားပါလား''ဟု ပြောသည့်အခါ ကျွန်မက–

''ဒေါ်နန်းလိတ်ရယ် တပည့်မရှား၊ တစ်ပြားမရှိ ပိတိကိုစား အားရှိနေတဲ့ ကျွန်မတို့ဘဝမှာ သိန်းနဲ့ချီပြီး ဘုရားဖူး မသွားနိုင်ပါဘူး'' ဟု ပြောမိပါသည်။

အဲဒီအခါမှာ ဒေါ်နန်းလိတ်က ''ဒါဆိုရင် ကျွန်မ ဆရာမကြီးကို ဘုရားဖူးပို့ပေးမယ်'' ဟု ပြောပါသည်။

ကျွန်မအနေနှင့်ကလည်း စကားစပ်မိလို့သာ ပြောကြတာ ဖြစ်ချင်မှလည်း ဖြစ်လာမှာပါလေလို့ တွေးပြီး ကြိုတင်ကျေးဇူးတင်မိပေမယ့် မထင်ထားခဲ့ပါပေ။

၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့ ပညာရေးဌာနမှ အငြိမ်းစားယူပြီး မြောက်ဥက္ကလာပ အိမ်လေးမှာ ပြန်နေသည့်အခါ ဒေါ်နန်းလိတ်မှ ဗုဒ္ဓဂယာဘုရားဖူးကိစ္စ ဖုန်းဆက်လာပါသည်။ စာရေးသူနှင့် စာရေးသူ၏အမျိုးသား ဆရာကြီးဦးမောင်သစ် နှစ်ဦးစလုံးကို ဗုဒ္ဓဂယာဘုရားဖူး ပို့ပေးမည့် သတင်းကောင်း ဖြစ်ပါသည်။ ဒေါ်နန်းမြင့်၊ ဒေါ်နန်းလိတ်တို့ ညီအစ်မနှစ်ဦး၏ ကောင်းမှုကြောင့် ကျွန်မတို့ ဇနီးမောင်နှံ နှစ်ဦး ကံထူးသူတွေ ဖြစ်ခဲ့ကြပါသည်။

ယခုဆိုလျှင် ဗုဒ္ဓဂယာဘုရားဖူးရန် လေယာဉ်ပေါ်ကိုပင် ရောက်နေပါပြီလားဟု အတွေးစဖြတ်ပြီး လေယာဉ်ပြတင်းပေါက်မှန်မှ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ ပေတစ်သောင်းကျော် အမြင့်သို့ ရောက်နေပြီး တိမ်တွေပေါ်တွင် လေယာဉ်ကြီးက ပျံသန်း၍ ဘုရားဖူးရတော့မည်။ ဘုရားပွင့်ရာဒေသသို့ ရောက်ရှိတော့မည်ဆိုသည့် အတွေးနှင့် ကြည်နူးမဆုံး ဖြစ်ခဲ့ရပါသည်။ မကြာ

ခင်မှာပင် အိန္ဒိယလေယာဉ်မယ်ကလေးများက အအေးနှင့် ပဲကြော်ထုပ်များ လာချပေးပါသည်။ ထပ်မံ၍လည်း ကော်ဖီ၊ ကြက်သားနှင့်မုန့်၊ မလိုင်လုံး၊ ရေသန့်ဗူးများ လာချပေး၍ အားပါးတရ စားသောက်လိုက်ပါသည်။

ရန်ကုန်မှ ကလကတ္တားသို့ လေယာဉ်ပျံသန်းချိန်မှာ ၁ နာရီ ၅၀ မိနစ်တိတိ ကြာပါသည်။ "မကြာခင် ကာလကတ္တားလေဆိပ်သို့ ဆိုက်ရောက်တော့မှာမို့ ခါးပတ်များ ပတ်ထားကြပါရှင်" လို့ လေယာဉ်မယ်လေးများမှ သတိပေးသဖြင့် ခါးပတ်ကိုပတ်၊ လေယာဉ်ပြတင်းပေါက်မှ လှမ်းကြည့်လိုက်မိပါသည်။ ခေါင်းတိုင်တော်တော်များများ နေရာ အနှံ့အပြား တွေ့ရ၍ မေးကြည့်သည့်အခါ အုတ်ဖုတ်သည့်စက်များဖြစ်ကြောင်း သိရပါသည်။

အိန္ဒိယစံတော်ချိန် ၅ နာရီထိုးရန် ၁၀ မိနစ်အလိုတွင် ကလကတ္တားလေဆိပ်သို့ ဆိုက်ရောက်ပါသည်။ (အိန္ဒိယစံတော်ချိန်သည် မြန်မာစံတော်ချိန်ထက် ၁ နာရီ နောက်ကျပါသည်)

ကလကတ္တားလေဆိပ်တွင် ဘုရားဖူးတာဝန်ခံ ဒေါ်မာယာနှင့် မရွှေမာဝင်း (Guide) တို့မှ အဆင်သင့် ကြိုဆိုပြီး လေဆိပ်စစ်ဆေးမှုများကို ကူညီဆောင်ရွက်ပေးပါသည်။ အားလုံးပြီးစီးသောအခါ လေဆိပ်အပြင်ဘက်တွင် လာကြိုမည့်ကားကို ခေတ္တစောင့်ဆိုင်းနေကြပါသည်။ ထိုအချိန်ကလေးတွင် ရယ်စရာကောင်းသော ဖြစ်ရပ်ကလေးတစ်ခု ဖြစ်ခဲ့ပါသည်။

ကျွန်မတို့ နီလာဘုရားဖူးအဖွဲ့ဆီသို့ တစ်ခါသုံး လက်ဖက်ရည် ခွက်သေးသေးလေးများကို အိန္ဒိယအမျိုးသားတစ်ယောက်မှ

လာရောက် ဝေပေးပါသည်။ ကျွန်မတို့လည်း အားရဝမ်းသာ တစ်ခွက်စီယူပြီး သောက်မည့်ဆဲဆဲ Guide မှ အပြေးလေးရောက်လာပြီး "အန်ကယ်တို့ အန်တီတို့ အဲဒါ ရောင်းတာနော်။ တစ်ခွက်ကို ၅ ရူပီ (မြန်မာ ငွေ ၁၂၅ ကျပ်)"ဟု ပြောပါသည်။ ဘုရားဖူးတစ်ဦးက "တို့ကို မင်းတို့အဖွဲ့က တိုက်တာမဟုတ်လား"ဟု မေးရာ "မဟုတ်ပါဘူး"လို့ ပြောတော့မှ ရုက်ရုက်နဲ့ ခွက်ကလေးတွေ ဗန်းပေါ် ပြန်တင်ပေးလိုက်ရပါသည်။ မစူးစမ်း၊ မဆင်ခြင်မှုရဲ့ အကျိုးရလဒ်အဖြစ် အမှတ်တရ ဖြစ်နေမိပါသည်။ ကလကတ္တား လေဆိပ်မှ အိန္ဒိယစံတော်ချိန် ည ၆ နာရီတွင် India Aircon Bus ကားအဖြူကြီးဖြင့် ဘုရားဖူးခရီးသည် (၃၃)ယောက်ကို တင်ဆောင်ပြီး ကီလို ၅၀၀(၃၁၀)မိုင်ဝေးသော ဗုဒ္ဓဂယာသို့ ခရီးဆက်ခဲ့ပါသည်။

ခရီးစဉ်လျှောက်ချင်း မရွှေမာဝင်း(Guide)က "နိုလာ ဘုရားဖူးသူတော်စင်များရှင်၊ ကျွန်မတို့ ကလကတ္တားမှ ဗုဒ္ဓဂယာသို့ ခရီးစဉ်စတင်ထွက်ခွာနေပြီ ဖြစ်ပါတယ်ရှင်။ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ပူဇော်ကန်တော့ခြင်းနှင့် လမ်းခရီးတွင် အန္တရာယ်ကင်း၊ ဘေးရှင်းစေရန် ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှ ပေးဝေမည်ဖြစ်ပါသည်ရှင့်" ဟု အစပျိုး၍–

နမောတဿသုံးကြိမ် ရွတ်ဆိုခြင်း၊ သရဏဂုံ (၃)ပါး၊ ဂုဏ်တော်ကိုးပါး၊ ၂၄–ပစ္စည်း၊ မေတ္တာသုတ်၊ အရပ် (၁၀) မျက်နှာ မေတ္တာပို့ခြင်းအပြင် ကြောက်တတ်၊ မကြောက်တတ်၊ နှစ်ရပ် များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ် စိတ် မြဲပါစေ၊

ဘေးရန်ခပ်သိမ်း၊ ကင်းကွာငြိမ်း၊ အေးချမ်းကြပါစေ၊ မြင်အပ်၊ မမြင်အပ်၊ နှစ်ရပ်များစွာသတ္တဝါ၊ ဝေးနေ၊ နီးနေ၊ နှစ်ထွေများစွာ သတ္တဝါ၊ ဘဝဇာတ်ဆုံး၊ မဆုံးများစွာသတ္တဝါ၊ ရှည်တို အလတ်၊ သုံးရပ်ခန္ဓာများ သတ္တဝါ၊ ကြီးငယ်အလတ်၊ သုံးရပ်ခန္ဓာများသတ္တဝါ၊ ဆူကြုံအလတ်၊ သုံးရပ်ခန္ဓာ၊ များသတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊ ဉပါဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ၊ လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။ အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ။

သာဓု၊ သာဓု၊ သာဓု–

ဟု သံပြိုင်ရွတ်ဆို ရှိခိုးပူဇော် ကန်တော့အမျှ ပေးဝေ သာဓုခေါ်ဆိုကြပါသည်။

Guide မှလည်း ''ဘုရားဖူး သူတော်စင်များ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေရှင်'' ဟု မေတ္တာပို့သမှုကိုလည်း ခံယူရသဖြင့် ရင်တွေအေးမြ ကြည်နူးလှ၍ ပေးသည့်ဆုနှင့် ပြည့်ပါစေဟု တောင်းဆုဝေမိပါသည်။

ကားမောင်းနေစဉ်တစ်လျှောက် Guide မှ အိန္ဒိယနှင့် ပတ်သက်သော သိသင့်သိထိုက်သည့် ဒေသန္တရ၊ ဘာသန္တရများကို ပြောပြပါသည်။ အိန္ဒိယပြည်သည် ယခုဆိုလျှင် လူဦးရေ သန်း ၁၀၀၀ ကျော်ရှိပြီး ဒီမိုကရေစီနိုင်ငံဖြစ်ကြောင်း ကလကတ္တားသည် ယခင်က အိန္ဒိယပြည်၏ မြို့တော်ဟောင်း ဖြစ်ပြီး ယခုအခါတွင် အိန္ဒိယပြည်၏ မြို့တော်မှာ နယူးဒေလီ ဖြစ်ကြောင်း ရှင်းပြပါသည်။

ဆက်လက်၍ ယခုခရီးဆက်နေသော နေရာဒေသသည် သစ္စာနယ်မြေဖြစ်ကြောင်း၊ ဘုရားဖူးသူတော်စင်များအနေဖြင့် ယုံကြည်မှုအပြည့်ဖြင့် ဆုတောင်းဆုယူ ပြုလုပ်သင့်ကြောင်း၊ ခရီးသွားလာရာတွင် သည်းခံစိတ်ထားရှိကြရန်၊ ဘုရားနှင့် အမှန်တကယ် တွေ့သည်ဟု မှတ်ယူနိုင်ရန်၊ မကောင်းမှု ရှောင်၊ ကောင်းမှု ဆောင်၊ ဖြူအောင်စိတ်ကိုထားဆိုသည် ဆောင်ပုဒ်အတိုင်း လိုက်နာ ကျင့်ကြံကြရန်၊ မိမိ ဖြစ်ချင်တာထက် ဖြစ်သင့်သည်ကို ဦးစားပေးရန် မေတ္တာရပ်ခံ ပြောကြားပါသည်။

ဗုဒ္ဓဂယာသည် ဂင်္ဂါမြစ်၊ အစိရဝတီမြစ်၊ ယမုံနာမြစ်တို့ ပေါင်းဆုံရာ ဒေသဖြစ်ကြောင်း၊ ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူမည့် ဘုရားငါးဆူ ပွင့်ထွန်းပေါ်သည့် နေရာတော်မြတ်ဖြစ်ကြောင်း ကုသိုလ်ထူး၍သာ လာရောက်ဖူးမြော်နိုင်ခြင်းဖြစ်ကြောင်း ပြောကြားပါသည်။

ခရီးအတန်ငယ် ဆက်မိသောအခါ မရွှေမာဝင်း (Guide) မှ ယခုခရီးစဉ်တစ်လျှောက်လုံးတွင် ဘုရားဖူးသူတော်စင်များ "က"ကြီး (၄)လုံးနှင့် အမြဲတွေ့ရမှာဖြစ်ကြောင်း ပြောပါသည်။ ပထမ"က"ကြီးကတော့ ကားကြီးပဲစီးနေရမှာ ဖြစ်ပါတယ်။ ဒုတိယ "က"ကြီးကတော့ ကုလားတွေပဲ တွေ့ရပါမယ်။ တတိယ "က" ကြီးကတော့ ကြက်သားအမြဲစားရမှာ ဖြစ်ပါတယ်။ စတုတ္ထ "က" ကြီးကတော့ အိန္ဒိယပြည်ရဲ့ ကျန်းမာရေး သူတို့အခေါ် မိုင်းဗုံး (မစင်) ပဲဖြစ်ပါသည်။ မိမိရဲ့ကျန်းမာရေးသွားရင်း သူတို့ရဲ့ ကျန်းမာရေး(သို့) မစင်ကို ရှောင်တိမ်းကြပါ" လို့ ပြောသည့်အခါ ဘုရားဖူး

များနှင့် Guide ပါ တသောသော ရယ်မောမိကြပါသည်။

ကျွန်မက ''ဒီလောက် တိုးတက်နေတဲ့ ခေတ်ကြီးမှာ လမ်းဘေး မစင်စွန့်စရာလား၊ ဥပဒေနဲ့ တားမြစ်မှု မရှိဘူးလား'' လို့ မေးတော့ Guide မှ ပါးစပ်ရာဇဝင်အနေနှင့် အိန္ဒိယပြည်၊ အင်္ဂလိပ်နယ်ချဲ့လက်အောက် ကျရောက်ခဲ့စဉ်က အိန္ဒိယခေါင်းဆောင်တစ်ဦးမှ အိန္ဒိယပြည်သူတို့ကို အင်္ဂလိပ်လူမျိုးများသည် မည်သည့်စိတ်ဓာတ်၊ မည်သည့် အမူအကျင့်ရှိသနည်းဟု မေးမြန်းရာ ပြည်သူများမှ အင်္ဂလိပ်လူမျိုးများသည် စည်းကမ်းကြီးကြောင်း၊ သန့်ရှင်း သပ်ယပ်စွာ ဝတ်စားနေထိုင်တတ်ကြောင်း ဖြေကြားပါသည်။ ထိုအခါ ခေါင်းဆောင်ကြီးက ''ဒါဖြင့် တို့တတွေဟာ သူတို့ကို တော်လှန်ချင်ရင် သူတို့နဲ့ ဆန့်ကျင်ဘက် ညစ်ပတ်ရမယ်။ လမ်းဘေးမှာ အညစ်အကြေးစွန့်မယ်။ ဒါမှ သူတို့ပြေးမှာ၊ ကျန်းမာရေးနဲ့ အင်္ဂလိပ်နယ်ချဲ့တွေကို တိုက်ပွဲဝင်ကြ'' ဟု ပြောခဲ့သည်။

''ဒါကြောင့် ယခုအချိန်ထိ ဒီအကျင့်အတိုင်း ဖြစ်နေတာ ထင်တယ်'' ဟု Guide မှ ပြောပြပါသည်။

ကျွန်မအနေဖြင့် ပါးစပ်ရာဇဝင်အရ ကြားသိခဲ့ရသော်လည်း ပြည်သူတို့၏ ကျန်းမာရေးအသိ အားနည်းမှုကြောင့်သာ ယခုလို ကြုံတွေ့နေရခြင်း ဖြစ်သည်။ လူတိုင်း ကျန်းမာရေးအသိ ရှိသင့်သည်။ လေ့လာလိုက်နာသင့်သည်ဟု တွေးမိပါသည်။ အတွေးနှင့် တစ်ဆက်တည်းမှာပင် ကျွန်မငယ်စဉ်က ကြားခဲ့ဖူးသည့် ရေဒီယို သီချင်းကလေးတစ်ပုဒ် နားထဲတွင် ပြန်လည်ကြားယောင်၍ လာပါသည်။

"တစ်ကိုယ်ရည် သန့်ရှင်းရမည်။ နေအိမ် သန့်ရှင်းရမည်။ တစ်ဦးချင်း သန့်ပါမှ၊ တစ်အိမ်လုံး သန့်ရှင်းမည်။ တစ်အိမ်လုံးလည်း သန့်မှသာ၊ တရွာလုံးလည်း သန့်မှသာ တစ်မြို့လုံး သန့်ရှင်းမည်။ တို့အားလုံး ညီနောင်စုကား ပြည်ထောင်စုကြံ့ခိုင်မည်။ အဲဒါမှ မူသစ်တည်၍ ပြည်သစ်ဆောက်နိုင်မည်" လူသား အားလုံး၏ ကျန်းမာရေးနှင့်ဆိုင်သည့် ပညာပေး သီချင်းကလေး ဖြစ်၍ သီချင်းစာသားလေးထဲကအတိုင်း လူသားအားလုံး ကမ္ဘာသူ၊ ကမ္ဘာသား အားလုံး ကျန်းမာကြံ့ခိုင်ကြပါစေဟု ဆုတောင်းမိပါသည်။

ကျွန်မ အတွေးရေယာဉ်ကြော မျောနေစဉ် ကားရပ်နား၍ ဘုရားဖူးများ လှုပ်လှုပ်ရှားရှားဖြစ်မှ သတိပြန်ဝင်လာပြီး ကား အပြင်ဘက်ကို မှန်ပြတင်းမှ လှမ်းကြည့်လိုက်သည့်အခါ ဂူရပ်မြို့ ဟိန္ဒူစတန်နီဟိုတယ်ရှေ့ ရောက်နေကြောင်း တွေ့လိုက်ရပါသည်။ အိန္ဒိယစံတော်ချိန် ည ၇ နာရီခွဲဖြစ်၍ အဖွဲ့မှ ချက်ပြုတ်လာသော ကြက်သားကြော်၊ ဒန့်ဒလွန်သီးချဉ်ရည်၊ ပဲသီးကြော်၊ ခရမ်းချဉ်သီးချက်များနှင့် မြိန်ယှက်စွာ စားသောက်ကြပါသည်။ ဟိုတယ်မှ နွားနို့စစ်စစ်ဖြင့် ဖျော်ထားသော လက်ဖက်ရည်ပူပူလည်း သောက်ကြပါသည်။

## မြတ်ဗုဒ္ဓပွင့်တော်မူရာ မြေမြတ်မဟာ ဗုဒ္ဓဂယာ

ကားဖြင့် ဆက်လက်ထွက်ခွာလာရာ ၂၇–၃–၂၀၁၀ (စနေနေ့) အိန္ဒိယစံတော်ချိန် နံနက် ၃ နာရီတွင် ဗုဒ္ဓဂယာ မဟာဗောဓိဓမ္မရိပ်သာသို့ ချောမောစွာ ရောက်ရှိခဲ့ပါသည်။

ဗုဒ္ဓဂယာမြေမှရိပ်သာသည် ရခိုင်ဘုရားပုထိုး စေတီပုံဖြင့် တည်ဆောက်ထားသည့် မြန်မာဘုန်းတော်ကြီးကျောင်း တစ်ကျောင်း ဖြစ်ပါသည်။ Guide မှ အမျိုးသား၊ အမျိုးသမီးခွဲ၍ လေးယောက်တစ်ခန်း စီစဉ်ပေးပါသည်။ မိသားစုဖြစ်လျှင် သီးသန့် စီစဉ်ပေးပါသည်။။ နံနက်စာကို ၆ နာရီခွဲတွင် သီးစုံထမင်းကြော်၊ လက်ဖက်ရည်၊ မုန့်တို့ဖြင့် ကျွေးမွေးပါသည်။

ဗုဒ္ဓဂယာသည် အိန္ဒိယနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးရှိ ဗုဒ္ဓဘာသာဝင်များအတွက် အမွန်မြတ်ဆုံးနေရာဌာနတစ်ခုဖြစ်၍ ဘဒ္ဒကမ္ဘာတွင် မြတ်စွာဘုရားရှင်တိုင်း ပွင့်တော်မူသော နေရာတော်မြတ်လည်း ဖြစ်ပါသည်။ ဂယာမြို့နှင့် နီးကပ်စွာ တည်ရှိသဖြင့် ဗုဒ္ဓဂယာဟု ခေါ်ဆိုကြောင်း မှတ်သားခဲ့ရပါသည်။

ဗုဒ္ဓဂယာတွင် အသောကမင်းကြီး တည်ဆောက်ခဲ့သည့် မဟာဗောဓိဝိဟာရ (စေတီ) တည်ရှိ၍ မြန်မာ၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ သီရိလင်္ကာ၊ တိဘက်၊ ကိုရီးယားအပါအဝင် ကမ္ဘာတဝှမ်းမှ ဘုရားဖူး အများအပြား လာရောက်ဖူးမြော်ကြပါသည်။ ဘုရားဖူးများသည် မိမိတို့၏ ဘာသာဓလေ့ ထုံးစံအတိုင်း ဘုရားရှိခိုးခြင်း၊ ဝတ်ပြုခြင်း၊ ရွတ်ဆိုခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း တို့ဖြင့် လွှန်စွာမှပင် ကုသိုလ်တရား ပွားများနေကြသည်ကို ကြည်နူး ဖွယ်တွေ့ရှိခဲ့ရပါသည်။

ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်နှင့် ကျောက်လှင်သည် ဒုတိယ သံဝေဇနီယဌာန၊ ပထမ အဝိဇဟိတဌာနတစ်ခု ဖြစ်ပါသည်။ ကျွန်မတို့ နီလာဘုရားဖူးအဖွဲ့သည် ယောဂီဝတ်စုံများ တူညီစွာ

ဝတ်ဆင်၍ အဖွဲ့မှ စီစဉ်ပေးသော ကြာသကင်္ကန်းကို လက်နှစ်ဖက်ဖြင့် ရိုသေစွာ ကိုင်ဆောင်ကာ ဗောဓိပင်နှင့် မဟာဗောဓိစေတီကို လက်ယာရစ် လှည့်၍ ၂၄–ပစ္စည်းဖြင့် ရွတ်ဆိုပူဇော်ကြပါသည်။ ရွှေသင်္ကန်းကပ်ခြင်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် ထွန်းညှိပူဇော်ခြင်းများလည်း ပြုလုပ်ကြပါသည်။ ဘုရားရိပ်၊ တရားရိပ်ဖြင့် လွန်စွာမှာပင် စိတ်နှလုံး အေးချမ်းသာယာလှပါသည်။ ကျွန်မတို့ ဘုရားဖူးအဖွဲ့မှ မိသားစုတစ်စုကလည်း ဘုန်းကြီး၊ သီလရှင်၊ ကိုရင်ဝတ်၍ ကုသိုလ်ယူကြပါသည်။ ဓါတ်ပုံမှတ်တမ်းရိုက်ခြင်း၊ ဗီဒီယိုမှတ်တမ်းတင်ခြင်းများလည်း ပြုလုပ်ခဲ့ကြပါသည်။

ထို့နောက် မဟာဗောဓိဓမ္မရိပ်သာမှ ဆရာတော်ဦးခေမာစာရသည် ဗုဒ္ဓဂယာနှင့် ပတ်သက်၍ရှင်းလင်းဟောကြားပေးပါသည်။ ဂေါတမမြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဗုဒ္ဓဂယာရှိ ဉရုဝေလတောင်တွင် လူသာမန်တို့ ကျင့်နိုင်ခဲ့သော ခက်ခဲသောအကျင့် (ဒုက္ကရစရိယာ)ကို ကျင့်ကြံအားထုတ်ခဲ့သည်။ ကောဏ္ဍည၊ မဟာနာမ်၊ ဝပ္ပ၊ ဘဒ္ဒိယ၊ အဿဇိ ပဉ္စဝဂ္ဂီငါးဦးတို့မှလည်း အလုပ်အကျွေးပြုခဲ့ကြသည်။ သို့သော် ပြင်းထန်သော ဒုက္ကရစရိယ အကျင့်ကြောင့် ဘုရားအလောင်းတော်ကြီး၏ ခန္ဓာကိုယ်သည် တစ်နေ့တခြား ပိန်ချုံးလာလေသည်။

ထိုအခါ ဘုရားအလောင်းတော်သည် တရားတွေ့အောင် ကျင့်ကြံအားထုတ်ရာတွင် မလျော့မတင်း စောင်းကြိုးညှင်းကဲ့သို့ အားထုတ်မှသာလျှင် တရားတွေ့မည်ဟု ဆုံးဖြတ်တော်မူကာ

အစွန်းတရားနှစ်ပါးကို ရှောင်၍ မဇ္ဈိမပဋိပဒါ အလယ်အလတ် လမ်းစဉ်ဖြင့် ကျင့်ကြံအားထုတ်တော်မူသည်။

ထို့နောက် သုဇာတာရွာ (နေရဥ္ဇရာမြစ်)၏ ညာဖက်ကမ်း ခြေ ပညောင်ပင်အောက်တွင် တရားအားထုတ်စဉ် သုဇာတာ သူဌေးသမီး ရွှေခွက်ဖြင့် ဆက်ကပ်လှူဒါန်းသည့် နို့ဆွမ်းထမင်း ကို ၄၉-လုတ် ဆွမ်းဘုဉ်းပေးတော်မူသည်။ ဆွမ်းဘုဉ်းပေးပြီး လျှင် ဘုရားဖြစ်မည်မှန်က ရေဆန်တက်စေသားဟု အဓိဋ္ဌာန် ဖြင့် နေရဥ္ဇရာမြစ်တွင် ရွှေခွက်ကို မျှောရာ ရေကို ဆန်၍တက် လေသည်။

ထိုအခါ ဘုရားရှင်သည် နေရဥ္ဇရာမြစ်၏ တစ်ဘက်ကမ်း သို့ကူးတော်မူ၍ မြစ်ကမ်းနားရှိ ညောင်ပင်အောက်တွင် သောတ္ထိယ မြက်ထမ်းသမား လှူသော မြက်ရှစ်ဆုပ်ကို ထိုင်ခင်း အဖြစ်ခင်းကာ သဗ္ဗညုတဉာဏ် မရမချင်းမထတော့ဟု အခိုင်အမာ စိတ်ပိုင်း ဖြတ်၍ တရားကျင့်ကြံ အားထုတ်တော်မူပါသည်။ ၎င်းထိုင်ခင်း နေရာကို ယခုအခါ ကျောက်တို့ဖြင့် လှပတင့်တယ်စွာ စီချယ်ထား သည်ကို တွေ့ရှိခဲ့ရပါသည်။ ၎င်းထိုင်ခင်းသည် မဟာဗောဓိစေတီ နှင့် ဗောဓိညောင်ပင်ကြား တည်ရှိပါသည်။ ထိုညောင်ပင် အောက် ၌ ကဆုန်လပြည့်နေ့ အခါသမယ၌ ညဦးယံတွင် ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်၊ သန်းခေါင်ခံတွင် ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံတွင် အာသဝက္ခယဉာဏ်ကို ရရှိတော်မူပါသည်။

ထိုသို့ ဘုရားပွင့်တော်မူခဲ့ပုံကို လယ်တီဆရာတော်ဘုရားကြီး က "တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍ ခါတော်တစ်ဖုံ၊ ပွင့်ချိန်

ကြုံကာ၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြီးကြည်ဖြူ၊ နေတော်မူလျှက်၊ ရန်မြူခပင်း၊ အမှိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်ကာ၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့ ငြိမ်းပါကို'' ဟူ၍ စပ်ဆိုတော်မူခဲ့ပါသည်။

ထိုညောင်ပင်သည်လည်း မြတ်စွာဘုရားကိုယ်စား ကိုးကွယ်ရာဟူ၍ ဗောဓိပင်အဖြစ် အများကိုးကွယ်ကြည်ညိုခဲ့ကြသည်။ ဗုဒ္ဓသည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်အနီး ခုနစ်နေရာ (သတ္တသတ္တာဟ) ရွှေ့ပြောင်းကာ တစ်ပတ်စီ သီတင်းသုံးတော်မူခဲ့ပါသည်။

**ပထမသတ္တာဟ (ပလ္လင်္ကသတ္တာဟ)** – ဗုဒ္ဓသည် မဟာဗောဓိပင်အောက်၌ ''၇''ရက်တိုင်တိုင် ဝိမုတ္တိတရား၌ မွေ့လျော်ခဲ့သည်။
**ဒုတိယသတ္တာဟ (အနိမိသသတ္တာဟ)** – အနိမိသကုန်းတော်မှနေ၍ မမှိတ်မသုန်သော မျက်စိတော်ဖြင့် ''၇''ရက်တိုင်တိုင် ဗောဓိပင်ကို ကြည့်တော်မူ၏။
**တတိယသတ္တာဟ (ရတနစင်္ကမသတ္တာဟ)** – အနိမေဿကျောင်းတော်နှင့် ထိုင်ခင်းတို့အကြား ''၇''ရက်တိုင်တိုင် စင်္ကြံ လျှောက်၍ တရားဘာဝနာ ပွားများနေခဲ့သည်။
**စတုတ္ထသတ္တာဟ (ရတနာဃရသတ္တာဟ)** – ရတနာဃရစေတီအနောက်ဖက်အရပ်၌ ထိုင်၍ ''၇''ရက်တိုင်တိုင် အဘိဓမ္မာ (၇)

ကျွမ်းကို ဆင်ခြင်တော်မူရာ ပဋ္ဌာန်းကျမ်း ရောက်သည့်အခါ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးတော်မူသည်။

**ပဉ္စမသတ္တာဟ (အဇပါလသတ္တာဟ)** – ဆိတ်ကျောင်းသားများ နေထိုင်ခဲ့သည့် အဇပါလ (ခေါ်) နိဂြောဓပညောင်ပင်အောက်တွင် "၇"ရက်တိုင်တိုင် ဖလသမာပတ် ဝင်စား၍ ထိုင်နေတော်မူသည်။ မာရ်နတ်၏သမီးသုံးယောက်ကို ဆုံးမ အောင်မြင်တော်မူ၍ သဟမ္ပတိဗြဟ္မာကြီးမှ လူနတ်ဗြဟ္မာတို့ကို တရားဟောရန် တောင်းပန်ခဲ့သည့် နေရာတော်မြတ် ဖြစ်သည်။

**ဆဋ္ဌမသတ္တာဟ (မုစလိန္ဒသတ္တာဟ)** – မုစလိန္ဒာရေကန်အနီးရှိ ကျည်းပင်အောက်တွင် "၇"ရက်တိုင်တိုင် ဖလသမာပတ်ဝင်စားစဉ် အခါမဲ့ လေကြီးမိုးကြီး ရွာသွန်းရာ မုစလိန္ဒာနဂါးမင်းက မြတ်စွာဘုရားရှင်ကို လေဒဏ်မိုးဒဏ်မှ ကာကွယ်၍ ကုသိုလ်ယူခဲ့သည်။ ထိုနေရာသည် နဂါးမင်းအား တရားဟောခဲ့သည့် နေရာတော်ဖြစ်သည်။

**သတ္တမသတ္တာဟ (ရာဇာတနသတ္တာဟ)** – ဗောဓိညောင်ပင်၏ တောင်ဘက်တွင်ရှိသော လင်းလွန်းပင် အောက်၌ ထိုင်တော်မူကာ "၇"ရက်တိုင်တိုင် ဝိမုတ္တိချမ်းသာဖြင့်နေတော်မူပါသည်။ ဤနေရာတွင် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ ဆက်ကပ်လှူဒါန်းသော ပျားရည်ဆမ်းသောမုန့်ကို ဘုဉ်းပေး၍ တရားဟောတော်မူရာ ကုန်သည်ညီနောင်နှစ်ဦးသည် ဒွေဝါစိက (ဗုဒ္ဓံ၊ ဓမ္မံ၊) သရဏဂုံ (၂)ပါး တည်နိုင်ခဲ့သည်။

ဆက်လက်၍ ဆရာတော်မှ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်

၃-ကြိမ် ပြုကြောင်း (၁) ဘုရားဖြစ်တော်မူသည်နှင့် ကိလေသာ တို့ကို အကြွင်းမဲ့ ပယ်သတ်နိုင်ပြီဖြစ်၍ ကိလေသာပရိနိဗ္ဗာန် (၂) ကုသိနာရုံတွင် ခန္ဓာကို အပြီးပိုင် စွန့်ပယ်၍ နိဗ္ဗာန်သို့ လှမ်းဝင် သည်ဖြစ်၍ ခန္ဓာပရိနိဗ္ဗာန် (၃) ဂေါတမမြတ်စွာဘုရား၏ ဓါတ် တော်များ စု၍ နိမိတ္တရုပ်ပွားတော် ပေါ်လာကာ ဓါတုပရိနိဗ္ဗာန် ပြုတော်မူမည်ဖြစ်ကြောင်း ရှင်းလင်းဟောကြားတော်မူပါသည်။ ထို့နောက် ဗုဒ္ဓဂယာမဟာဗောဓိစေတီအတွင်းရှိ ဘူမိဖဿဆင်း တုတော်တို့ကိုလည်း ကြည်ညိုစွာ ဖူးမြော်ကန်တော့ခဲ့ကြပါသည်။ ဗုဒ္ဓဂယာတွင် တည်ထားသော **ကမာကူ**ရဂျပန်ဘုရားကြီးတွင် လည်း ဖယောင်းတိုင်၊ အမွှေးတိုင်များဖြင့် ပူဇော်ကန်တော့ခြင်း၊ ကင်မရာဗီဒီယိုဖြင့် မှတ်တမ်းတင် ဓါတ်ပုံရိုက်ခြင်းများ ပြုလုပ် ခဲ့ကြပါသည်။

(၂၈-၃-၂၀၁၀-တနင်္ဂနွေ ) နံနက်ပိုင်းတွင် မုန့်ဟင်းခါး၊ ကျောက်ကျော၊ လက်ဖက်ရည်တို့ဖြင့် မြိန်ယှက်စွာ စားသောက် ပြီး (၇) နာရီတိတိတွင် ဒုက္ကရစရိယတောင်ပေါ်သို့ တက်ရောက် ရန် ကားဖြင့် ထွက်လာခဲ့ကြပါသည်။ တောင်ပေါ်သို့ ခြေလျင် တက်ရောက်ကြပြီး မြတ်စွာဘုရားရှင်အား ရွှေသင်္ကန်းကပ်ခြင်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များဖြင့် ပူဇော်ကန်တော့ခြင်းများ ပြု လုပ်ကြပါသည်။ ဆရာတော်က ဒုက္ကရစရိယတောင်နှင့် ပတ်သက် ၍ ရှင်းလင်းဟောကြားခြင်းများကို မှတ်သားနာယူကာ ဘုရား ရှိခိုး၊ ဆုတောင်း၊ အမျှဝေ၊ မေတ္တာပို့သခဲ့ကြပါသည်။ တောင် ပေါ်တွင် ဒေသခံများ တိုက်ကျွေးသော နွေရာသီဓါတ်စာ ဥသျှစ်

သီး၊ ရေနွေးကြမ်းတို့ကိုလည်း စားသောက်ခဲ့ကြပါသည်။ မှတ်တမ်းတင်ဓါတ်ပုံ၊ ဗီဒီယိုများ ရိုက်ကူး၍ တောင်အောက်သို့ ဆင်းသက်လာရာ ကျွန်မ၏ စိတ်အာရုံထဲတွင် မြတ်စွာဘုရားရှင် ပွင့်တော်မူခဲ့သည့် နေရာတော်မြတ်ကို လာရောက်ဖူးမြော်ရသည့် အကြောင်းတရားကြောင့် နိဗ္ဗာန်သို့ မျက်မှောက်ပြုရသည့် အကျိုးတရားသည် လျင်မြန်စွာ ရရှိပါစေဟု ဆုတောင်းသမှု ပြုခဲ့မိပါသည်။ ရခဲလှသော လူ့ဘဝတွင် လူလည်းဖြစ်ရ၊ သာသနာတော်နှင့်လည်းကြုံရ၊ သာသနာထွန်းပနေသော ခေတ်ကာလတွင် ကျွန်မတို့ငယ်ငယ်က သင်ကြားခဲ့ရသော ''စပယ်တဲ့လေးရုံ၊ မမလေးမပန်ထိုက် ပန်းပြတ်ခိုက်ကြုံ၊ အပွင့်ရယ်ကုန် တစ်ငုံကျန်ပါသေး၊ ပန်ချင်သူ ညိုညိုထွေးရယ်၊ ခေါင်းဖြီးခဲ့လေး'' ဆိုသည့်စကားအတိုင်း ဘုရားလေးဆူ ပွင့်ပြီးသည့်တိုင် နိဗ္ဗာန် မရောက်နိုင်သေးသူ သတ္တဝါအားလုံး ဒါန၊ သီလ၊ ဘာဝနာများ ကျင့်ကြံအားထုတ်၍ နိဗ္ဗာန် မျက်မှောက်ပြုနိုင်စေကြောင်း ဆုတောင်းမေတ္တာ ပို့သမိပါသည်။

ထိုမှဆက်လက်၍၊ သုဇာတာသူဌေးသမီး ဃနာနို့ဆွမ်းကပ်သောနေရာ၊ ရွှေခွက်မျှောရာ နေရဥ္စရာမြစ်၊ သောတ္ထိယမြတ်ထမ်းသမား မြက်ရှစ်ဆုပ်လှူသည့် အထိမ်းအမှတ်ရုပ်ပွားတော်၊ သုဇာတာအိမ်နေရာ တောင်ကုန်း၊ မင်းတုန်းမင်းကြီးသာသနာပြုရန် နေထိုင်ခဲ့သည့် အိမ်နေရာများကိုလည်း လှည့်လည် ကြည့်ရှုလေ့လာခဲ့ပါသည်။

ဘုန်းတော်ကြီးကျောင်းတိုက်သို့ ပြန်ရောက်သောအခါ၊ ငါး

ကြော်၊ သရက်ချဉ်၊ ဘူးသီးဟင်း၊ ပဲသီးကြော်တို့ဖြင့် ကျွေးမွေးရာ စား၍အလွန်ကောင်းလှပါသည်။ ညနေစောင်းတွင် ဘုရားဖူးတချို့သည် ဗုဒ္ဓဂယာ မဟာဗောဓိစေတီဝန်းကျင်တွင် ရောင်းချသော ဈေးဆိုင်များသို့ လည်းကောင်း၊ အချို့သည်လည်း ဘုန်းကြီးကျောင်း အနီးရှိ ဈေးသည်များထံမှလည်းကောင်း၊ ဘုရားဖူးလက်ဆောင်များ ဝယ်ယူကြပါသည်။ ဗုဒ္ဓဂယာတွင် အဓိက ဝယ်ယူနိုင်သော လက်ဆောင်များမှာ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ ရုပ်ပုံကားချပ်များ၊ ဗောဓိညောင်ရွက်အမျိုးမျိုး၊ ကြေးနီ၊ ကြေးဝါ၊ ကြေးဖြူဖြင့် ပြုလုပ်ထားသော ဆေးလက်စွပ်၊ လက်ကောက် အမျိုးမျိုး၊ သော့ချိတ်၊ ပုဝါမျိုးစုံတို့ဖြစ်ပါသည်။ ဗုဒ္ဓဘာသာနှင့် ပတ်သက်သော စာအုပ်မျိုးစုံကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။ ကျွန်မလည်း ဗုဒ္ဓဘာသာဝင်တို့ ဖူးမြော်ရာ၊ ရှစ်ဌာနစာအုပ်ကို အမှတ်တရ ဝယ်ယူဖြစ်ခဲ့ပါသည်။

ည (၇) နာရီတွင် မဟာဗောဓိဆရာတော်ထံ၊ ငါးပါးသီလ ခံယူကာ၊ လှူဖွယ်ဝတ္ထုအစုစုနှင့် ငွေပဒေသာပင်များ ကပ်လှူပူဇော်ခဲ့ကြပါသည်။

ဆရာတော်က အနုမောဒနာတရား ဟောကြားရာတွင်၊ ဘုရားဖူးတစ်ဦး၏ ခြေတစ်လှမ်းသည် ဗိမ္ဗိသာရမင်းစည်းစိမ်၏ (၁/၁၆) မျှမက၊ တန်ဖိုးရှိကြောင်း၊ မိမိတို့ ဗုဒ္ဓဂယာသို့ ရောက်ရှိသည့် အချိန်တွင်၊ ကုသိုလ်ပါအောင် ယူသင့်ကြောင်း၊ ဒါန၊ သီလ၊ ဘာဝနာ ပြည့်စုံပါမှ၊ နိဗ္ဗာန်ရောက်မည်ဖြစ်ကြောင်း ဟောကြားပါသည်။ ဆက်လက်၍ သံဝေဇနိယ လေးဌာနဆိုသည်မှာ

အမြဲတမ်း အောက်မေ့သတိရ၊ သံဝေဂယူရမည့် နေရာတော် မြတ်များဖြစ်ကြောင်း၊ ဂေါတမမြတ်စွာဘုရားရှင်သည် ဖွား – လုမ္ဗိနီ၊ ပွင့် – ဗုဒ္ဓဂယာ၊ ဟော – မိဂဒါဝုန်၊ စံ – ကုသိနာရုံ တွင်ဖြစ်ကြောင်း၊ အဝိဇဟိတ လေးဌာနဆိုသည်မှာ၊ မြတ်စွာ ဘုရားတိုင်း မစွန့်ပယ်သော နေရာတော်မြတ်များဖြစ်ကြောင်း၊ ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူ ပွင့်တော်မူမည်ဖြစ်ရာ၊ ဘုရားရှင် တိုင်းသည် ဗုဒ္ဓဂယာတွင်သာ ပွင့်မည်ဖြစ်ကြောင်း၊ ဓမ္မစကြာ တရားဦးကိုလည်း ဗာရာဏသီ(မိဂဒါဝုန်)တွင်သာ၊ ဟောကြား မည်ဖြစ်ကြောင်း၊ နတ်ပြည်တွင်၊ မယ်တော်ဖြစ်ခဲ့ဖူးသော နတ် သားကို ဓမ္မစကြာတရား ဟောကြားတော်မူပြီး၊ လူ့ပြည် သင်္ကာသနဂိုရ်ပြည်သို့သာ ကြွရောက်မည်ဖြစ်ပြီး မြတ်စွာဘုရား ရှင်တိုင်း၊ သာဝတ္ထိဂန္ဓကုဋိတိုက်တွင်သာ ကြာရှည်သီတင်းသုံးဝါ ဆိုမည်ဖြစ်ကြောင်း၊ ဟောကြားတော်မူပါသည်။

ယခု ဘုရားဖူးများရောက်ရှိနေသော နေရာဒေသသည် မဇ္ဈိမဒေသဖြစ်၍၊ အိန္ဒိယနိုင်ငံ၏ လေးပုံတစ်ပုံသာရှိကြောင်း၊ ရှေးအခါက မဂဓ၊ ကာသိ၊ ဝံသ၊ ကုရု၊ ကောသလ၊ သက္က၊ မလ္လ၊ ဝဇ္ဇီ တိုင်းကြီး (၈)တိုင်းဖြစ်ကြောင်း ရှင်းလင်းဟောကြား ခဲ့ပါသည်။

ဆက်လက်၍ ဘုရားရှင်တိုင်း သက်တမ်း၏ ငါးပုံလေးပုံ သာ နေတော်မူ၍၊ ပရိနိဗ္ဗာန်ပြုမြဲဖြစ်ကြောင်း၊ ဂေါတမဘုရားရှင် သည် ဝါတော်နှစ်ဆယ် နောက်ပိုင်းတွင် အမြဲတမ်း၊ အလုပ် အကျွေးအဖြစ် ညီတော်အရှင်အာနန္ဒာကို ခွင့်ပြုတော်မူခဲ့ကြောင်း၊

ညီတော်အရှင်အာနန္ဒာမထေရ်မြတ်မှလည်း၊ ဘုရားရှင်ထံမှ ပယ် (၄)ဆု၊ ယူ(၄)ဆုကို တောင်းတော်မူခဲ့ကြောင်း ဟောကြားတော်မူပါသည်။ ပယ်လေးဆုသည်–

မြတ်စွာဘုရားရှင်ထံ အလှူရှင်များလှူဒါန်းသော (၁) ဆွမ်း၊ (၂) သင်္ကန်းများကို ညီတော်အရှင်အာနန္ဒာအား ပြည်လည်မစွန့်ရန်၊ (၃) မင်း၊ သူဌေး၊ သူကြွယ်များမှ မြတ်စွာဘုရားအား ဆွမ်းပင့်လျှင် အရှင်အာနန္ဒာအား ခေါ်ဆောင်ခြင်းမပြုရန်၊ (၄) ဘုရားရှင်သီတင်းသုံးတော်မူရာ၊ ဂန္ဓကုဋိတွင် အရှင်အာနန္ဒာအား အတူတကွ မထားရန်တို့ ဖြစ်ပါသည်။

ယူ (၄)ဆုဆိုသည်မှာ

(၁) ဘုရားရှင်အား ဖူးမြော်လိုသူများကို အရှင်အာနန္ဒာမှ လျှောက်ထားလျှင် ခွင့်ပြုပေးရန်။

(၂) မြတ်စွာဘုရားရှင်အား၊ ဆွမ်းပင့်သူရှိလျှင် အရှင်အာနန္ဒာ လျှောက်ထားပါက၊ ခွင့်ပြုပေးရန်။

(၃) မည်သည့်အရပ်ဒေသတွင်၊ တရားဟောသည်ဖြစ်စေ၊ အရှင်အာနန္ဒာအား ပြန်လည်ဟောကြားတော်မူပါရန်။

(၄) တရားတော်နှင့် ပတ်သက်၍၊ သံသယရှိသော၊ မရှင်းလင်းသည့် မေးခွန်းများ မေးခွင့်ပြုတော်မူရန်နှင့် ပြန်လည်ဖြေကြားပေးတော်မူပါရန်စသည်တို့ဖြစ်ပါသည်။

၂၉–၃–၂၀၁၀ (တနင်္လာနေ့) နံနက်စောစောတွင်၊ ဗုဒ္ဓဂယာ၊ မဟာဗောဓိစေတီသို့ ထပ်မံသွားရောက်၍ ဘုရားရှိခိုး၊ တရားထိုင်၊ မေတ္တာပို့၊ အမျှဝေ၊ ဆုတောင်းခြင်းများ ပြုလုပ်ခဲ့ပါသည်။

မဟောဗောဓိပင်မှ ကြွေကျလာသော၊ ဗောဓိညောင်ရွက်ကလေးများကို ရိုသေစွာ ကောက်ယူ၍၊ မြန်မာပြည်အပြန် ဘုရားဖူး လက်ဆောင်ပေးရန် သယ်ဆောင်လာခဲ့ပါသည်။

ဗုဒ္ဓဂယာတွင်၊ တိဘက်ကျောင်း၊ ဂျပန်ကျောင်း၊ ထိုင်းကျောင်း၊ တရုတ်ကျောင်း၊ မြန်မာကျောင်းများကိုလည်း၊ လေ့လာခွင့်ရခဲ့ပါသည်။ မိမိတို့ တိုင်းပြည်အသီးသီး၏ ဗိသုကာ လက်ရာများဖြင့် ဆောက်လုပ်ထားသဖြင့်၊ တစ်မျိုးတစ်ဘာသာစီ ကြည့်ရှု၍ ကောင်းလှပါသည်။

■

## ဓမ္မစကြာတရားဦး ဟောတော်မူသည့် ဗာရာဏသီ ( သို့ )
## ပဉ္စဝဂ္ဂီငါးဦးပေါင်းဆုံ မိဂဒါဝုန်

၂၉–၃–၂၀၁၀ (တနင်္လာနေ့) နံနက် (၈ း ၃၀) နာရီတွင် ဗုဒ္ဓဂယာမှ ၂၅၁ ကီလို(၁၅၇–မိုင်)ဝေးသော ဗာရာဏသီသို့ ခရီးဆက်လက် ထွက်ခွာလာခဲ့ကြပါသည်။ ကျွန်မတို့ ဘုရားဖူး တစ်စုသည် ကားပေါ်တွင် ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေ၊ သာဓုခေါ်ဆိုကြပါသည်။ ထို့နောက် လမ်းတစ်လျှောက်ရှုခင်းများကို ဒေသန္တရဗဟုသုတအဖြစ် စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ပါသည်။

အိန္ဒိယတွင် ကားက လက်ဝဲမောင်းစံနစ် ဖြစ်ပါသည်။ လမ်းတစ်လျှောက် တွေ့မြင်ရသော အိမ်များ ဆောက်လုပ်ထားပုံမှာ၊ အုတ်ဖြင့် ဆောက်ထားသော်လည်း အပြင်နံရံကို ဆေးသုတ်ထားခြင်းမရှိ။ နွားချေးခြောက်များဖြင့် ကပ်ထားပြီး ဘေားပြတင်းပေါက်မရှိ၊ ရှေ့မျက်နှာစာတွင်သာ ပြတင်းပေါက်တစ်ခု တပ်ဆင်ထားသည်။ မိမိတို့ နေနည်းနှင့် မတူညီခြင်းကြောင့် ကျန်းမာရေးအနေဖြင့် သင့်လျော်မှု မရှိနိုင်ဟု ခံစားမိပါသည်။ ဗုဒ္ဓဂယာတွင်

ဟိန္ဒူစတန်နီလူမျိုးများ၏ ဗာရာဏသီတွင် ဆစ်ခ်လူမျိုး (ပန်ချာပီ) ပုဏ္ဏားမျိုးများ အများဆုံး နေထိုင်ကြောင်း မှတ်သားခဲ့ရပါသည်။ ဂင်္ဂါမြစ်၊ အာသီမြစ်၊ ဝရုဏာမြစ်တို့ ပေါင်းဆုံရာ နယ်မြေကို ဗာရာဏသီဟု ခေါ်ကြောင်းလည်း သိရှိခဲ့ရပါသည်။

မိဂဒါဝုန် (သာရနာထ) သို့ သွားသည့်လမ်း၏ လက်ဝဲဘက်တွင်ရှိသော 'စတုခန္ဒီစေတီ'ကိုလည်း ဝင်ရောက် ဖူးမြော်ခဲ့ကြပါသည်။ ဤစေတီသည် ကုန်းမြေမြင့်ပေါ်တွင် အုတ်များဖြင့် ခိုင်မာသည့် စတုဂံအခြေပေါ် တည်ဆောက်ထားသည့်အတွက် စတုခန္ဒီစေတီဟုခေါ်ကြောင်း မှတ်သားခဲ့ရပါသည်။ အသောကမင်းကြီးသည် ဗုဒ္ဓမြတ်စွာမှ ပဥ္စဝဂ္ဂီတို့အား တရားဦးဟောရန် ၎င်းကုန်းမြင့်ပေါ်မှ ရပ်တော်မူ၍ မိဂဒါဝုန်ဘက်သို့ လှမ်းကြည့်တော်မူသည့် အထိမ်းအမှတ်အဖြစ် စေတီတည်ထားခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ဖန် မဂိုဘုရင် အက္ကဘာ၏ဖခင်ဘုရင်ကြီး ရန်သူ့လက်မှ လွတ်မြောက်ရန်ပုန်းအောင်းခဲ့သည့် နေရာဖြစ်သဖြင့်၊ အက္ကဘာဘုရင်ကြီးက စေတီ၏ ထိပ်ပိုင်းကို အထိမ်းအမှတ်အဖြစ် ပြုပြင်တည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။ ဟိန္ဒူများကလည်း သီတာဒေဝီနတ်သမီး၏ ဝိညာဉ်ရှိသည့် နေရာဟူ၍ အမြတ်တနိုး ကိုးကွယ်ကြကြောင်းလည်း မှတ်သားခဲ့ရပါသည်။ နေ့လည် နှစ်နာရီ ခန့်တွင် ဗာရာဏသီမြို့ကို ဖြတ်၍ ၁၃ ကီလိုမီတာ (၈–မိုင်) ဝေးသော (မိဂဒါဝုန်တောနှင့် ကပ်လျက်တည်ရှိနေသော) မိဂဒါဝုန် မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ကြပါသည်။

ဗာရာဏသီမြို့တွင် ဆာရီ ထုတ်လုပ်သည့်လုပ်ငန်းမှာ

ကြီးကျယ်သည်။ မိဂဒါဝုန် မြန်မာဘုန်းတော်ကြီးကျောင်း ပတ်ဝန်းကျင်တွင် နာမည်ကျော် ဦးလှမြင့်ဆိုင်၊ ကုလားကျော်ဟိန်းဆိုင်နှင့် အခြားဆိုင်များ ရှိပါသည်။ ဆာရီအမျိုးမျိုး၊ ပဝါ၊ အိပ်ရာခင်းမျိုးစုံ၊ နံ့သာဖြူစိပ်ပုတီး၊ နံ့သာဖြူတုံး၊ နံ့သာနီ၊ နံ့သာမွှေး၊ နံ့သာဆီ၊ နံ့သာဖြူဘုရားရုပ်ပွားတော်များ၊ အမျိုးသမီး အသုံးအဆောင်၊ လက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်၊ ဆံညှပ်မျိုးစုံကိုလည်း ထုတ်လုပ်ရောင်းချပါသည်။ ကျွန်မတို့ ဘုရားဖူးအဖွဲ့မှလည်း မိမိတို့ နှစ်သက်ရာ လိုအပ်ရာ ပစ္စည်းမျိုးစုံကို ဝယ်ယူခဲ့ကြပါသည်။

**(၃၀-၃-၂၀၁၀) အင်္ဂါနေ့**

နံနက် ၄ နာရီ ၃၀ မိနစ်တွင် ဂင်္ဂါမြစ်ဆိပ်သို့ သွားရောက်လေ့လာပါသည်။ ဗြာဟ္မဏပုဏ္ဏားမျိုးများ နေ့စဉ်ရေချိုးဆိပ်ဆင်းကြ၊ ရေတွင် မီးမျှောကြသည်ကို တွေ့ရပါသည်။ သူတို့၏ အယူအဆသည် "သက်ကြီး ဝါကြီးများကို အလေးအမြတ်ပြုခြင်း၊ အကုသိုလ်အညစ်အကြေးများကို ရေဖြင့် ဆေးကြောခြင်းတို့အတွက် မြင့်မြတ်သော နေရာတစ်ခုဟု ယူဆပြီး နေ့စဉ်ကားဖြင့်တစ်မျိုး၊ ကုန်းကြောင်းဖြင့် တစ်သွယ်၊ လန်ချားဖြင့်တစ်နည်း လာရောက်ကြခြင်း ဖြစ်ပေသည်။ သို့သော် ကျွန်မ တွေ့မြင်ခဲ့ရသော ဂင်္ဂါမြစ်ဆိပ်တစ်ဝိုက်တွင် အနံ့အသက်များ မကောင်းခြင်း၊ သန့်ရှင်းသပ်ရပ်မှု မရှိခြင်းကြောင့် ဒေသခံ အိန္ဒိယသားများသာမက ကမ္ဘာလှည့်ဘုရားဖူးခရီးသည်များအတွက်ပါ စိတ် မသက်သာစရာ မြင်ကွင်းတစ်ခု ဖြစ်နေပါသည်။

ဂင်္ဂါမြစ်ဆိပ်မှ ပြန်လာသောအခါ မိဂဒါဝုန်မြန်မာဘုန်းတော်ကြီးကျောင်းနှင့် ကပ်လျက်ရှိသော မိဂဒါဝုန်တောသို့ ရောက်ရှိခဲ့ပါသည်။ ပထမဦးဆုံး ဖူးမြော်ရသော စေတီမှာ အသောကမင်းကြီး တည်ထားသော ဓမ္မရာဇိကစေတီ ဖြစ်သည်။ သို့သော် စေတီကြီး ဖြိုချဖျက်ဆီးခံရသဖြင့် လက်ရှိအချိန်တွင် အခြေအမြစ်သာ ကျန်ရှိကြောင်း တွေ့ခဲ့ရပါသည်။ ဘုရားဖူးများက ဆီမီးခွက် အမွှေးနံ့သာတို့ဖြင့် ထွန်းညှိပူဇော်ကြပါသည်။ ဓမ္မစကြာတရားဟောကြားတော်မူခဲ့သော နေရာတော်မြတ်ဖြစ်ပါသည်။

ဓမ္မရာဇိကစေတီ မြောက်ဘက်သို့ ဆက်သွားသောအခါ အသောကကျောက်စာတိုင်ကို တွေ့ရှိရပါသည်။ အသောကကျောက်စာတိုင် စိုက်ထူခဲ့သောနေရာသည် ရှင်တော်မြတ်ဗုဒ္ဓမှ သူဌေးသားယသ နှင့် သူ၏မိတ်ဆွေ ၅၄–ဦးတို့နှင့်အတူ ပဉ္စဝဂ္ဂီငါးပါး အပါအဝင်တို့အား စုစည်း၍ သံဃအဖွဲ့အစည်း စတင်ဖွဲ့စည်းခဲ့သည့် နေရာတော်မြတ် ဖြစ်ပါသည်။ လူအများ၏ ကောင်းကျိုးချမ်းသာ သုခလောက အနုကမ္ပာဒတရားတော်မြတ်ကို ဟောကြားတော်မူခဲ့သည့် နေရာတော်မြတ်လည်း ဖြစ်ပါသည်။ အဆိုပါ ကျောက်တိုင်သည် မူလတွင် ၁၅ ● ၂၅ မီတာအမြင့် ရှိခဲ့သည်။ ကျောက်တိုင်၏ထိပ်ပေါ်တွင် ခြင်္သေ့ရုပ် ၄–ခု ရှိခဲ့ သည်။ ခြင်္သေ့၏ အဓိပ္ပါယ်မှာ အောင်မြင်ခြင်း ဖြစ်သည်။ အဆိုပါ ကျောက်တိုင်ကျိုးကျသဖြင့် ယခုအခါ ၂ ● ၀၃ မီတာအမြင့်သာ ကျန်ရစ်လျက် ရှိသည်။ ကျိုးပဲ့သွားသော ခြင်္သေ့ ၄–ကောင် ကျောက်ရုပ်ကို မိဂဒါဝုန်ရှေးဟောင်းပြတိုက်တွင် ထားရှိထားသည့်အပြင် အိန္ဒိယ

နိုင်ငံ၏ နိုင်ငံတော်တံဆိပ် သင်္ကေတအဖြစ် သုံးထားခြင်းသည် ဗုဒ္ဓသာသနာအတွက် ဂုဏ်ယူစရာတစ်ရပ်ပင် ဖြစ်ပါသည်။

ကျောက်စာတိုင်၏ အရှေ့ဘက်တွင် မူလဂန္ဓကုဋီတိုက်ကို တွေ့ရပါသည်။ နန္ဒိယသူဌေး ဦးစွာပထမ လှူဒါန်းသော ကျောင်းဆောင်ဖြစ်၍ မူလဂန္ဓကုဋီဟု ခေါ်ဆိုသည်။ ထိုလှူဒါန်းမှုကြောင့် နန္ဒိယသူဌေး မသေခင်ကပင် နတ်ပြည်၌ ဘုံဗိမာန်ပေါ်ပြီး နတ်သမီးများက နန္ဒိယသူဌေး လူ့ပြည်မှ သေဆုံး၍ နတ်ပြည်သို့ ရောက်လာရန် မျှော်ကြသဖြင့် "သေဟဲ့ နန္ဒိယ" ဟူသော စကားဖြစ်ပေါ်လာကြောင်း၊ ဆရာတော်က ဟာသနှောလျက် ဟောပြပါသည်။ ဂေါဝိန္ဒာစန္ဒမင်းလက်ထက် (၁၁၁၄-၁၁၅၄) မိဖုရား ကုမာရဒေဝီမှ မူလဂန္ဓကုဋီကျောင်းကို ပြန်လည်မွမ်းမံတော်မူခဲ့သည်။ ၎င်းကျောင်းတော်ကြီးတွင် ဓမ္မစက္ကပဝတ္တနမုဒြာရ ဖြင့် ထုလုပ်ထားသည့် ရုပ်ပွားတော်ကို တည်ထားဌာပနာခဲ့သည်။ ထိုဆင်းတုတော်သည် အလွန်တရာ အနုပညာလက်ရာမြောက်သည့် ရုပ်တု ဖြစ်၍ ဗုဒ္ဓစာပေအနှံ့တွင် အမျိုးမျိုး ဖော်ကျူးထားကြောင်း မြင်တွေ့နိုင်သည်ဟု ဆရာတော်က ရှင်းလင်း ဟောကြားတော်မူပါသည်။

ထိုမှတစ်ဖန် မိဖုရားကြီး ကုမာရဒေဝီသည် မိဂဒါဝုန်တွင် အထပ်ကိုးထပ်ရှိသည့် ဓမ္မစက္ကဇိနဝိဟာရကျောင်းတိုက်ကြီး တည်ဆောက်ကာ ရဟန်းသံဃာတော်များ၊ ဘိက္ခုနီများကို လှူဒါန်းခဲ့ဖူးသည်။ ရေတွင်းများ တူးဖော်ခြင်း၊ ဘိက္ခုနီရေချိုးဆိပ်များ၊ ပညာသင်ဆောင်၊ မြေအောက်လိုဏ်ဂူများ ဆောက်လုပ်

လှူဒါန်းပေးခဲ့သည်။ ယခုအခါတွင် စမ္ဗစက္ကဗိန်ဝိဟာရ ကျောင်းတော်ရာနှင့် ရှေးဘိက္ခုနီရေချိုးဆိပ်နေရာဟုသာ လေ့လာ မှတ်သားတွေ့ရှိခဲ့ရပါသည်။ ကုမာရဒေဝီသည် ဗုဒ္ဓဘာသာကိုအထူးကြည်ညိုသဒ္ဓါရှိ၍ တည်ကြည်သော သမိုင်းဝင် ဒါယိကာမ တစ်ဦးဖြစ်ကြောင်း အတုယူဖွယ် မှတ်သားကြားနာခဲ့ရပါသည်။

ဆက်လက်၍ လက်ရှိ မူလဂန္ဓကုဋီကျောင်းတော်ကြီးသို့ သွားရောက်ဖူးမြော် လေ့လာခဲ့ကြပါသည်။ ၎င်းကျောင်းတော်ကြီးကို သီရိလင်္ကာမှ ဓမ္မပါလမထေရ်ကြီး၏ ကြိုးပမ်းမှုဖြင့် ၁၉၃၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁–ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဘုရားရှင်၏ သာရီရိက ဓါတ်တော်များကို သီရိလင်္ကာမှ ပင့်ဆောင်၍ ၎င်းကျောင်းတော်ကြီးတွင် ဌာပနာထားကြောင်း မှတ်သားနာယူခဲ့ရပါသည်။ ထို့နောက် သမင်နှင့် အခြားတိရစ္ဆာန်များ ဘေးမဲ့ပေးထားသော ''ခေတ်သစ်မိဂဒါဝုန်'' ဥယျာဉ်ကို တွေ့ရှိလေ့လာခဲ့ရပါသည်။ ကျွန်မတို့ ဘုရားဖူးအဖွဲ့လည်း မိဂဒါဝုန်နေရာ အသီးသီးမှာ မှတ်တမ်းတင်ဓါတ်ပုံ၊ ဗီဒီယိုများ ရိုက်ကူး၍ မိဂဒါဝုန်တော၏ တောင်ဘက်တွင် တစ်ခုတည်းသော ထီးထီးမားမား တည်ရှိသည့် ဓမ္မေခစေတီသို့ ရောက်ရှိကြပါသည်။ လုံးပတ် (၂၈)၊ အမြင့် (၃၃) မီတာရှိသည့် ဓမ္မေခစေတီကြီးသည် မြတ်စွာဘုရားရှင်မှ အနတ္တလက္ခဏာသုတ် တရားတော် ဟောကြားတော်မူခဲ့သော နေရာတော်မြတ်ဖြစ်၍၊ မြတ်စွာဘုရားအား ရည်မှန်းကာ အသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီ ဖြစ်ပါသည်။

ကျွန်မတို့ ဘုရားဖူးအဖွဲ့သည် ဓမ္မေခစေတီတွင် မြတ်စွာ

ဘုရားရှင်အား ရည်မှန်း၍ ဓမ္မစကြာတရားတော်၊ အနတ္တလက္ခဏာ သုတ်တော်များ ရွတ်ဆိုပူဇော် ကန်တော့ခဲ့ကြပါသည်။

ဗာရာဏသီပြည်၊ မိဂဒါဝုန်တောသည် ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ်သံဃာမှန် စတင်ဖြစ်ပေါ်သော နေရာ၊ သရဏဂုံ သုံးပါးတည်သော နေရာတော်မြတ် ဖြစ်ပါသည်။ မြတ်စွာဘုရား ဓမ္မစကြာတရားဦး ဟောကြားသည့်နေရာ၊ တတိယ သံဝေဇနိယဌာန၊ ဒုတိယအဝိဇဟိတဌာန ဖြစ်ပါသည်။ အစွန်း တရားနှစ်ပါးကိုရှောင်၊ မဇ္ဈိမပဋိပဒါလမ်းစဉ်ကိုလိုက်၊ သစ္စာ (၄) ပါးကို သိမြင်ပြီး ဝိပဿနာအလုပ်၊ တရားကျင့်ကြံ အားထုတ်ခြင်း သည် ဓမ္မစကြာတရား၏ အနှစ်သာရဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ကြောင်း ဆရာတော်က ရှင်းလင်း ဟောပြ ပေးပါသည်။

ဆက်လက်၍ ကားလမ်းတစ်ဖက်ရှိ မိဂဒါဝုန်ပြတိုက်သို့ သွား ရောက်ကာ ရှေးဟောင်း ဗုဒ္ဓသာသနာ၏ အမွေအနှစ်များကို သွားရောက်လေ့လာခဲ့ကြပါသည်။

တဖန် ဆရာတော်မှ ဆက်လက်ရှင်းပြရာတွင် ဗာရာဏသီ ဘူတာမှ အိန္ဒိယတစ်နိုင်ငံလုံးရှိ နေရာဒေသအသီးသီး သွားနိုင် ကြောင်း ဗာရာဏသီသည် အိန္ဒိယ၏ဒုတိယ transport မြို့တော် ဖြစ်ကြောင်းနှင့် အုတ်၊ ဘိလပ်မြေ၊ သံ၊ ကြေးအများဆုံး ထွက် ရှိရာ နေရာဖြစ်ကြောင်း စသဖြင့် လေ့လာမှတ်သား သိရှိခဲ့ရ ပါသည်။

ညချမ်းချိန်ခါတွင် မိဂဒါဝုန်ဆရာတော်ဘုရားကြီးထံမှ ငါးပါး

သီလခံယူ လှူဒါန်းမှု အစုစုကို ရေစက်ချ၊ အမျှပေးဝေ၊ သာဓု အနုမောဒနာ ပြုခဲ့ကြပါသည်။

နံနက် ၆ နာရီတွင် A 65-4444 ကြက်သွေးရောင် India Aircon bus ကြီးဖြင့် ဗာရာဏသီ (မိဂဒါဝုန်) မှ ကီလိုမီတာ ၅၅၀ (၃၄၀–မိုင်) ဝေးသော သက်ဿနဂိုရ်သို့ ဘုရားဖူးအဖွဲ့ သူအဖွဲ့သား (၂၆)ဦးဖြင့် စတင်ထွက်ခွာလာခဲ့ပါသည်။ ဗုဒ္ဓဂယာတွင် တာချီလိတ်မှအမျိုးသမီးတစ်ဦး၊ ဗာရာဏသီတွင် ဒေါက်တာနွယ်နီအောင်နှင့် အဖွဲ့(၆)ဦးတို့ ၁၂–ရက်ခရီးစဉ်ဖြင့် ကျွန်မတို့အဖွဲ့နှင့် ခွဲထွက်သွားပြီ ဖြစ်ပါသည်။ ကျွန်မအနေဖြင့် တွေ့ကြုံဆုံကွဲ၊ ဖြစ်မြဲဓမ္မတာတည်းဟု တရားသံဝေဂပွားများကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နှုတ်ဆက်ခွဲခွာခဲ့ကြပါသည်။

ဗာရာဏသီ၊ မိဂဒါဝုန် မြန်မာဘုန်းတော်ကြီးကျောင်းမှ ထွက်ခွာလာစဉ် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သည့် "ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွါး၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည်၊ ရွှမ်းတယ်ကို" ဟူသော ဘုရားရှိခိုးဖြင့် မြတ်စွာဘုရားအား ရည်မျှော်မှန်းကာ ပူဇော်ဦးခိုက်မိပါတော့သည်။

■

## သက်ဿနဂိုရ်တွင် ခရီးတစ်ထောက် နားခဲ့စဉ်

ဗာရာဏသီမှ ကားစထွက်သည်နှင့် မရွှေမာဝင်း (Guide) နှင့်အတူ ကျွန်မတို့ နီလာဘုရားဖူးအဖွဲ့သားအားလုံး ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေ သာဓု ခေါ်ဆိုကြပါသည်။ နံနက်စောစောတွင် လွန်စွာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ၍ ကြည်နူးပီတိ ဖြစ်မိပါသည်။

၃၁-၃-၂၀၁၀(ဗုဒ္ဓဟူးနေ့) ဖြစ်၍ Guide မှ ယခုရောက်ရှိမည့် သက်ဿနဂိုရ်သည် မြတ်စွာဘုရားရှင်၏ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား အမှူးထား၍ နတ်ဗြဟ္မာတို့အား ဝါတွင်း (၃)လပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူ၍ သီတင်းကျွတ်လပြည့်နေ့တွင် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသုံးသွယ်ဖြင့် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်တော်မူသည့် နေရာတော်မြတ် ဖြစ်ကာ စတုတ္ထအဝိဇဟိတဌာနဖြစ်ကြောင်း ရှင်းပြပါသည်။

သက်သာနဂိုရ်သည် သေးငယ်သည့် အရပ်ဒေသဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင် အေးချမ်းမှုရှိကြောင်း၊ ၁၂-ရာသီ စိမ်းလန်းစိုပြေနေသည့် မြင်ကွင်းများရှိကြောင်း၊ လယ်မြေများမှာလည်း မြေဩဇာအလွန်ကောင်းကြောင်း၊ ဒေါင်း၊ သမင်၊ ငှက်၊ မျောက် စသဖြင့် သဘာဝတောရိုင်းတိရစ္ဆာန်များရှိကြောင်း၊ အာလူး၊ မုန့်ညင်းဆီ အများအပြား ထွက်ကြောင်း၊ စည်ပင်သာယာဝပြောသော အရပ်ဒေသဖြစ်ကြောင်း ရှင်းပြ၍ မြန်မာ၊ ယိုးဒယား၊ သီရိလင်္ကာ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း (၃) ကျောင်း ရှိကြောင်း မှတ်သားခဲ့ရပါသည်။

နေ့လည်စာကို ကမ်ပူမြို့စားသောက်ဆိုင်တွင် အသင့်ချက်ပြုတ်လာသော ထမင်း၊ ဟင်းများဖြင့် ကျွေးမွေး၍ ဆိုင်မှ လက်ဖက်ရည်ပူပူတစ်ခွက် ထပ်မံဖြည့်တင်းခဲ့ကြပါသည်။ ညနေ ၄ နာရီခန့်တွင် သက်သာနဂိုရ်မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပါသည်။ ဘုန်းတော်ကြီးကျောင်းကို တောရိပ်၊ တောင်ရိပ်များကြားတွင် တည်ဆောက်ထားပြီး နှင်းဆီပန်းမျိုးစုံစွာ စိုက်ပျိုးထားသဖြင့် ပန်းခင်းကြီးအလယ်တွင် လွန်စွာတင့်တယ်လှပါသည်။ ကျောင်းဝင်းထဲတွင်လည်း အလွန်လှပသော ဥဒေါင်းငှက်ကြီးများ ရှိပါသည်။ ဥဒေါင်းငှက်များနှင့်အတူ အမှတ်တရ ဓါတ်ပုံများ ရိုက်ကြပါသည်။

မကြာမီ Guide မှ ယနေ့ ညနေပိုင်းအနားနေရန်နှင့် နံနက်စောစော နယူးဒေလီသို့ သွားရောက်လေ့လာမည်ဖြစ်ကြောင်း၊ ခရီးဆောင်အိတ်များနှင့် ဝယ်ယူထားသော လက်ဆောင်ပစ္စည်း

များ အခန်းတစ်ခန်းထဲတွင် စုထားရန်နှင့် ခရီးဆောင်အိတ်သေး တစ်လုံးထဲတွင် အဝတ်အစား (၂)စုံ၊ ကင်မရာ၊ ရွှေသင်္ကန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များထည့်၍ ပိုက်ဆံအိတ်နှင့် အဆင်သင့်ပြင်ထားရန် လိုက်လံနှိုးဆော်ပြောကြားပါသည်။

ကျွန်မတို့ ဘုရားဖူးအဖွဲ့သားများလည်း လျှော်စရာအဝတ်များ အချိန်ရခိုက် လျင်လျင်မြန်မြန် လျှော်ဖွပ်၊ နေလှန်းနှင့် တရစပ်လှုပ်ရှားရင်း နံနက်ခရီးသွားရန် သွက်သွက်လက်လက်ပြင်ဆင်ကြရပါသည်။ ညနေချမ်းအချိန်တွင် ကျောင်းဝင်းထဲ၌ လမ်းလျှောက်ကြ သစ်ပင်ပန်းမာန်များ ကြည့်ရှုကြ၊ စကားပြောကြနှင့် လွန်စွာ စိတ်အေးချမ်းမှု ရှိခဲ့ကြပါသည်။ ညစာစားပြီးနောက် ကျောင်းဝင်းထဲရှိ ခုံကလေးများပေါ်တွင် ထိုင်၍ ဒေသခံများနှင့် စကားစမြည်ပြောကာ စောစောအိပ်ရာဝင်ခဲ့ကြပါသည်။

**နယူးဒေလီတစ်ခွင် လှည့်လည်လေ့လာခဲ့စဉ်**
**(၁-၄-၂၀၁၀) ကြာသပတေးနေ့**

နံနက် ၆ နာရီတွင် နံနက်စာအဖြစ် ခေါက်ဆွဲကြော်၊ လက်ဖက်ရည်တို့ဖြင့် စားသောက်ကြပြီး ၆း၃၀ နာရီတွင် သက်သနဂိုရ်မှ နယူးဒေလီသို့ ကလကတ္တား- နယူးဒေလီ အင်တာနေရှင်နယ်လမ်းမကြီးအတိုင်း ခရီးဆက်ခဲ့ရာ ဘုရားရှင်အား ရည်မှန်း၍ ပူဇော်ကန်တော့ခြင်း၊ မေတ္တာပို့၊ အမျှဝေ၊ သာဓု ခေါ်ခြင်းများ ပြုလုပ်ကြပါသည်။ လမ်းတွင် ဗိဒ်ဒိဆာပတ်(ခ်)မြို့ကို ဖြတ်ကျော်လာရာ ၎င်းမြို့သည် ရောင်စုံဖန်လက်ကောက် အများဆုံးထွက်ရှိကြောင်း သိရပါသည်။ လမ်းဘေးဝဲယာ တစ်လျှောက်တွင်လည်း

စပျစ်သီး၊ လိမ္မော်သီး၊ သခွားသီး၊ အာလူး၊ ကြက်သွန်၊ ပဲအမျိုးမျိုး၊ အိန္ဒိယမုန့်မျိုးစုံ စသဖြင့် ရောင်းဝယ် ဖေါက်ကားနေကြသည်ကို တွေ့ရှိရပါသည်။

နယူးဒေလီမရောက်ခင် အာဂါရာမြို့ရှိ နာမည်ကျော် ကမ္ဘာ့အံ့ဖွယ် တပ်(ဂ်)ျ မဟာဂူဗိမ္မာန်သို့ ရောက်ရှိခဲ့ပါသည်။ ၎င်း ဂူဗိမ္မာန်သည် မဂိုဘုရင် ရှာဂျဟန်မင်းကြီးမှ သူ၏ ချစ်လှစွာသော မိဖုရား မမ်တပ်(ဂ်)ျမဟာအား လွမ်းဆွတ်သတိရသည့်အနေဖြင့် ဆောက်လုပ်ထားသည့် အဆောက်အဦဖြစ်ပါသည်။ တပ်(ဂ်)ျမဟာသို့ ဝင်ရာတွင် နိုင်ငံခြားသားများအနေဖြင့် တစ်ဦးလျှင် ရူပီ ၅၂၀ (မြန်မာငွေ ၁၃၀၀၀) ပေးသွင်းရပါသည်။ ကုမ္ပဏီမှ ကျခံပေးခြင်းဖြစ်ပါသည်။ ဝင်ကြေးအများဆုံး ပေးခဲ့ရသောနေရာလည်း ဖြစ်ပါသည်။ ကျွန်မတို့အတွက် တပ်(ဂ်)ျမဟာပုံပါ စက္ကူလက်ဆွဲအိတ်တစ်လုံး၊ ရေသန့်ဘူးသေးတစ်ဘူး၊ ဖိနပ်မချွတ်ဘဲ ခြေအိတ်စွပ်ရန် စက္ကူခြေအိတ်တစ်စုံ ပေးပါသည်။ တပ်(ဂ်)ျမဟာသို့အဝင်တွင် စစ်ဆေးရေးဂိတ်မှ တစ်ဦးချင်း သေချာစွာ စစ်ပါသည်။ ပိုက်ဆံအိတ်၊ ထီး၊ ကင်မရာမှလွဲ၍ ယူခွင့်မရှိပါ။ ကျွန်မတို့ ဘုရားဖူးအဖွဲ့ဝင်တစ်ဦးကို စစ်ဆေးပြီး အိန္ဒိယစကားဖြင့် 'ထီး၊ ထီး' ဟုပြောရာ ဘုရားဖူးအမျိုးသမီးတစ်ဦးက ထီးတစ်ချောင်း ထုတ်၍ပြနေသဖြင့် Guide မှ ထီးဆိုတာ ဆောင်းတဲ့ထီးကို ပြောခြင်းမဟုတ်၊ အဆင်ပြေတယ်၊ ဝင်လို့ပြောတာလို့ ရှင်းပြမှ ကျွန်မတို့လည်း တသောသော ရယ်မောရင်း တပ်(ဂ်)ျ မဟာထဲသို့ ဝင်ရောက်ခဲ့ကြပါသည်။

တပ်(ဂ်)ျမဟာအတွင်းရှိ ဘုရင်ကြီးနှင့် မိဖုရားတို့၏ဂူဗိမာန်

ကို ဓါတ်ပုံရိုက်ခွင့် မရှိပါ။ တပ်(ဂ်)မဟာ အဆောက်အဦး ပတ်ဝန်းကျင် မည်သည့်နေရာမဆို ဓါတ်ပုံရိုက်ခွင့်ရှိပါသည်။ တပ်(ဂ်)မဟာသည် ယမုံနာမြစ်ကမ်းနံဘေးတွင် တည်ရှိပါသည်။ ဖြူဖွေးသန့်စင် လှပသော စကျင်ကျောက်များဖြင့် ကြက်သွန်ဥပုံ လုံးဝန်းသော ပုံသဏ္ဍာန် မြင့်မားလှပခန့်ညားစွာ တည်ဆောက်ထားသော အဆောက်အဦကြီး ဖြစ်ပါသည်။ ပါရှန်းနှင့် ဟိန္ဒူ အနုပညာပေါင်းစပ်၍ ၂၂ နှစ်ကြာ ဆောက်လုပ်ထားခြင်းဖြစ်သည်ဟု မှတ်သားခဲ့ရပါသည်။

ရှာဂျဟန်မင်းကြီး၏မိဖုရား မမ်တပ်(ဂ်)အပေါ် ထားရှိသည့် ချစ်ခြင်းမေတ္တာ၏ ပြယုဂ်တစ်ခုလည်း ဖြစ်ပါသည်။ မိမိငယ်စဉ် ကမ္ဘာ့သမိုင်း သင်ခဲ့စဉ်က ကြားသိခဲ့ရသော မဂိုရာဇဝင်၏ အခန်းကဏ္ဍတစ်ခုကို မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရခဲ့ခြင်းအတွက်လည်း ဝမ်းသာကြည်နူးခဲ့ရပါသည်။ ၎င်းတပ်(ဂ်)မဟာ အဆောက်အဦး၏ စကျင်ကျောက်များထဲတွင် အဖိုးတန် ကျောက်သံ ပတ္တမြားများ မြုပ်ထားသည်ကို လက်နှိပ်ဓါတ်မီးကလေးများ ထိုး၍ ကြည့်ရှုခဲ့ရပါသည်။ ဓါတ်ပုံမှတ်တမ်းများ ရိုက်ကြရာ တပ်(ဂ်)မဟာ၏ တစ်နေရာခုံမြင့်ကလေးပေါ်တက်၍ လက်ကလေး မြှောက်ပြီး ရိုက်သောအခါ တပ်(ဂ်)မဟာအဆောက်အဦတစ်ခုလုံးကို မိမိလက်ထဲတွင် ကိုင်ထားသည့်ပုံ ထွက်လာပါသည်။ ဘုရားဖူးအဖွဲ့သားများလည်း တစ်ယောက်ချင်း၊ နှစ်ယောက်တွဲ အမူအရာမျိုးစုံဖြင့် ရိုက်ကူးနေကြသည်မှာ အလွန်ပျော်ရွှင် ကြည်နူးဖွယ်ကောင်းပါသည်။

တပ်(ဂ်)မဟာမှ အမှတ်တရပစ္စည်းလေးများ ဝယ်ယူပြီး ဆက်လက်ထွက်ခွါလာခဲ့ပါသည်။ တစ်ဖန် AGRA Fort ခေါ် ခံတပ်နီသို့လည်း ရောက်ရှလေ့လာခဲ့ပါသည်။ အနီရောင်အုတ် တံတိုင်းကြီးများကို အလွန်မြင့်မားစွာ ဆောက်လုပ်ထားသဖြင့် အံ့မခန်း ရှိလှပါသည်။ ထိုမှ ဆက်လက်ထွက်ခွါလာရာ နေ့လည် စာကို စားသောက်ဆိုင်တစ်ဆိုင်တွင် အသင့်ချက်ပြုတ်လာသော ကြက်သား၊ ရွှေဖရုံသီး၊ ခရမ်းသီးနှပ်၊ ငါးငါးပိတို့ဖြင့် အားပါးတရ စားသောက်ပြီး ခရီးဆက်ခဲ့ကြပါသည်။ ဟာရိယာနားမြို့ကို ဖြတ် ကျော်လာစဉ် Guide မှ ၎င်းမြို့တွင် အိန္ဒိယကုန်တင်ကားကြီးများ ထုတ်လုပ်ရောင်းချကြောင်း၊ ကားသေးများလည်း အများအပြား ရှိကြောင်း ကားနံပါတ်များကို ဟာရိယာနားဆိုလျှင် HR၊ နယူး ဒေလီ ဆိုလျှင် DL ဘီဟာပြည်နယ်မှ ထွက်လျှင် BR စသည်ဖြင့် ခွဲခြားသိရှိနိုင်ကြောင်း ရှင်းပြပါသည်။

ဆက်လက်၍ နယူးဒေလီတွင် လူဦးရေသန်း (၂၀)ကျော် နေထိုင်ကြောင်း၊ အိန္ဒိယပြည်၏ မြို့တော်ဖြစ်၍ အစိုးရရုံးများ၊ အဆောက်အဦးများဖြင့် လွန်စွာစည်ကားကြောင်း ပြောဆိုရှင်းပြ ပါသည်။ ည ၉ နာရီခန့်တွင် Hotel Silver Three Star သို့ ရောက်ရှိပါသည်။ ဟိုတယ်တွင် အခန်းနေရာချပေးရာ နှစ်ယောက် ခန်းတစ်ခန်းတွင် ကျွန်မနှင့် ဒေါ်ကြည်ကြည်သန်း (ဟသ်ာတ)တို့ အတူတွဲ၍ နေရပါသည်။ အဆင့်မြင့်ဟိုတယ်ဖြစ်၍ အစစပြည့်စုံမှု ရှိပါသည်။ ခေတ္တနားနေ ရေချိုးပြီးသောအခါ ညစာကို ဟိုတယ် အပေါ်ဆုံးထပ် (လသာဆောင်)တွင် ကျွေးမွေးဧည့်ခံပါသည်။

ကြက်သား၊ ပဲဟင်း၊ ချာပါတီတို့ဖြင့် စား၍ ကောင်းပါသည်။ စားသောက်ပြီးသောအခါ လသာဆောင်မှ တစ်ဆင့် နယူးဒေလီမြို့၏ ညရှုခင်းကို စိတ်ဝင်တစား ကြည့်ရှု လေ့လာခဲ့ကြပါသည်။

## ၂-၄-၂၀၁၀ သောကြာနေ့

နံနက် ၆ နာရီတွင် ဟိုတယ်မှ ပေါင်မုန့်၊ ကြက်ဥကြော်၊ လက်ဖက်ရည်တို့ဖြင့် တည်ခင်း ကျွေးမွေးပါသည်။ နံနက်ပိုင်း တစ်ပိုင်းလုံး ကိုယ်ပိုင်အားလပ်ချိန်ရသဖြင့် ဟိုတယ်ပတ်ဝန်းကျင် တစ်ဝိုက် ဈေးဝယ်ရင်း ကြည့်ရှုလေ့လာသည့်အခါ နယူးဒေလီ၏ နေရာတချို့တွင် လူနေမှုစနစ် သန့်ရှင်းသပ်ရပ်မှု အားနည်းသည်ကို တွေ့ရှိခဲ့ရပါသည်။ သို့သော် ထူးခြားချက်တစ်ရပ်မှာ အိန္ဒိယ တိုင်းရင်းသားများသည် အလုပ်လုပ်ရာတွင် အားကြိုးမာန်တက် ရှိကြောင်းနှင့် ရောင်းဝယ်မှုလုပ်ငန်းများတွင် စေ့စပ်သေချာ တိကျမှုရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ ကျွန်မ အမှတ်ရမိသည့် အကြောင်းအရာကလေးတစ်ခု ရှိပါသည်။

သာပေါင်းမြို့နယ်၊ ဆောင်ပုံကျေးရွာတွင် နေထိုင်သော ကျွန်မမိတ်ဆွေ 'အန်တီနော်တူးတူးမာ' ပြောခဲ့သော စကားလေးပါ။ "ဆရာမကြီးရေ ကျွန်မသား ငယ်ငယ်တုန်းကလေ အိမ်နံရံက စာတစ်ပိုဒ်ကိုဖတ်ပြီး မေမေရေ တရုတ်ကြီးက လို့ရှာ၊ ကုလားကြီးက လိုစု၊ ဗမာလို မဖြုန်းနဲ့၊ အဲဒါ ဘာလဲတဲ့" ဒီတော့ အန်တီတူးက "သားရယ် တရုတ်လိုရှာ၊ ကုလားလိုစု၊ ဗမာလို မဖြုန်းနဲ့လို့ ပြောတာပါ" ဆိုပြီး ရယ်လိုက်ရတာလို့ ပြောခဲ့တာကို

တွေးလိုက်မိပါသည်။ ကျွန်မ အိန္ဒိယဘုရားဖူးစဉ် လေ့လာမိသမျှ အိန္ဒိယလူမျိုးများသည် အချိန်မဖြုန်း၊ ငွေမဖြုန်းဘဲ သွက်လက်စွာ လှုပ်ရှားသွားလာ လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို ကိုယ်တွေ့ မျက်မြင် လေ့လာ တွေ့ရှိခဲ့ရပါသည်။ ရှာဖွေရသမျှကိုလည်း စစ်စစ်စီစီသုံးစွဲ၊ စုစုဆောင်းဆောင်းမှု ရှိကြသည်ကို ငယ်စဉ်ကပင် ကြားနာမှတ်သားခဲ့ရသဖြင့် နမူနာယူစရာကောင်းသည်ဟု ခံစားမိပါသည်။

နေ့လယ် ၁၂ နာရီတွင် နယူးဒေလီရှိ India Gate (ဒုတိယကမ္ဘာစစ်တွင် ကျဆုံးသွားသော အိန္ဒိယစစ်သည်တော်များ၏ အမည်ရေးထိုးထားသော အထိမ်းအမှတ်ကျောက်တိုင်)ကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။ မှတ်တမ်းဓါတ်ပုံများ၊ ဗီဒီယိုများ ရိုက်ကူးခဲ့ကြပါသည်။ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး မငြိမ်းသော မီးရှူးတိုင်ကြီးကိုလည်း တွေ့ရှိခဲ့ပါသည်။ အိန္ဒိယပြည် လွတ်လပ်ရေးနေ့ရောက်လျှင် ၎င်းကွင်းပြင်ကြီးထဲတွင် အိန္ဒိယရိုးရာဝတ်စုံများ ဝတ်ဆင်၍ လွတ်လပ်ရေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း မှတ်သားခဲ့ရပါသည်။

ထိုမှ ဆက်လက်၍ ကားဖြင့် ထွက်ခွါလာရာ ဂိတ်ပေါင်း ၃၀၀ ကျော်၊ အခန်းပေါင်း ၃၀၀ ကျော် ရှိသည့် အိန္ဒိယသမ္မတအိမ်တော်ကို ကားပေါ်မှပင် ကြည့်ရှုလေ့လာခဲ့ပါသည်။ အိန္ဒိယတွင် ကွန်ဂရက်ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ရာဂျစ်ဂန္ဒီ၏ဇနီး အီတလီသူ ဆိုနီယာဂန္ဒီဖြစ်ပါသည်။ နိုင်ငံခြားသူ ဖြစ်သော်လည်း မိမိအမျိုးသားနှင့် အိန္ဒိယပြည်ကို ချစ်မြတ်နိုးသည့်

အတွက် အိန္ဒိယပြည်၏ အကျိုးစီးပွားကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်ကို ကြားသိခဲ့ရသဖြင့် အမျိုးသမီးထု တစ်ရပ်လုံး ကိုယ်စား ဝမ်းသာဂုဏ်ယူမိပါသည်။ နယူးဒေလီမြို့ရှိ အစိုးရ အဆောက်အဦများ၊ ရုံးများ၊ ကျောင်းများကိုလည်း ကားဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပါသည်။ ထို့နောက် နယူးဒေလီ မြို့ရှိ ဟိန္ဒူဘုရားကျောင်းသို့ ရောက်ရှိခဲ့ပါသည်။ ဘုရားကျောင်း ထဲတွင် ဟိန္ဒူဘာသာဝင်တို့ ကိုးကွယ်သော မဟာဗြဟ္မာ၊ ဗိဿနိုး၊ သျှိဝရုပ်တုများ၊ လက္ခမီး၊ ကာလီမယ်တော်၊ မဟာပိန္နဲရုပ်တု များကိုလည်း လေ့လာကြည့်ရှုခဲ့ကြပါသည်။

ဆက်လက်ပြီး ဘဟာအီသာသနဝတ်ကျောင်းတော်ဟု ခေါ်သော (Lotus Tample) ကြာဖူးပုံဘုရားရှိခိုးကျောင်းကြီး ကိုလည်း ရောက်ရှိခဲ့ပါသည်။ ၎င်းကျောင်းတော်ကြီးထဲတွင် ငြိမ် သက်စွာ ထိုင်ကြပြီး နိုင်ငံအသီးသီးမှ ဘုရားဖူး လေ့လာသူများ သည် မိမိတို့ ဘာသာအလိုက် ဘုရားဝတ်ပြု ဆုတောင်းကြ ပါသည်။ ရည်ရွယ်ချက်မှာ ဘာသာမတူ၊ လူမျိုးမတူသော်လည်း ကမ္ဘာသူ၊ ကမ္ဘာသားအချင်းချင်း မိမိယုံကြည်ရာကိုးကွယ် ဆည်း ကပ်၊ ရှိခိုးပူဇော်ခြင်းဖြင့် အချင်းချင်း စည်းလုံးကြပါစေ၊ ညီညွတ် ကြပါစေ၊ ငြိမ်းချမ်းကြပါစေဟူသော ဆန္ဒမွန်ပင် ဖြစ်ပါသည်။ ဘုရားဝတ်ပြု ဆုတောင်းပြီး ခန်းမထဲမှ ထွက်ခွာလာသောအခါ အလွန် လှပ ဆန်းကြယ် ကြည်နူးဖွယ်ကောင်းသည့် ကြာဖူးပုံ ဘုရားကျောင်းကို ရှခင်း ရှုကွက်အဖုံဖုံဖြင့် အမှတ်တရ ဓါတ်ပုံများ ရိုက်ခဲ့ပါသည်။

ထိုမှတစ်ဖန် လွတ်လပ်ရေး ရရန် နှလုံးရည်ဖြင့် တိုက်ပွဲဝင်ခဲ့သည့် အိန္ဒိယပြည်၏ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီအိမ်တော်သို့ ရောက်ရှိခဲ့ပါသည်။ ထိုနေ့သည် သောကြာနေ့ အထူးရုံးပိတ်ရက်ဖြစ်သည့်အတွက် အိမ်တော်ထဲသို့ ဝင်ရောက်လေ့လာခွင့် မရခဲ့ပါ။ အိမ်တော်အပေါက်ဝရှိ မဟတ္တမဂန္ဒီပုံ၊ မဟတ္တမဂန္ဒီမိသားစုရုပ်ထုပုံများနှင့်သာ အမှတ်တရ ဓါတ်ပုံမှတ်တမ်းများ ရိုက်ခဲ့ကြပါသည်။

ထိုမှ ဆက်လက်ထွက်ခွါလာရာ ဘုရားဖူးများ၏ အဓိကရည်မှန်းချက်ဖြစ်သည့် မြတ်စွာဘုရားရှင် သတိပဋ္ဌာန်တရား ဟောကြားခဲ့သည့် နေရာတော်မြတ်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြပါသည်။ အသောကမင်းကြီးက စေတီတစ်ဆူ တည်ထားခဲ့သော်လည်း ကျွန်မတို့ ဖူးမြင်ရသည့်အချိန်တွင် ကျောက်တုံးများပေါ်တွင် သံတိုင်များ ဝန်းရံထားသည့် အမှတ်အသားကိုသာ တွေ့ရှိဖူးမြော်ရပါတော့သည်။ ၎င်းနေရာတော်မြတ်တွင် ဘုရားရှင်အားရည်မှန်း၍ ရွှေသင်္ကန်းကပ်၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ကြပါသည်။ ဘုရားဖူးအဖွဲ့သား အားလုံးလည်း ပဋ္ဌာန်းတရားတော်မြတ်ဖြင့် ရွတ်ဖတ် ပူဇော် ကန်တော့ခဲ့ကြပါသည်။

ဆက်လက်၍ ISKCON ဟိန္ဒူဘုရားကျောင်းသို့ ထပ်မံရောက်ရှိခဲ့ပါသည်။ ရာမ၊ လက္ခဏ၊ သီတာဒေဝီပုံတော်များကို အနုပညာလက်ရာမြောက်စွာ ထုလုပ်ထားမှုကို လေ့လာတွေ့ရှိခဲ့ပါသည်။ ဟိန္ဒူအမျိုးသား၊ အမျိုးသမီးများ သီဆိုတီးမှုတ်၍ ပူဇော်နေကြသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

ညနေ ၆ နာရီခန့်တွင် နယူးဒေလီရှိ Shopping plaza (Ansal plaza) သို့ ရောက်ရှိကြပါသည်။ အိန္ဒိယပြည်ထွက် အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ အမျိုးသမီးအသုံးအဆောင်များ၊ အဝတ်အစားများ၊ အလှပြင်ပစ္စည်းများ၊ လက်ဝတ်ရတနာများ အစရှိသဖြင့် စုံလင်စွာ ခင်းကျင်း ရောင်းချနေသည်မှာ ဝယ်ချင်စရာပင် ဖြစ်ပါသည်။ ကျွန်မတို့ ဘုရားဖူးအဖွဲ့များလည်း မိမိတို့နှစ်သက်ရာ ပစ္စည်းများ ဝယ်ယူခဲ့ကြပါသည်။ ညစာအတွက် Plaza မှ ဝယ်ယူလာသော ကြက်သားဟမ်ဘာဂါ၊ အာလူးကြော်၊ ကော်ဖီပူပူသောက်သုံး၍ ကားပေါ်တွင်ပင် မြိန်ယှက်စွာ စားသောက်ကြပါသည်။ ဆက်လက်၍ ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေ သာဓုခေါ်ကာ ခရီးဆက်ခဲ့ကြပါသည်။ ညနက် ၄ နာရီတွင် သက်သာနဂိုရ်မြန်မာဘုန်းတော်ကြီးကျောင်းသို့ ပြန်လည်ရောက်ရှိကြပါသည်။

■

## တာဝတိံသာနတ်ပြည်မှ သက်ဆင်း၊ သင်္ကဿနဂိုရ်ပြည်တွင်း

**၃–၄–၂၀၁၀ (စနေနေ့)**

နံနက် ၆ နာရီတွင် မုန့်ဟင်းခါး၊ လက်ဖက်ရည်တို့ဖြင့် သုံးဆောင်ကြပြီး နံနက် ၈ နာရီ ၃၀ မိနစ်တွင် ဘုန်းတော်ကြီး ကျောင်းမှ ဘုရားဖူး ထွက်ခွာလာကြရာ ကားလမ်းဘေး၊ ပတ်ဝန်းကျင်တစ်လုံးတွင် စိမ်းစိမ်းစိုစိုဖြင့် စိတ်အေးချမ်းမြေ့မှု ရှိလှပါသည်။

သင်္ကဿနဂိုရ်၏ အဓိပ္ပါယ်မှာ သံဃာများ စုဝေးခြင်းဟု အဓိပ္ပါယ်ရှိကြောင်း၊ မြတ်စွာဘုရားရှင်သည် ခက်ခဲနက်နဲ သိမ်မွေ့လွန်သည့် အဘိဓမ္မာတရားတော်ကို နတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအမှူးပြု၍ နတ်ဗြဟ္မာအပေါင်းတို့ကို ဝါတွင်း ၃–လတိုင်တိုင် အကျယ်ချဲ့ဟောကြားတော်မူခဲ့ပါသည်။ ဆွမ်းခံကြွတော်မူချိန်တွင် ဘုရားရှင်သည် နိမ္မိတရုပ်ပွါးကိုယ်တော်ဖန်ဆင်းကာ အဘိဓမ္မာတရားတော်ကို ကိုယ်စား

ဟောကြားရန်မိဋ္ဌာန်ခဲ့ပြီး မြောက်ကျွန်းတွင် ဆွမ်းခံ၊ အနော်တတ ရေအိုင်အနီးတွင် ဆွမ်းဘုဉ်းပေး၍ နေ့သန့်တော်မူစဉ် ဝတ်လာ ဖြည့်သော လက်ယာတော်ရံ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ကို အဘိဓမ္မာတရားတော်ကို အကျဉ်းချုပ် ဟောပြတော်မူပါသည်။

ကဿပဘုရားရှင်လက်ထက်တော် ကျောက်ဂူကြီး တစ်ခု အတွင်း ရဟန်းနှစ်ပါးမှ အဘိဓမ္မာတရားတော်ကို ရွတ်ဆိုတော် မူကြစဉ် ဂူအမိုးနံရံတွင် တွယ်ကပ်နေကြသော လင်းနို့သား ငါးရာ သည် တရားအဓိပ္ပါယ်ကို နားမလည်သော်လည်း တရား အသံ တော်ကို ကြည်ညို နားစိုက်ထောင်ရင်း ကွယ်လွန်သော် တာဝတိံသာ နတ်ပြည်တွင် နတ်သားငါးရာဖြစ်ကြသည်။ ၎င်း လင်းနို့ဘဝမှလာသော နတ်သားငါးရာသည် ဂေါတမမြတ်စွာ ဘုရားလက်ထက်တော်တွင် ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်း ငါးရာဖြစ်လာကြသည်။ အရှင်သာရိပုတ္တရာမထေရ်ကြီးသည် ဘုရားရှင်ထံမှ အကျဉ်းချုပ် နာကြားခဲ့ရသော အဘိဓမ္မာတရား တော်ကို သင်္ကဿနဂိုရ်တွင် ၎င်းရဟန်းတော်ငါးရာ၏ ဉာဏ်နား နှင့်တန်ရုံ ဝါတွင်းသုံးလပတ်လုံး နေ့စဉ် မကျဉ်းမကျယ် ပြန်လည် ဟောကြားတော်မူခဲ့ပါသည်။

သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် နတ်၊ ဗြဟ္မာအပေါင်းခြံရံလျက် ရွှေ၊ ငွေ၊ ပတ္တမြား စောင်းတန်းသုံးသွယ် ဖြင့် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ကြွဆင်းတော် မူရာ ရဟန်း၊ ရှင်လူပြည်သူအပေါင်းမှ ပန်း၊ ဆီမီး၊ အမွှေးတိုင် တို့ဖြင့် ထွန်းညှိပူဇော်ကန်တော့ကြပါသည်။ ကျွန်မတို့ မြန်မာ

ပြည်တွင် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ သတ်မှတ်၍ နှစ်စဉ်ပူဇော်ပွဲ ကျင်းပလေ့ရှိပါသည်။ ဗုဒ္ဓနှင့် ဗုဒ္ဓတရားကို လေးစားသမှုပြုခြင်း၊ ပူဇော်ကန်တော့ခြင်းကို အကြောင်းခံ၍ သီတင်းကျွတ် မီးထွန်းပွဲတော် ကျင်းပခြင်း ဖြစ်ပါသည်။

အသောကမင်းကြီးသည် သင်္ကဿနဂိုရ်တွင် အဘိဓမ္မာတရား ဟောကြားခဲ့သည့်နေရာ၌ ကြီးကျယ်ခမ်းနားလှသည့် ဗုဒ္ဓဝိဟာရ ကျောင်းတစ်ကျောင်းနှင့် ဘုရားလောင်းဆင်ဖြူတော် ကျောက်တိုင်တစ်တိုင် တည်ဆောက်ခဲ့ပါသည်။ ယခုလက်ရှိ အခြေအနေတွင် ကျောင်းဝိဟာရအစား အုတ်ပုံကြီးတစ်ခုအဖြစ်သာ တွေ့ရှိရသည်။ ဆင်ဖြူတော်ကျောက်တိုင်ကြီးသည်လည်း ကျိုးပဲ့နေသော ကျောက်တိုင်ကြီးအဖြစ်သာ တွေ့ရှိခဲ့ရပါသည်။

ကျွန်မတို့ ဘုရားဖူးအဖွဲ့သည် ဆရာတော်ဘုရားနှင့်အတူ မြတ်စွာဘုရား ဆင်းသက်တော်မူရာ ကုန်းတော်တွင်တည်ထားသော အာစာရစေတီနံဘေးတွင် ထိုင်၍ ဘုရားရှင်အား ရည်မှန်းကာ ပဌာန်းဒေသနာတော်မြတ်ဖြင့် ရွတ်ဖတ်ပူဇော် ကန်တော့ခဲ့ကြပါသည်။

တစ်ဖန် ဆရာတော်မှ အရှင်သာရိပုတ္တရာရဟန္တာမြတ်ကြီး သီတင်းသုံးရာ ကျောင်းတော်ရာနေရာကို ပြပါသည်။ ၎င်းနေရာတွင် အသောကမင်းကြီးမှ ကျောက်တိုင် စိုက်ထူခဲ့ပါသည်။ ၎င်းကျောက်တိုင်သည်လည်း ပျက်စီးယိုယွင်း၍ ကျောက်တိုင်ငုတ်တိုကလေးအဖြစ် အထိမ်းအမှတ်တစ်ခုသဖွယ် ဝမ်းနည်းဖွယ် တွေ့မြင်ပူဇော်ခဲ့ရပါသည်။ အသောကမင်းကြီးသည် ကျောက်တိုင်များ

စိုက်ထူခဲ့ရာတွင် ဆင်ရုပ်၊ မြင်းရုပ်၊ ခြင်္သေ့ရုပ်၊ နွားရုပ်များကို ကျောက်တိုင်ထိပ်ဖျားတွင်ထား၍ ထုလုပ်လေ့ရှိပါသည်။ သဘော အဓိပ္ပါယ်မှာ သာသနာပြုရာတွင် နွားကဲ့သို့သည်းခံ၊ ခြင်္သေ့ကဲ့သို့ ရဲရင့်၊ မြင်းကဲ့သို့ လျင်မြန်၊ ဆင်ကဲ့သို့ အင်အားအပြည့်ဖြင့် ဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်၍ ထုလုပ်ထားခြင်းဖြစ်သည် ဟု ဆရာတော်မှ ရှင်းလင်းဟောကြားပါသည်။ ညနေ ၆ နာရီ တွင် ညစာစားသုံးကြပြီးနောက် သက်ဿနဂိုရ်မှ သာဝတ္ထိသို့ ကားဖြင့် ထွက်ခွာလာခဲ့ကြပါသည်။ ကားပေါ်တွင် ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေ၊ သာဓုခေါ်ဆို ကြပါသည်။ နောက်တစ်နေ့ နံနက် ၅ နာရီ ၃၀ မိနစ်တွင် သာဝတ္ထိမြန်မာကျောင်း (ယူပီ ပြည်နယ်) သို့ ရောက်ရှိခဲ့ပါသည်။

■

## ကောသလတိုင်း၏မြို့တော် သာဝတ္ထိသို့

**၄–၄–၂၀၁၀ (တနင်္ဂနွေနေ့)**

နံနက်စောစောတွင် သာဝတ္ထိမြန်မာကျောင်းသို့ ရောက်သည်။ မိမိတို့တည်းခိုရမည့် အဆောင်များတွင် ခေတ္တနားနေအပန်းဖြေကြပါသည်။ နံနက်စာအဖြစ် ချာပါတီ၊ ပဲအာလူး၊ လက်ဖက်ရည်၊ ဘီစကစ်တို့ သုံးဆောင်ပြီး ယူပီပြည်နယ် သာဝတ္ထိမြန်မာကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုရာ ဆရာတော်ဦးဥာဘာသ (သာဝတ္ထိမြန်မာကျောင်း) ရေးသားသော မဇ္ဈိမဒေသမြို့ရွာများမှ သမိုင်းရုပ်ကြွင်း ပုံရိပ်လွှာများ စာအုပ်ကိုတွေ့ရှိ၍ဝယ်ယူခဲ့ပါသည်။ ကျောင်းအဆောက်အဦးနံရံများတွင် ရေးသားထားသော ဘုရားဖူးလမ်းညွှန်၊ တစ်မြို့နှင့်တစ်မြို့ မိုင်တိုင် အကွာအဝေးများ၊ ဘာသာရေးအဆုံးအမစကားများကို တွေ့ရှိ၍ ဗဟုသုတအဖြစ် ရေးသားကူးယူခဲ့ပါသည်။ ရေမိုးချိုးနေ့လည်စာ စားသောက်ပြီးသောအခါ သာဝတ္ထိဇေတဝန်ကျောင်းတော်သို့ သွားရောက်ဖူးမြော်ကြပါသည်။

သာဝတ္ထိမြို့သည် ကောသလတိုင်းတွင်တည်ရှိ၍ ပသေနဒီကောသလမင်းနှင့် ဝိဋူဋ္ဌဘမင်းတို့ စိုးမိုးအုပ်ချုပ်ခဲ့ရာ ရာဇဓာနီမင်းနေပြည် ဖြစ်ခဲ့သည်။ "သာဝတ္ထိ" ဟူသော အဓိပ္ပါယ်သည် ဘုရားလောင်း သာဝတ္ထိရသေ့နေထိုင်ရာ၌ တည်ထားသောမြို့ (သို့) သဗ္ဗဓနံအတ္ထိတိသာဝတ္ထိ ဟူသော စကားအရ ချမ်းသာအကုန် ပြည့်စုံသော မြို့ဟုဖွင့်ဆိုနိုင်သည်။ မြတ်စွာဘုရားရှင်တိုင်း ညောင်စောင်းအခြေလေးဘက်ချရာ တတိယအဝိဇဟိတနေရာတော်မြတ်လည်း ဖြစ်သည်။ ဂေါတမဘုရားရှင်ကိုယ်တော်တိုင် နှစ်ခြိုက်ပျော်မွေ့၍ (၂၅) ဝါကာလပတ်လုံး သီတင်းသုံးနေထိုင်တော်မူသော မြို့လည်းဖြစ်သည်။

သာဝတ္ထိမြို့သည် ဟိမဝန္တာတောင်ခြေနှင့် မိုင် (၈၀) မျှသာဝေးကွာသဖြင့် နွေအခါ အပူရှိန်နည်း၍၊ ဆောင်းအခါသမယတွင် အအေးဓါတ်ပိုများသည်။ ဗာရာဏသီမှ ၃၄၇ ကီလို (၂၁၇မိုင်) ကွာဝေးပါသည်။ ကျွန်မတို့ ဘုရားဖူးအဖွဲ့လည်း ၄-၄-၂၀၁၀ တနင်္ဂနွေ နံနက်ပိုင်းတစ်ပိုင်းလုံး အနားယူအပန်းဖြေကြပါသည်။ ကျွန်မလည်း ခေတ္တနားနေစဉ်အတွင်း ဆရာတော်ဦးဩဘာသ (သာဝတ္ထိမြန်မာကျောင်း) ရေးသားတော်မူသော မဇ္ဈိမဒေသမြို့ရွာများမှ သမိုင်းရုပ်ကြွင်းပုံရိပ်လွှာများ စာအုပ်ကို ဖတ်ရှုခဲ့ရာ သာဝတ္ထိနှင့် ပတ်သက်သည့် အကြောင်းခြင်းရာများတွင် စိတ်ဝင်တစား ဖတ်ရှုလေ့လာမိပါသည်။

မြတ်စွာဘုရား လက်ထက်တွင် သာဝတ္ထိမြို့ကို အုပ်ချုပ်သောဘုရင်သည် ပသေနဒီကောသလမင်း ဖြစ်သည်။ ၎င်းမင်း

သည် အလွန်အစားကြီးသဖြင့် ဗိုက်ခေါက်သည် မြစ်ကဲ့သို့ ချိုင့်ခွက် လမ်းကြောင်းထင်နေသည် ဘုရားရှင်မှ ကျန်းမာရေးနှင့် ညီညွတ် သော အစာစားနည်း ဟောပြော သွန်သင်မှုဖြင့် ဆန် တစ်စိပ်ချက် စားသုံးရာမှ တစ်ကွမ်းစာ ထမင်းကို စားသုံးခြင်းဖြင့် အစာ အာဟာရကို မျှတစေသည်။ ပသေနဒီကောသလမင်းသည် အစောပိုင်းတွင် ဂိုဏ်းဘာသာဝင် တစ်ဦးဖြစ်သော်လည်း နောက်ပိုင်း တွင် ဗုဒ္ဓ၏တရားတော်များကို နာကြား၍ ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည်လာပြီး မြတ်ဗုဒ္ဓအား အလွန်အမင်း ကြည်ညို ကိုးကွယ်ခဲ့ သော မင်းကောင်းမင်းမြတ် တစ်ပါးဖြစ်သည်။ ပသေနဒီကောသလ မင်း၌ ဥဗ္ဗိရီ၊ မလ္လိကာ၊ ဝါသဘခတ္တိယဟူသော မိဖုရားသုံးပါး ရှိသည်။ မလ္လိကာမိဖုရားသည် ဉာဏ်ပညာအမြော်အမြင်နှင့် ပြည့်စုံ ၍ ပသေနဒီကောသလမင်း ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ ပြုလုပ်ဝတ် သော အမှုမှန်သမျှကို သတိပေး ဆောင်ရွက်တတ်သူလည်း ဖြစ် သည်။ အတိတ်ဘဝတစ်ခု၌ ပသေနဒီကောသလမင်းအလောင်း သောတ္ထိသေန၏ဇနီး သမ္မုလဖြစ်ခဲ့ဖူးသည်။ နူနာရောဂါ စွဲကပ်နေ သူလင်သားအပေါ် သစ္စာကတိမပျက် ပေါင်းဖက် ပြုစုခဲ့သော ကြောင့် အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္မုလ၊ တော်လေးဝဝင် မိန်းမမြတ် ဖြစ်ခဲ့သည်။

ဝါသဘခတ္တိယမိဖုရားသည် ကောသလမင်းကြီးမှ မြတ်စွာ ဘုရားနှင့် ဆွေမျိုးတော်စပ်လို၍ ကပိလဝတ်ပြည် သာကီဝင်မင်း များထံ မင်းသမီးတစ်ပါး တောင်းရာ မဟာနာမ်မင်း၏ ကျွန်မကို မင်းသမီးဟု လိမ်ညာ၍ ပို့ခြင်းဖြင့် မိဖုရားဖြစ်လာသူ ဖြစ်သည်။

၎င်းမိဖုရားမှ ဝိဋူဍဘမင်းသားကို မွေးဖွားခဲ့သည်။ မင်းသား အရွယ်ရောက်၍ ကပိလဝတ်ရှိ ဆွေမျိုးများထံ အလည်သွား ရောက်ရာ မင်းသားအပြန်တွင် ကျွန်မသားဖြစ်သဖြင့် ၎င်းထိုင် ခဲ့သော ခုံကို နို့ဖြင့် ဆေးကြောရာ အကြောင်းစုံ သိရှိသောအခါ အငြိုးထားခဲ့လေသည်။ မိမိဘုရင်ဖြစ်လာသောအခါ သာကီဝင် မင်းမျိုးတို့ကို သွား၍ သုတ်သင်လေသည်။ သုတ်သင်ပြီး ပြန် လာသောအခါ၊ သာဝတ္ထိမြို့အနီး အစိရဝတီမြစ်ကမ်း၌ တစ်ည တာ စခန်းချ ရပ်နားအိပ်စက်စဉ်၊ ဟိမဝန္တာတောင်ကျရေများ စီးဆင်းလာခြင်းကြောင့် ဝိဋူဍဘမင်းသည် စစ်သားများနှင့်အတူ တောင်ကျရေ၌ မျောပါသေဆုံးသွားလေသည်။ လူသားတို့၏ မာန်မာန၊ အငြိုးဝိတက်သည် လွန်စွာကြောက်မက်ဖွယ် ကောင်း သည်။ မိမိလည်း အကျိုးမရှိ။ သူတပါးလည်း အကျိုးယုတ် နစ်ဦးနစ်ဝ ပျက်စီးခြင်း အကျိုးပါတကားဟု သံဝေဂ ယူမိပါသည်။

ပသေနဒီကောသလမင်း၏ နှမတော်တစ်ပါးဖြစ်သော ဝေဒေဟီသည် ရာဇဂြိုဟ်မြို့ ဗိမ္ဗိသာရမင်း၏ မိဖုရားတစ်ပါး ဖြစ် သည်။ သားတော် အဇာတသတ်မင်းကို မွေးဖွားခဲ့သဖြင့် ကောသလမင်းကြီး၏တူတော် ဖြစ်သည်။

သာဝတ္ထိပြည့်ရှင် ပသေနဒီကောသလမင်းကြီးလက်ထက် ၌ ထင်ရှားသော စစ်သူကြီးသုံးဦးရှိသည်။ ဗန္ဓုလ၊ သားတော် ဝိဋူဍဘ၊ ဒီဃကာရာယနတို့ ဖြစ်သည်။ ဗန္ဓုလသည် ကောသလ မင်းကြီးနှင့် ကျောင်းနေဖက် မိတ်ဆွေဖြစ်သည်။ မလ္လတိုင်းမှ ကောသလမင်းထံ စစ်သူကြီးအဖြစ် အမှုထမ်းနေသူ ဖြစ်သည်။

စစ်သူကြီးကတော်မှာ ကုသိနာရုံမင်း၏ သမီးတော် မလ္လိကာဖြစ်သည်။ သားတော် (၃၂)ပါး မွေးဖွားသည်။ ပသေနဒီကောသလမင်းကြီးသည် ဗန္ဓုလစစ်သူကြီးနှင့် သားတော်များအား အထင်မှားပြီး သတ်ရန် အမိန့်ပေးခဲ့သည်။ ပသေနဒီကောသလမင်းကြီး၏ ဘဝတစ်သက်တာတွင် ပြင်၍မရနိုင်သော အမှားနှစ်ခု ရှိခဲ့သည်။ ဗန္ဓုလစစ်သူကြီးနှင့် သား(၃၂)ယောက်ကို သတ်ရန် အမိန့်ပေးခဲ့မှုနှင့် တိတ္တိတို့ထံမှ ငွေတစ်သိန်း လာဘ်စားခဲ့မှုတို့ ဖြစ်သည်။ မင်းကြီးသည် ဗန္ဓုလစစ်သူကြီးနှင့် သားများအား သတ်မိခြင်းအတွက် နောင်တရ၍ ဝိဋူဍဘထံမှ စစ်သူကြီးရာထူးကို ဗန္ဓုလ၏တူ ဒီဃကာရာယနထံ လွှဲပြောင်းပေးခဲ့သည်။ သို့ရာတွင် ဘုရင်ဖြစ်လိုသူ ဝိဋူဍဘနှင့် ဦးရီးတော်(ဗန္ဓုလစစ်သူကြီး) သေဆုံးရခြင်းအတွက် ကလဲ့စားချေလိုသူ ဒီဃကာရာယနတို့ ပူးပေါင်းကြံစည်မှုဖြင့် ကောသလမင်း ရာဇဂြိုဟ်ပြည်သို့ ထွက်ပြေးရသည်။ အသက်ရှစ်ဆယ်ကျော်အရွယ် ခရီးကလည်း ပင်ပန်းလှသဖြင့် ရာဇဂြိုလ်မြို့လမ်းနံဘေး ဇရပ်တစ်ခုပေါ်တွင် ကောသလမင်းကြီး ဘဝနိဂုံးချုပ်သွားရလေသည်။ တိုင်းကြီးပြည်ကြီးသခင် ရှင်ဘုရင်ကြီးတစ်ပါးဖြစ်၍ ဘုန်းမီးနေလ တောက်ပခဲ့သော်လည်း ကံကြမ္မာအလှည့်အပြောင်းတွင် ဘဝကူးမကောင်းခဲ့မှုကို ကြားနာမှတ်သားရပြန်သောအခါ 'လောကဓံတရား၊ ဤရှစ်ပါးတွင်၊ ရာထူးစည်းစိမ်မြင့်ခဲတုံလည်း၊ လျှောကျ နောက်ဆုံးရှိချေပြီ' ဟု တရားသံဝေဂွား မိပါသည်။

ထိုမှတဖန် ကျွန်မငယ်စဉ်က ဖတ်ရှုမှတ်သားခဲ့သော

ကောသလမင်း အိပ်မက် (၁၆)ချက်သည်လည်း ကျွန်မ၏ အတွေး ထဲတွင် ဆင့်ကဲ၍ ပေါ်လာပြန်ပါသည်။

**ကောသလမင်းအိပ်မက် (၁၆) ချက် (ရှစ်လုံးဘွဲ့)**

(၁) နွားနက်လေးခု၊ ဝှေ့မှုဟန်ပြင်၊
မဝှေ့ကြဘဲ ရှောင်လွှဲသည်မြင်
အရှေ့အနောက် တောင်မြောက်မိုးဆင်
ချိန်းသံပေး မိုးဝေးလွင့်ပျောက်စင်။

(၂) မြေကမကြွ ငယ်လှသစ်ပင်
ဖူးငုံရင့်ပြီး၊ ပွင့်သီးတွေမြင်
အရွယ်မလှ ပျိုစမဝင်
သမီးသား လင်သား အိမ်ထောင်ချင်။

(၃) ယနေ့ဖွားစ နွားငယ်နို့သာ
မိခင်နွားကြီး စို့ပြီးနေရှာ
သမီးနှင့်သား၊ စီးပွားပိုင်ရာ
မိနှင့်ဘ ကျွေးမှ စားရရှာ။

(၄) နွားမကြီးမကြိုက်၊ ဝန်တိုက်နွားငယ်
မရုန်းနိုင်ဘဲ၊ ဝပ်လဲနေတယ်
ကြီးသူဖယ်ထား၊ မြှောက်စားလူငယ်
တိုင်းပြည်ရေး ရှုပ်ထွေးပေတော့မယ်။

(၅) ခံတွင်းနှစ်ခွ၊ မြင်းလှရာဇာ
ကျွေးကျွေးသမျှ မဝနိုင်ပါ

မှူးမတ်မင်းစိုး၊ လာဘ်ထိုးသူရှာ
နူတ်တက်စား တရားစီရင်မှာ။

(၆) ခွေးအိုထံဆက် ရွှေခွက်သိန်းတန်
ကျင်ငယ်အမြဲ ခွက်ထဲစွန့်ပြန်
မျိုးမြတ်သမီး၊ ပစ္စည်းမက်ဟန်
အမျိုးယုတ် လင်လုပ်ပေါင်းဆက်ဆံ။

(၇) ရှေ့ကကျစ်ချ၊ လွှန်စကြိုးကို
'ခွေးမ' ခိုးစား၊ ကိုက်ဝါးကာမျို
လင်ကြီးပစ္စည်း၊ သိမ်းဆည်းမသို
လင်မြှောင်အား မယားလောကွတ်ပို။

(၈) အိုးငယ်ချည်းနှီး၊ အိုးကြီးရေလျှံ
အိုးကြီးကိုပဲ ရေဆွဲလောင်းပြန်
ဆင်းရဲသူများ၊ ဝတ်စားမကျန်
အခွန်တွက် နှိပ်စက်ငွေတောင်းခံ။

(၉) ကြာမျိုးငါးဝ၊ ပွင့်ကြရေကန်
ရေလယ်နှောက်လျက်၊ ကမ်းဘက်ကြည်ပြန်
မြို့တွင်းပွေရှုပ်၊ ခွန်တုပ်ကောက်ခံ
မြို့ပြင်ထွက် ပြည့်နှက်စည်ကားရန်။

(၁၀) တစ်အိုးတည်းချက် အကျက်မညီ
ထမင်းမာဆတ်၊ ပျော့နပ်သုံးလီ
မင်းနှင့်လူများ၊ တရားမမီ
မိုးသုံးစား ကွက်ကျားရွာချမည်။

(၁၁) မွေးနံ့ထုံကြူ၊ စန္ဒကူးသိန်းတန်
ပုန်းရည်နှင့်လဲ သုံးစွဲခါပြန်
အလင်္ကာများ တရားဖိုးတန်
ငွေနှင့်လဲ အမြဲဟောမည်မှန်။
(၁၂) သံကြေးမပေါင်း၊ ဘူးတောင်းဘူးအုံ
ရေတွင်စုပ်စုပ်၊ နစ်မြုပ်လုံးစုံ
ပညာရှိများ စကားဥသုံ
ပြောသမျှ လောက မသုံးကုန်။
(၁၃) အိမ်လုံးတောင်လုံး၊ ကျောက်တုံးကျောက်ဖျာ
ရေမှာဖွားဖွား ထင်ရှားပေါ်လာ
ရဟန်းရှင်ဆိုး လူဆိုးများသာ
ဂုဏ်ရောင်တိုး တန်ခိုးပေါ်ထွက်မှာ။
(၁၄) အဆိပ်ပြင်းတောက်၊ မြွေဟောက်ကြီးကို
ဖားငယ်မများ၊ ကိုက်ဝါးကာမျို
ကညာယူထား၊ သက်ကြားဘိုးအို
မယားဆဲ၊ အမြဲအောက်ငေါက်ဆို။
(၁၅) အဆင်းမည်းနက်၊ ကျီးငှက်ထံမှာ
ဟင်္သာအများ ခစားနေပါ
ပညာသီလ၊ ပြည့်ဝသူဟာ
သူယုတ်အား ဝပ်တွားနေရရှာ။
(၁၆) ဆိတ်ကိုမြင်ငြား၊ ကြောက်အားပြင်းထန်
ခြသေ့်သစ်ကျား ခုန်လွှားပြေးပြန်

သူယုတ်မာများ ထောင်လွှားနိုင်ငံ
သူတော်ကောင်း ပုန်းအောင်းတောမြိုင်ယံ။

ကောလသမင်းကြီးသည် မြတ်စွာဘုရားရှင်အား အိပ်မက်များအကြောင်း လျှောက်ထားမေးမြန်းသောအခါ မြတ်စွာဘုရားရှင်မှ အသင်မင်းကြီး နောင်အနာဂတ်တွင် ဟိရီ (မကောင်းမှုပြုရန် ရှက်ခြင်း)၊ဩတ္တပ္ပ (မကောင်းမှုပြုရန် ကြောက်ခြင်း) တရားများ ကင်းမဲ့ကာ လူတို့၏သက်တမ်း တိုလာသည်နှင့်အမျှ ကိုယ်ကျင့်တရားများလည်း ပျက်ပြားကာ သင်၏အိပ်မက်ပါ အကြောင်းများအတိုင်း ဖြစ်ပျက်လာလိမ့်မည်ဟု ဟောကြားတော်မူခဲ့ပါသည်။

လူသားတို့၏ စွဲလမ်းတပ်မက်မှုတဏှာတွင် လောဘ၊ ဒေါသ မောဟအရင်းခံ၍ အမှားကိုအမှန်၊ အဆိုးကို အကောင်းထင်၊ အကျိုးအကြောင်းမမြင်တော့ပဲ ဖေါက်ပြန်ပျက်စီး၍ အပါယ်လေးဘုံကို ရှေ့ရှုနေသည့် ဖြစ်ပျက်နေမှုကို အတွေးထဲမှာပင် ကြက်သီးထခမန်း သံဝေဂတရား ပွါးများဆင်ခြင်မိပါသည်။

နံနက် ၁၁ နာရီတွင် နေ့လည်စာ ထမင်းနှင့်ဟင်းများ စားသောက်အပြီး ကားဖြင့် ဇေတဝန်ကျောင်းသို့ ထွက်ခွာလာခဲ့ပါသည်။ သာဝတ္ထိသည် အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ သာဝတ္ထိခရိုင် ဆဟဲ့(သ်)၊ မဟဲ့(သ်)နေရာ ဖြစ်သည်။ ဆဟဲ့(သ်)သည် ဇေတဝန်ကျောင်းတော်ရာဖြစ်ပြီး မဟဲ့(သ်)သည် သာဝတ္ထိမြို့ (သို့) နန်းတော်ရာ ဖြစ်သည်။

သာဝတ္ထိမြို့ရှိဇေတဝန်ကျောင်းတော်ကြီးသည် အနာထပိဏ် သူဌေးကြီးက ဇေတမင်းသား၏ ဥယျာဉ်ခြံမြေကို ရွှေအသပြာ

(၅၄) ကုဋေ အကုန်ခံ၀ယ်ယူ၍ ဗုဒ္ဓမြတ်စွာအား ရည်မှန်းကာ မွန်မွန်မြတ်မြတ် ဆောက်လုပ်လှူဒါန်းထားသော ကျောင်းတော်ကြီး ဖြစ်ပါသည်။ ဇေတ၀န်ကျောင်းတော်ကြီးတွင် ထင်းရှူးပင်ကုဋိ၊ ကြို့ပင်ကုဋိ၊ မူလဂန္ဓကုဋိ၊ ကာဒက်ပင်ကုဋိတို့ကိုလည်း ဖူးတွေ့ခဲ့ရပါသည်။

မြတ်စွာဘုရားရှင်သည် သာ၀တ္ထိမြို့၌ ၂၅ ၀ါတိုင်တိုင် ၀ါဆိုတော်မူခဲ့သည်။ ယနေ့မြင်တွေ့နေရသော ပိဋကသုံးပုံကျမ်းများသည် ဇေတ၀န်ကျောင်းနှင့် ပုဗ္ဗာရုံကျောင်းတော်တို့တွင် အကြိမ်အများဆုံး ဟောကြားခဲ့ပါသည်။ ဇေတ၀န်ကျောင်းတော်တ၀ိုက်တွင် (၁) ဂိလာနရဟန်း သီတင်းသုံးနေထိုင်သည့် စေတီတော်နေရာ (၂) အာနန္ဒာဗောဓိ (၃) မြတ်စွာဘုရားရှင် ရုံဖန်ရံခါ သီတင်းသုံး၍ အရှင်အာနန္ဒာ သီတင်းသုံးသည့် ကြို့ပင်ကျောင်း (၄) မူလဂန္ဓကုဋိတိုက်နေရာ (၅) ဓမ္မပါလတရားဟောပလ္လင်တော်နေရာ (၆) ရဟန်းများအား ဒုလ္လဘတရားငါးပါး ဟောရာနေရာများကို ဖူးတွေ့နိုင်ပါသည်။

ဇေတ၀န်ကျောင်းတော်အ၀င်၀တွင် အာနန္ဒာဗောဓိပင်ကို ဖူးတွေ့ရပါသည်။ မြတ်ဗုဒ္ဓ၏ မိန့်ကြားချက်အရ အခြားနေရာဒေသများသို့ ဒေသစာရီ ကြွချီစဉ် ဗုဒ္ဓကိုယ်စား ကိုးကွယ်ဆည်းကပ်နိုင်ရန် အရှင်အာနန္ဒာမထေရ်မြတ်ကြီး ဦးဆောင်စိုက်ပျိုးခဲ့သဖြင့် အာနန္ဒာဗောဓိပင်ဟု ခေါ်ကြောင်း ကျမ်းနှာမှတ်သားခဲ့ရပါသည်။ ဗုဒ္ဓဘာသာ၀င်တို့ အလေးအမြတ်ထား၍ ပူဇော်ကန်တော့သော သမိုင်း၀င် ညောင်ပင်ကြီး ဖြစ်ပါသည်။

အိန္ဒိယတွင် ဗောဓိပင် (၃)မျိုးရှိပါသည်။ ဗုဒ္ဓဂယာရှိ ဗောဓိပင်ကို မဟာဗောဓိ၊ သာဝတ္ထိဇေတဝန်ကျောင်းတွင်းရှိ ဗောဓိပင်ကို အာနန္ဒာဗောဓိ၊ သီရိလင်္ကာဗောဓိပင်ကို သီဟိုဠ်ဗောဓိဟူ၍ ခေါ်ဆိုကြပါသည်။ မဟာဗောဓိအရွက်သည် အနည်းငယ်ထူ၍ အာနန္ဒာဗောဓိရွက်သည် အနည်းငယ် ပါးသည်ကို သတိထားမိခဲ့ပါသည်။

သာဝတ္ထိမြို့ရှိ ပုဗ္ဗါရုံကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သူမှာ ကျောင်းအမကြီး ဝိသာခါဖြစ်သည်။ ဝိသာခါ၏ ဖခင် ဓနဉ္စယသူဌေးကြီးသည် ဗိမ္ဗိသာရမင်းကြီးနှင့် ကောသလမင်းကြီးတို့၏ မေတ္တာရပ်ခံချက်အရ ကောသလပြည် သာကေတမြို့၌ လာရောက်အခြေချ နေထိုင်ခဲ့သည်။ သမီး ဝိသာခါကို သာဝတ္ထိမြို့နေ သူဌေး မိဂါရ၏သားနှင့် အိမ်ထောင်ချပေးခဲ့သည်။ သမီး ဝိသာခါအား သာဝတ္ထိမြို့တော်သို့ မသွားမီ ဆုံးမဩဝါဒ ပေးခဲ့သည်။ (ကြာနီကန်ဆရာတော်ဘုရား ဟောကြားခဲ့သည့် ချွေးမလိမ္မာ ဝိသာခါဇာတ်တော်မှ ကြားနာမှတ်သားခဲ့ရသည်။)

၁။ အတွင်းမီး၊ အပြင်မသယ်နှင့်။ အိမ်တွင်းရေးပြဿနာကြီးငယ်ကို မိမိပတ်ဝန်းကျင်တွင် မပြောကြားရန်။

၂။ အပြင်မီး အတွင်းမသွင်းနှင့်။ ပြင်ပက ပြဿနာကြီးငယ်ကို၊ မိမိအိမ်တွင်းသို့ သယ်ဆောင်မလာရန်။

၃။ မီးကို ရှိသေပါ။ ယောက္ခမများနှင့် [illegible]ယောက်ျားကို အမြဲဦးထိပ်တင် ရှိသေလေးစားရန်။

၄။ မီးကို လုပ်ကျွေးပါ။ ယောက္ခမများနှင့် လင်သားကို မိမိ

တာဝန်၊ ဝတ္တရားနှင့်အညီ ပြုစုလုပ်ကျွေးရန်။
၅။ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ၊ အိမ်ထောင်ဘဝကို ရှင်သန်ရန် မိသားစုတွင် သက်ကြီးဝါကြီးများကို ကျွေးမွေးပြုစုပြီးမှ မိမိစားသုံးရန်။
၆။ ရဟန်း၊ သံဃာတော်များကို ရိုသေစွာ ဆည်းကပ်ပူဇော်ရန် တို့ဖြစ်ပါသည်။

တစ်နေ့သ၌ ယောက္ခမမိဂါရသည် မိမိကိုးကွယ်သည့် ဂျိန်းဘုန်းကြီး (ကိုယ်လုံးတီးနေသူ) များအား ဆွမ်းကပ်ရန် ဝိသာခါအား တာဝန်ပေးရာ လူအများရှေ့တွင် ကိုယ်လုံးတီးဖြင့် ဟိရီ(ရှက်ခြင်း)၊ ဩတ္တပ္ပ(ကြောက်ခြင်း) မရှိသူများအား ဆွမ်းမကပ်နိုင်ဟု ငြင်းဆိုလေသည်။ သူဌေး မိဂါရသည် သူကိုးကွယ်သည့် ဆရာများအား မလေးမစား ပမာမခန့် လုပ်သည်ဟု ထင်မြင်ယူဆသွားလေသည်။

တစ်ဖန် ဗုဒ္ဓဘာသာဝင် ရဟန်းတစ်ပါး သူဌေးမိဂါရ၏ အိမ်ရှေ့ ဆွမ်းခံကြွသည်ကို မိဂါရသူဌေးကြီးသည် မမြင်ဟန်ပြု၍ အိမ်ထဲတွင် နံနက်စာစား၍ နေခဲ့သည်။ ထိုအခါ ဝိသာခါမှ "အရှင်ဘုရား ကျွန်ုပ်၏ ယောက္ခမကြီးသည် အစာဟောင်း (သိုးဟင်း၊ သိုးထမင်း)ကို မှီဝဲလျက် ရှိပါသည်။ ကန်တော့ဆွမ်းပါ ဘုရား"ဟု လျှောက်ထားလျှင် ချွေးမအပေါ် ဒေါသကြီးစွာ ထွက်ခဲ့ပါသည်။

သူဌေးမိဂါရမှ တိုင်တန်း၍ သီလ၊ သမာဓိနှင့် ပြည့်စုံသော ပဥ္စယသ (ခေါ်) ငါးဦးကော်မတီလူကြီးများရှေ့တွင် ဖြေရှင်းကြသောအခါ ဝိသာခါအမျိုးကောင်းသမီးက "ကျွန်မ၏ယောက္ခမ

ကြီးသည် အစာဟောင်းကိုသာ စားနေသည်''ဟု ပြောဆိုရခြင်းမှာ ရှေးအတိတ်က ပြုခဲ့သည့် ကုသိုလ်ကောင်းမှုတို့၏ အကျိုးပေး ဥစ္စာ စည်းစိမ်ကိုသာ စားသုံး ခံစားလျက်ရှိသည်။ အသစ်၊ အသစ်သော ဥစ္စာစည်းစိမ်ကို ပွါးများခြင်းမရှိ၊ အားထုတ်ခြင်း မရှိဟု ဆိုလိုရင်း ဖြစ်ပါသည်''ဟု သူဌေးမိဂါရ၏ စွပ်စွဲချက်ကို ရှင်းလင်း ဖြေဆိုလေသည်။

ဝိသာခါအမျိုးကောင်းသမီး ပြောကြားသည့်စကားများသည် နက်ရှိုင်းမှု ရှိ၏။ ရုတ်တရက် သဘောတရားများကို နားလည် သဘောပေါက်ရန် ခက်၏။ ရှင်းပြသောအခါမှ ဝိသာခါတွင် အပြစ်မရှိကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ချက်ချကြလေသည်။ သူဌေးမိဂါရလည်း မိမိ၏ မှားယွင်းမှုကို နားလည်သဘောပေါက်ပြီး လူကြီးများ၏ ရှေ့မှောက်တွင် ကျွန်ုပ်၏ အဝိဇ္ဇာဖုံးလွှမ်းနေသမျှကို ဖြိုခွင်း၍ အလင်းဆောင်ပေးနိုင်သူ၊ အမှန်လမ်းကို ပြနိုင်သူ ချွေးမဝိသာခါသည် ကျွန်ုပ်၏ဆရာနှင့် မိခင်ပမာ ဖြစ်ပါပြီဟု ဝန်ခံခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာသမိုင်းတွင် ဝိသာခါသည် 'မိဂါရမာတာ' အမည်ဖြင့် ကျော်ကြားခဲ့သည်။

တစ်ဖန်၊ သာဝတ္ထိမြို့သူ ပဋာစာရီအကြောင်းသည်လည်း ကျွန်မ၏အတွေးထဲတွင် ဝင်ရောက်လာပြန်ပါသည်။ သာဝတ္ထိမြို့နေ သူဌေးကြီးတစ်ဦး၏သမီးပင် ဖြစ်သော်လည်း ကံအကြောင်းမလှ၍ မိမိအိမ်မှ အခိုင်းအစေ ကျွန်ယောကျ်ားနှင့် ပေါင်းဖက်မိကာ ပင်ပန်းကြီးစွာ ဘဝကို ရုန်းကန်ခဲ့ရသည်။ သားနှစ်ယောက် ဖွားမြင်ပြီး မိဘရပ်ထံ ပြန်လာရာ လင်ကို မြွေကိုက်၊ မွေးဖွားစ

သားငယ်စွန်ချီ၊ သားကြီး ရေနစ်၊ မိဘနှင့်မောင်ငယ် အိမ်ပြို၍ သေဆုံး၊ ယူကြုံးမရ၊ အပူလုံးကြွကာ၊ အဝတ်အစား လုံးဝမကပ် တော့ဘဲ၊ ရှာစဉ်တစ်လျှောက် စိတ်ရူးပေါက်၍ အော်ဟစ်ငိုကြွေး စိတ်မအေးစရာ၊ လူလုံးမလှ ဖြစ်ရပုံများကို တွေးမိသည့်အခါ **"ဖြစ်ချင်တာလည်း မဖြစ်ရပါ၊ မဖြစ်ချင်တာတွေလည်း ဖြစ်ရမှာ၊ ၃၁–ဘုံဝဋ်အတွင်းရောက်တော့၊ ကရှတ်ကင်းလျှောက်သည့်၊ တေးဘုမ္မာ၊ အဲဒါ၊ အဲဒါ၊ အဲဒါ ဘဝသံသရာ"**ဟူသော စာရေးဆရာ ဒါရိုက်တာ ဆရာကြီးဦးသုခ၏ ဘဝသံသရာ သီချင်းထဲကအတိုင်း ဘုံမလှေ့၊ ကြုံတွေ့ရသမျှကို သတိသံဝေဂတရား ပွားများမိပါသည်။

ထိုမှတစ်ဖန် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်ကြီးတွင် မြတ်စွာဘုရားရှင် "ချစ်သမီး ပဋာစာရီ၊ သင်၏မိဘ၊ သားသမီး၊ ဆွေမျိုး၊ လင်ယောကျ်ား၊ မည်သူမဆို သင့်ကိုမှန်ကန်၍ အစစ်အမှန်ဖြစ်သော ခိုကိုးမှုကို မပေးစွမ်းနိုင်ချေ။ သန့်စင်သောသီလကို စောင့်ထိန်းကာ၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်သော မဂ္ဂလမ်းကိုလျှောက်ပါ။ ထိုလမ်းသာလျှင် ခိုကိုးမှု အစစ်အမှန်ကို ဖြစ်သွားကြောင်း" ဟူ၍ ဒေသနာတရား ဟောကြားတော်မူ၍ ဘိက္ခုနီ ရဟန္တာမတစ်ပါး ဖြစ်သွားကြောင်း ကြားနာရသဖြင့် သန္တရသခေါ် ငြိမ်းအေးမှု ပီတိကို ပွားများမိခဲ့ပါသည်။

သာဝတ္ထိတွင် အင်္ဂုလိမာလစေတီ(ပါကစ်ကိုင်္ဂ)နှင့် သုဒတ္တ (အနာထပိဏ်သူဌေး)စေတီ (ကာကျစ်ကုဋ္ဌိ) နှစ်ဆူရှိကြောင်းကို လည်း လေ့လာမှတ်သားခဲ့ရပါသည်။ အင်္ဂုလိမာလသည် ဆရာ

၏လမ်းညွှန်မှုဖြင့် လူတို့ကို သတ်ဖြတ်ကာ လက်ချောင်း တစ်ချောင်းစီကို ပန်းကုံးသဖွယ် သီကုံးချိတ်ဆွဲ၍ သာဝတ္ထိမြို့စွန် အန္ဓဝန်တောအုပ်ထဲတွင် လှည့်လည်ကျက်စားနေခဲ့သည်။ မြတ်ဗုဒ္ဓ၏ ဆုံးမညြဝါဒဖြင့် သိမ်မွေ့သော ရဟန်းတော်တစ်ပါးအဖြစ် စိတ်နှလုံးပြောင်းလဲမှုကို ပြန်လည်တွေးတော ဆင်ခြင်မိသောအခါ လောကတွင် ဆရာတင်များပါက တစ်သံသရာလုံး မှောက်၍ အပါယ်လေးဘုံမှ တက်နိုင်မည် မဟုတ်ကြောင်းနှင့် သူတော်ကောင်းဘုရားရှင်နှင့် တွေ့၍သာ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ပုံကို သတိတရားလက်ကိုင်ထား၍ သံဝေဂတရား ထပ်ပွားမိပြန်ပါသည်။

သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှ အရှေ့တောင်ဖက်တစ်မိုင်အကွာတွင် ဘုရားရှင် တာဝတိံသာနတ်ပြည်သို့ ကြွမြန်းသောနေရာတော်မြတ် ရှိသည်။ ထိုနေရာတော်မြတ်ကို သရက်ဖြူကုန်းဟု ခေါ်၍ တိတ္ထိများအား ဆုံးမရန် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ခန္ဓာကိုယ်မှ ရေမီးအစုံ တန်ခိုးပြာဋိဟာ ပြတော်မူပြီး ၂ လှမ်း ၃ ဖဝါးဖြင့် တာဝတိံသာနတ်ပြည် တက်တော်မူခဲ့သည်။ ကပိလဝတ်တွင် တစ်ကြိမ်၊ သာဝတ္ထိမြို့ သရက်ဖြူကုန်းတွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ရေအစုံ၊ မီးအစုံ တန်ခိုးပြာဋိဟာပြတော်မူခဲ့သည်။ ထိုနေရာ၌ အသောကမင်းကြီးသည် စေတီနှင့် ကျောက်စာတိုင် အမှတ်အသားပြုခဲ့သည်။ ယခုအခါတွင် ကျောက်စာတိုင် ပျောက်သွား၍ စေတီကြီးသည် ပြိုကျပျက်စီးကာ ကုန်းမြင့်ကြီးဖြစ်နေသည်ကိုသာ တွေ့ရှိဖူးမြော်ခဲ့ရပါသည်။

သာဝတ္ထိသည် ယခင်က ဥစ္စာနေချမ်းသာကြွယ်ဝသူများ

နေထိုင်ရာမြို့ဖြစ်သည်။ သာဝတ္ထိမြို့တွင် ထိုင်းအမျိုးသမီးခေတ်သစ် ဝိသာခါ (ဒေါက်တာမဟာမွန်ဂိုချနရီ) ယောဂီတည်ထားကိုးကွယ်သော ကေ ၅၀၀ ကျော်ရှိ ဘုရားပရဝုဏ်အတွင်းသို့ရောက်ရှိ ဖူးမြော်ခဲ့ရပါသည်။ သစ်ပင်ပန်းမာန်များ စီစီရီရီ စိုက်ထား၍ အလွန်အေးချမ်းသာယာလှပါသည်။ ဘုရားရှင်အား ရည်မျှော်မှန်း၍ ဖူးမြော်ကန်တော့ရင်းပင် ထိုင်းယောဂီအား မေတ္တာပို့အမျှဝေ သာဓုခေါ်မိပါသည်။ ဘာသာ၊ သာသနာအကျိုးဆထက်ထမ်း ပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့မိပါသည်။ ညဦးပိုင်းတွင် သာဝတ္ထိမြန်မာကျောင်းဆရာတော်အား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းရာဆရာတော်က ဩဝါဒစကား မြွက်ကြားတော်မူပါသည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိမြို့တော်ကြီးတွင် ၂၅ ဝါတိုင်တိုင် ဝါဆိုတော်မူခဲ့ကြောင်း ဘာသန္တရအနေဖြင့် သိသင့်သည်မှာ ဗုဒ္ဓဝါဆိုရာ ''၁၇'' ဌာနရှိကြောင်း။

| | | |
|---|---|---|
| ၁။ | ဗာရာဏသီ | ၁ ဝါ |
| ၂။ | ဝေဠုဝန (ရာဇဂြိုဟ်) | ၃ ဝါ |
| ၃။ | ဝေသာလီ | ၁ ဝါ |
| ၄။ | မကုဋ္ဌတောင် | ၁ ဝါ |
| ၅။ | ဘဂ္ဂတိုင်း | ၁ ဝါ |
| ၆။ | ကောသမ္ဗီ | ၁ ဝါ |
| ၇။ | ပါလိလေယက တော (ကောသမ္ဗီ) | ၁ ဝါ |
| ၈။ | နာဠပုဏ္ဏားရွာ | ၁ ဝါ |

၉။ ဝေရဉ္စာ ၁ ပါ
၁၀။ ဇာလိယတောင်(ရာဇဂြိုဟ်) ၃ ပါ
၁၁။ သာဝတ္ထိ ၂၅ ပါ
၁၂။ ကပိလဝတ် ၁ ပါ
၁၃။ အာဠဝီ(ဝေသာလီနှင့်ရာဇဂြိုဟ်ကြား) ၁ ပါ
၁၄။ နာဠန္ဒ ၁ ပါ
၁၅။ ဂိဇ္ဈကုဋ (ရာဇဂြိုဟ်) ၁ ပါ
၁၆။ ဝေဠုဝန္ဒာ ၁ ပါ
၁၇။ တာဝတိံသာနတ်ပြည် ၁ ပါ

၄၅ ပါ

တစ်ဆယ့်နှစ်ပဋိစ္စသမုပ္ပါဒ်တရားကို ဆက်လက်ဟောကြားတော်မူပါသည်။

**တစ်ဆယ့်နှစ် ပဋိစ္စသမုပ္ပါဒ်တရား**

| | | | | |
|---|---|---|---|---|
| အဝိဇ္ဇာပစ္စယာ | – | သင်္ခါရာ | – | မသိလို့စီမံ |
| သင်္ခါရပစ္စယာ | – | ဝိညာဏံ | – | စီမံလို့စိတ်ဖြစ် |
| ဝိညာဏပစ္စယာ | – | နာမရူပံ | – | စိတ်ဖြစ်လို့ နာမ်ရုပ်ပေါ် |
| နာမရူပပစ္စယာ | – | သဠာယတနံ | – | နာမ်ရုပ်ပေါ်လို့ မိုရာ |
| သဠာယတနပစ္စယာ | – | ဖဿော | – | မိုရာဖြစ်လို့ တွေ့ထိ |
| ဖဿပစ္စယာ | – | ဝေဒနာ | – | တွေ့ထိလို့ ခံစား |
| ဝေဒနာပစ္စယာ | – | တဏှာ | – | ခံစားလို့ တပ်မက် |
| တဏှာပစ္စယာ | – | ဥပါဒါနံ | – | တပ်မက်လို့ စွဲလမ်း |

| | | |
|---|---|---|
| ဥပါဒါနပစ္စယာ | – ဘဝေါ | – စွဲလမ်းလို့ ဘဝဖြစ် |
| ဘဝပစ္စယာ | – ဇာတိ | – ဘဝဖြစ်လို့ သန္ဓေတည် |
| ဇာတိပစ္စယာ | – ဇရာ | – သန္ဓေတည်လို့ အိုခြင်း |
| | မရဏ | – သေခြင်း |
| | သောက | – စိုးရိမ်ခြင်း |
| | ပရိဒေဝ | – ငိုကြွေးခြင်း |
| | ဒုက္ခ | – ကိုယ်ဆင်းရဲ |
| | ဒေါမနဿ | – စိတ်ဆင်းရဲ |
| | ဥပါယာသ | – စိတ်ပူလောင်ခြင်း တို့ ဖြစ်ကုန်၏။ |

ယခုရောက်ရှိလာကြကုန်သော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့အား မိမိဟောကြားလိုသည်မှာ မိဘနှင့် ပတ်သက်၍ သတိပြုသင့်သောအချက်များ ဖြစ်ပါသည်။ မိဘများ အသက်ကြီးလာလျှင် အိုလာပြီ၊ နာလာပြီ၊ အချိန်ပိုလာပြီ၊ ငွေကြေးမရှာနိုင်တော့၊ ကျီးချောက် ကြက်နှင်ဘဝ ရောက်ပြီဟု ယူဆ၍ သားသမီးများက မိမိတို့ကို ခိုင်းစားမည်။ ကောလသမင်း အိပ်မက်ပါအတိုင်း နွားကလေးနို့ နွားမကြီးစို့ဆိုသကဲ့သို့ သားသမီးများ ကျွေးမွေးမှ စားရမည်။ အဆင်မပြေလျှင် စိတ်ဆင်းရဲမှု ဖြစ်မည်။ သို့ဖြစ်၍ လောကတွင် အရသာအားလုံးထက် သာလွန်သော အနှိုင်းမဲ့တရားအရသာကိုသာ ရှာဖွေ၍ မိမိ၏ဘဝလမ်းကြောင်းကို ရပ်တည်သင့်ကြောင်း၊ သားသမီးများကို ပြောကြားလိုသည့်မှာ မိဘနှင့်ပတ်သက်၍ ကုသိုလ်ဟူသည် မိဘသက်ရှိထင်ရှား ရှိမှ ရနိုင်သည်။ ရှင်တုန်းသာ ကုသိုလ်ယူနိုင်၍ ရှင်ပြုကြပါဟု ဟောကြားတော်မူ

ပါသည်။ ဆက်လက်၍ လောကတွင် ငယ်သော်လည်း မရှိမသေ မပြုအပ်သောသူ လေးဦးရှိကြောင်း၊ ယင်းတို့မှာ မင်းသားငယ်၊ ရဟန်း၊ မြွေ၊ မီး တို့ဖြစ်ကြောင်း အကျယ်တဝင့် ဟောကြားတော်မူပါသည်။

တစ်ဖန် လူဆိုသည်မှာ လူ့ဘဝတွင် လူတန်းစေ့စေ့ ရပ်တည်လိုလျှင် အတ္တာဟိအတ္တနော နာထော (မိမိကိုယ်သာ ကိုးကွယ်ရာ) မိမိကိုယ်သာ အားကိုးပါ။ ကောင်းသည့်အချိန်မှာ ပို၍ကောင်းအောင်လုပ်ပါ။ ဗုဒ္ဓဂယာ မဇ္ဈိမဒေသသို့ ရောက်ခဲ့သူများ မိမိဘဝ၏ တတိယအရွယ် အချိန်များတွင် ဗုဒ္ဓဂယာ ဘုရားဖူးရောက်ခဲ့မှု၊ သံဝေဂတရား ပွါးခဲ့မှု၊ လှူဒါန်းမှုအစုစု၊ ဆောက်တည်ခဲ့သော သီလ၊ ပွါးများခဲ့သော ဘာဝနာတရားများအပေါ် အာရုံပြု၍ ဘဝကူး ကောင်းအောင် မမေ့မလျော့ ပွါးများ အားထုတ်ပြုလုပ်ကြပါဟု ဟောကြားတော်မူခဲ့ပါသည်။

## ၅-၄-၂၀၁၀ (တနင်္လာနေ့)

နံနက်စောစောတွင် မိမိတို့အစီအစဉ်ဖြင့် ဇေတဝန်ကျောင်းတော်ကြီးသို့ ဒုတိယအကြိမ် သွားရောက်ဖူးမြော်ကန်တော့ခဲ့ကြပါသည်။ သာဝတ္ထိမြန်မာကျောင်းနှင့် ဇေတဝန်ကျောင်းတော်ကြီးသည် မနီးမဝေးမှာ တည်ရှိသဖြင့် ကျွန်မတို့ ဘုရားဖူးတစ်ဖွဲ့လုံး လမ်းလျှောက်၍ သွားရောက်ဖူးမြော်ကြပါသည်။ ကျောင်းတော်အဝင်ဝတွင် အာနန္ဒာဗောဓိပင်ကြီးကို ပထမဦးစွာ ရေသွန်းလောင်းကြပါသည်။ အာနန္ဒာဗောဓိညောင်ရွက်များကိုလည်း

ဘုရားဖူးအပြန် ဝေဠု လှူဒါန်းနိုင်ရန် ရှိသေစွာ ကောက်ယူခဲ့ကြပြီး ဗောဓိပင်ကြီးကို ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဆိုပူဇော်၍ ၉–ပတ် ပတ်ကြပါသည်။ တချို့က လက်ျာရစ်၊ အချို့က လက်ဝဲရစ် ပတ်ကြပါသည်။ လက်ဝဲရစ်ပတ်သူ ဘုရားဖူးများက မိမိတို့ ပတ်ပုံမမှန်ကန်လျှင် ကုသိုလ်မရနိုင်ဟု ထင်မြင်ယူဆပြီး လက်ျာရစ် ၉–ပတ် ပြန်ပတ်သဖြင့် ၁၈–ခေါက် ပတ်ကြပါသည်။ ကျွန်မတို့လည်း အခေါက်ရေ များများပတ်လျှင် ကုသိုလ်ပိုရတာပေါ့ဟု အချင်းချင်း ပျော်ရွှင်ကြည်နူးစွာ ပြောဆိုရင်း ဇေတဝန် ကျောင်းတော်အတွင်း လှည့်လည်ဖူးမြော်ကြပါသည်။ ထို့နောက် ဇေတဝန် ဥယျာဉ်အတွင်းရှိ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူခဲ့သော မူလဂန္ဓကုဋီသို့ သွားရောက်ကာ ရွှေသင်္ကန်းကပ်၊ ဆီမီးပူဇော်ကန်တော့ကြပါသည်။

ကျွန်မသည် မူလဂန္ဓကုဋီ၏ အနောက်ဘက်ထောင့် တစ်နေရာတွင် ရှိသေစွာထိုင်၍ မြတ်စွာဘုရားအား ရည်မှန်းပူဇော်ကန်တော့ကာ တရားထိုင်ခဲ့ပါသည်။ တရားထိုင်အပြီးတွင် မိမိလှူဒါန်းခဲ့သော ဒါန၊ ဆောက်တည်ခဲ့သောသီလ၊ ပွားများခဲ့သောဘာဝနာတရားကို အကြောင်းခံ၍ ဆု (၃)ဆုကို လေးလေးနက်နက် အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့ပါသည်။ ''ဤသို့ စိတ်လက်ကြည်နူး အေးချမ်းစွာ လှူဒါန်းပူဇော်ကန်တော့ရသော အကြောင်းတရားကြောင့် (၁) ဗုဒ္ဓဂယာဘုရားဖူးဆောင်းပါးကို အောင်မြင်စွာ ရေးသားနိုင်၍ အများပြည်သူအကျိုးငှာ ထုတ်ဝေနိုင်ခွင့်စွမ်းအား ရရှိရပါလို၏။ (၂) ယခုဘဝ၊ ယခုခန္ဓာ တည်ရှိနေ

သရွေ့ ဘာသာ သာသနာအကျိုး မိမိစွမ်းနိုင်သရွေ့ ဆောင်ရွက်နိုင်ရပါလို၏။ (၃) ယခုဘဝမှသည်၊ သံသရာလည်သရွေ့ အပါယ်လေးဘုံမှ ကင်းလွတ်ကာ၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏''ဟု၍ ဆုတောင်းသမှု ပြုခဲ့ပါသည်။

ကျွန်မတို့ ဘုရားဖူးအဖွဲ့သည် ဇေတဝန်ကျောင်းတော်မှ ထွက်ခွာ၍ သာဝတ္ထိမြန်မာကျောင်းသို့ ပြန်လာရာ လမ်းတစ်လျှောက်တွင်၊ ဆာရီအမျိုးမျိုး ရောင်းချသော ဆိုင်များ၊ သစ်သီးများ၊ ဒေသထွက်စားစရာများ ဝယ်ခြမ်း၍ ပျော်ရွှင်အေးချမ်းစွာ ပြန်လာခဲ့ကြပါသည်။ နေ့လည်စာမစားမီ ခေတ္တနားနေစဉ်အတွင်း ကျောင်းနံရံများတွင် ရေးသားချိတ်ဆွဲထားသော တရားစာနှင့် မဇ္ဈိမဒေသ မြို့ရွာမိုင်တိုင်အကွာအဝေးများကို ဗဟုသုတအလို့ငှာ ကူးယူခဲ့ပါသည်။

**အရိပ် (၅) မျိုး**

၁။ ကိုင်းရွက်စုံလင်၊ အရိပ်ထင်မှ၊ သစ်ပင်အရိပ်၊ ခရီးသွားအိပ်ကြ၊ မှီခိုရ၏။

၂။ ဝေးနီးဆွေမျိုး၊ စောင့်ရှောက်ပျိုးမှ၊ ဆွေမျိုးအရိပ်၊ ဆွေမျိုးအိပ်ကြ၊ မှီခိုရ၏။

၃။ နှစ်ပါးမိဘ၊ လိမ္မာကြမှ၊ မိဘအရိပ်၊ သားသမီးအိပ်ကြ၊ မှီခိုရ၏။

၄။ ပြည်သူဆန္ဒ၊ ဆောင်ရွက်ကြမှ၊ ရာဇအရိပ်၊ ပြည်သူအိပ်ကြ၊ မှီခိုရ၏။

၅။ သုခ၊ ဒုက္ခလမ်းမှန်ပြမှု၊ တရားအရိပ်၊ ယောဂီအိပ်ကြ မှီခိုရာ၏။

**မဇ္ဈိမဒေသ၊ မြို့ရွာမိုင်တိုင် အကွာအဝေးများ**

| | | ကီလို | မိုင် |
|---|---|---|---|
| ပတ္တနား | ရာဇဂြိုဟ် | ၉၉ | ၆၂ |
| ရာဇဂြိုဟ် | ဗုဒ္ဓဂယာ | ၉၆ | ၆၀ |
| ဗုဒ္ဓဂယာ | ဗာရာဏသီ | ၂၅၁ | ၁၅၇ |
| ဗာရာဏသီ | မိဂဒါဝုန် | ၁၃ | ၈ |
| မိဂဒါဝုန် | သာဝတ္ထိ | ၃၄၇ | ၂၁၇ |
| သာဝတ္ထိ | လုမ္ဗိနီ | ၂၂၂ | ၁၃၉ |
| လုမ္ဗိနီ | ကုသိနာရုံ | ၁၃၉ | ၈၇ |
| ကုသိနာရုံ | ပတ္တနား | ၂၃၃ | ၁၄၆ |
| | | ၁၄၀၀ | ၈၇၆ |

နေ့လည် ၁၂ း ၄၅ နာရီတွင် သာဝတ္ထိမှ ၂၂၂ ကီလို (၁၃၉–မိုင်) ဝေးသော မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီ သာမော အင်ကြင်းတော (နီပေါ) မြို့တော်ဆီသို့ ခရီး ဆက်လက်ထွက်ခွာလာခဲ့ကြပါသည်။

■

## ဖွါးမြင်တော်မူရာ လုမ္ဗိနီသာမော အင်ကြင်းတော (သို့) နီပေါမြို့တော်ဆီသို့

သာဝတ္ထိမှ နေ့လည် ၁၂ း ၄၅ နာရီတွင် စတင်ထွက်ခွာလာခဲ့ပါသည်။ အိန္ဒိယနီပေါနယ်စပ် တရားဝင်ဂိတ် ဆိုနောလီသို့ ရောက်ရှိပါသည်။ ဆိုနောလီမြို့ကားလမ်းနံဘေးတွင် မြန်မာဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ရှိသည်။ တချို့ အဆောက်အဦများမှာ ဆောက်လက်စ ဖြစ်သည်။ ဘုရားဖူးများ ခေတ္တနား၍ အပြန်မှ အလှူငွေလှူဒါန်းရင်း ဝင်ရောက်နားနေမည် ဖြစ်ကြောင်း ဆရာတော်အား လျှောက်ထား၍ ဆက်လက် ထွက်ခွါလာပါသည်။ နီပေါမြို့အဝင်ဂိတ်တွင် စစ်ဆေးမှု ပြုလုပ်ရန် ကားများ စီတန်း၍ စောင့်ဆိုင်းနေကြရပါသည်။ မြို့အဝင် ဂိတ်တွင် ဘုရားဖူးကားများ၊ ကုန်တင်ကားကြီးများ၊ [illegible]ားကြီးကားငယ် အသွယ်သွယ်ဖြင့် လူမျိုးစုံသွားလာလှုပ်ရှားနေကြသည်မှာ လွန်စွာစည်ကားလှပါသည်။ နီပေါနိုင်ငံသည် ဟိမဝန္တာတောင်ခြေတွင်

တည်ရှိသဖြင့်၊ အအေးဓါတ် ပိုကဲပါသည်။ ဟိမဝန္တာတောင်တန်းသည် နေရောင်ခြည်တွင် လင်းလက် တောက်ပကာ ရွှေရောင်ငွေရောင်အလား ထင်မှတ်မှားရလောက်အောင် ဝင်းပကြောင်း သိရှိခဲ့ရပါသည်။ နီပေါမြို့တွင်းသို့ ရောက်သောအခါ ဗုဒ္ဓရုပ်ပွါးတော်များကို နေရာတိုင်းတွင် ဖူးတွေ့ရသည်မှာလည်း ထူးခြားမှုတစ်ရပ်ပင် ဖြစ်ပါသည်။ မြတ်စွာဘုရားသခင်သည် နီပေါတွင် ဖွားမြင်ခဲ့၊ နန်းစံခဲ့သည်ကို ဂုဏ်ယူသည့်အနေဖြင့် ကိုးကွယ်ဆည်းကပ်ထားရှိကြောင်း မှတ်သားခဲ့ရပါသည်။ နီပေါနိုင်ငံတွင် ငြိမ်းချမ်းရေးအဖွဲ့သည် အစိုးရကို ပူးတွဲ ကူညီ ဆောင်ရွက် အုပ်ချုပ်ပေးကြောင်း တွေ့ရှိခဲ့ရပါသည်။

ကားပေါ်တွင် မရွှေမာဝင်း(Guide) မှ ဘုရားဖူးများ စိတ်လက်ပေါ့ပါးမှုရှိစေရန် ဗဟုသုတဇာတ်လမ်းလေးများ ပြောပြပါသည်။ ''ရွာတစ်ရွာမှာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းကို ခါးပြဝင်တိုက်တယ်။ ဆွမ်း၊ ဆေး၊ ကျောင်း၊ သင်္ကန်းသာရှိတဲ့ ဘုန်းဘုန်းမှာ ခါးပြတွေကို ပေးစရာမရှိဘူးပေ့ါ။ အဲဒီအချိန်မှာ သီလရှင်တစ်ပါးကလည်း ဘုန်းဘုန်းကို ဆွမ်းလာကပ်တယ်။ ဒီတော့ ခါးပြတွေက သီလရှင်လေးကိုပါ ခါးပြတိုက်ပြန်ရော။ သီလရှင်လေးကလည်း ပေးစရာမရှိပါဘူးတဲ့။ ဒီတော့ ခါးပြတွေက ဒေါပွပြီး ဘုန်းဘုန်းနဲ့ သီလရှင်လေးကို ဖက်ခိုင်းထားတယ်။ ခါးပြတွေကို ကြောက်လို့ ဖက်ရပေမယ့် ဘယ်လောက် ဖက်ရဲပါ့မလဲ။ အဲဒီလို ဖြစ်လေ တင်းတင်းကြပ်ကြပ် ဖက်ခိုင်းလေပဲ။ ခါးပြတွေလည်း ပိုက်ဆံမရ၊ ပစ္စည်းမရလို့ ငရဲမကြောက်၊ အပါယ်မကြောက်

လုပ်ချင်သလို လုပ်ခဲ့ပြီး ထွက်သွားကြတယ်။ အဲဒီနေ့ကစပြီး ဘုန်းဘုန်းတစ်ပါးလည်း တမှိုင်မှိုင်တတွေတွေ ဖြစ်နေတယ်။ ကပ္ပိယကြီးကလည်း အကြောင်းစုံမသိတော့ ''ဘုန်းဘုန်း ဘာဖြစ်လို့ပါလဲဘုရား နေမကောင်းလို့လား၊ အစားအသောက် ခံတွင်းမတွေ့လို့လား၊ အိပ်မပျော်လို့လားဘုရား''လို့ ဂရုတစိုက် မေးပေမယ့် ဘာမှမပြောဘူး။ တစ်နေ့ထက်တစ်နေ့ မှိုင်ပြီး ကျောင်းအပြင်ဘက်ကို လှမ်းလှမ်းမျှော်ကြည့်နေလို့ ကပ္ပိယကြီးက ''ဘုန်းဘုန်း ဘာကိုမျှော်ပါသလဲဘုရား'' လို့ မေးလိုက်တဲ့အခါ ဘုန်းဘုန်းက ''ဒီနေ့ ဓါးပြတွေလည်း မလာပါလားကွာ''လို့ပြောပါသတဲ့။ ထိုဇာတ်လမ်းလေးပြောသော် သဘောပေါက်သွားကြသူ ဘုရားဖူးတွေမှာ တဝါးဝါးတဟားဟား ရယ်လျက် ကားတစ်ကားလုံး ပျော်ရွှင်မှုတွေ ဖုံးသွားပါသည်။ ကျွန်မလည်း အများနှင့်ရောပြီး ရယ်မောမိပါသည်။ လူ၊ ပုဂ္ဂိုလ်၊ ရဟန်းဆိုတာ ဘယ်လောက်ပဲ တရားအသိရှိရှိ၊ ပုထုဇဉ်ဖြစ်သည့်အတွက် တစ်ဒင်္ဂ အတွေ့အထိမှာ အငိုက်မိပြီး သတိလက်လွတ် ဖြစ်တတ်ပါလားလို့'' သံဝေဂတရားလည်း ပွားများမိပါသည်။

(နောက်ဇာတ်လမ်းလေးတစ်ခု ဆက်ပြောပြန်ပါသည်)

''ဘုန်းကြီးတစ်ပါးက ဗုဒ္ဓဂယာကို ဘုရားဖူးလာတဲ့ ဒကာတစ်ယောက်ကို အိန္ဒိယမှာ ဘာဝယ်ဝယ် တစ်ဝက်ဆစ်လို့ မှာလိုက်ပါတယ်။ အဲဒီဒကာက ဘုန်းကြီးကျောင်းမှာ သစ်တစ်ချောင်းလိုလို့ လှူချင်တာနဲ့ သစ်သွားဝယ်ပါတယ်။ ဆိုင်ရှင်က သစ်တစ်ချောင်းကို ရူပီ ၇၀၀ လို့ ပြောတော့ ၃၅၀ ထားပါလို့ ဆစ်

တယ်။ ဈေးသည်ကလည်း ရူပီ ၄၀၀ တော့ ပေးပါလို့ လျှော့
ပေးတော့ ရူပီ ၂၀၀ ထားပါလို့ ဆစ်ပြန်တယ်။ ဈေးသည်ကလည်း
ဈေးဦးပေါက်မို့ ကဲ ၃၀၀ တော့ ပေးလို့ပြောတော့ ရူပီ ၁၅၀ ပဲ
ထားပါလို့ ဆစ်ပြန်ပါရော။ ဈေးသည်ကလည်း ဘယ်လောက်
လျှော့ပေးပေး တစ်ဝက်ကြီးပဲ ဆစ်နေတော့တယ်။ နောက်ဆုံး
ဆိုင်ရှင်က စိတ်တိုပြီး ''ခင်များ တော်တော်လက်ပေါက်ကပ်တဲ့
သူ ဒါလောက်တောင် ဆစ်နေတာ အလကားသာ ယူသွားတော့
လို့'' ဒေါကြီးမောကြီးနဲ့ပြောလိုက်တဲ့အခါ ဈေးဝယ်သူက ''ဒါဆို
၂-ချောင်းပေး''တဲ့၊ Guide အပြောကြောင့် ဘုရားဖူးတွေ
တသောသော ရယ်မောကြပြန်ပါသည်။ ကျွန်မကလည်း အတွေး
သမားဖြစ်သဖြင့် ''လူတွေ၊ လူတွေ တော်တော်ကြောက်စရာ
ကောင်းပါလား၊ ရလေလိုလေ အိုတဏှာ လောဘကို အတော
မသတ်နိုင်ပါလား'' ဟု တရားကျမိပြန်ပါသည်။

ဤသို့ ပြောရင်းဆိုရင်း ကားစီးရင်းနှင့် ညနေစောင်းတွင်
နီပေါမြန်မာရွှေကျောင်းတော်ကြီးသို့ ရောက်ရှိလို့လာပါသည်။
ကျွန်မတို့ဘုရားဖူးအဖွဲ့လည်း အထုပ်အပိုးများချ၍ သတ်မှတ်ထား
သော အခန်းများတွင် ခေတ္တနားနေကြပါသည်။ ရေမိုးချိုးပြီး၍
ကျောင်းဝင်းထဲတွင် လမ်းလျှောက်ရင်း လှည့်လည်ကြည့်ရှုကြ
ပါသည်။ ကျောင်းဝင်းတစ်ဝင်းလုံး သစ်ပင်ပန်းမာန်များဖြင့် စိမ်း
လန်းစိုပြေ အေးချမ်းသာယာရှိလှပါသည်။ အဆောက်အဦ ပုံစံမှာ
မြန်မာမှုလက်ရာများဖြင့် ဆောက်လုပ်ထားသဖြင့် မန္တလေးမြို့ရှိ
မြန်မာရွှေကျောင်းတော်ကြီးအလား ထင်မှတ်မှားရပါသည်။ ည

၆ နာရီတွင် ဘုန်းတော်ကြီးကျောင်း စားသောက်ခန်းမတွင် ကြက်သား၊ ဘူးသီး၊ ပန်းပွင့်ကြော်၊ ဒန့်ဒလွန်ဟင်းချို၊ ငပိရည်၊ တို့စရာဖြင့် မြိန်ယှက်စွာ စားသောက်ကြပါသည်။ ခန်းမထဲတွင် နာရီ (၃) လုံး ချိတ်ဆွဲထားပါသည်။ မြန်မာစံတော်ချိန်၊ အိန္ဒိယ စံတော်ချိန်၊ နီပေါစံတော်ချိန်များ ဖြစ်ပါသည်။ နီပေါစံတော်ချိန် သည် မြန်မာစံတော်ချိန်ထက် ၄၅ မိနစ် နောက်ကျပါသည်။

ညဦးပိုင်းတွင် မြန်မာရွှေကျောင်းတော်ကြီး စားသောက် ခန်းမထဲတွင် ရောင်းချပေးသော ကြေးနီ၊ ကြေးဝါ၊ ကြေးဖြူ ဆေးလက်ကောက်များ၊ လက်စွပ်များ လက်ဆောင်ပေးရန် တစ်ပျော်တစ်ပါး ဝယ်ယူအားပေးကြပါသည်။ ထူးခြားချက်မှာ နီပေါလက်ရာများသည် အိန္ဒိယထက် ပိုမိုသေသပ်ကောင်းမွန်မှု ပင် ဖြစ်သည်။ ကျွန်မအနေဖြင့် ဖွား၊ ပွင့်၊ ဟော၊ စံ ပုံတော်ပါ ဘုရားရုပ်ပွားတော်နှစ်ဆူကို မြန်မာပြည်တွင် ကိုးကွယ်ရန် ပင့် ဆောင်လာနိုင်ခဲ့သည်။ ကျောက်မှုန့်ကို ပုံလောင်း၍ ထုလုပ်ထား သဖြင့် ပုံတော် မပွန်းမပဲ့ရန် အထူးဂရုစိုက်၍ ပင့်ဆောင်ခဲ့ပါသည်။ လွန်စွာမှပင် ကြည်နူးပီတိ သဒ္ဒါပွါးမိပါသည်။ ည ၈ နာရီခန့်တွင် နီပေါမြန်မာရွှေကျောင်းတော်ကြီး၏ တရားဟောခန်းမတွင် ဆရာ တော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပါသည်။ လုမ္ဗိနီဆရာတော်ဘုရားမှ ရေစက်ချတရားဟောကြားရာ၌ ဘုရားဖူး များ အလှူဒါနပြု၍ ဆုတောင်းကြရာတွင် နိဗ္ဗာန်မရောက်မီစပ် ကြား၌ သံသရာလည်သရွေ့ လူလိမ္မာပညာရှိများနှင့်သာ ပေါင်းရပါ လို၏ဟု ဆုတောင်းသင့်ကြပုံကို အဇာတသတ်မင်း၊ အင်္ဂုလိမာလ၊

အသောကမင်းတို့နှင့် ပုံပမာ ခိုင်းနှိုင်း၍ ဟောကြားတော်မူပါသည်။

"လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့၊ မမှိုဝဲနဲ့ ကင်းအောင်နေ၊ ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ် နည်းယူလေ၊ သုံးပါးရတနာ၊ မိဘများနှင့်၊ ဆရာသမားကို ပူဇော်လေ၊ ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေးသုံးချက်ပေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ"ဆိုတဲ့ ၃၈–ဖြာမင်္ဂလာတရားတော်နှင့်အညီ နှလုံးသွင်းဆင်ခြင်သင့်ကြောင်း ဆက်လက်၍ ဆရာတော်မှ မြန်မာပြည်တွင် ၁ လုံး၊ ၂ လုံး၊ ၃ လုံး ရောဂါများ လူကြီးလူငယ်မရွေး ကူးစက်နေကြောင်း၊ အလွန်ကြောက်မက်ဖွယ်ကောင်းသော ကူးစက်ရောဂါတစ်မျိုး ဖြစ်ကြောင်း၊ အဘက်ဘက်မှ ပြုပြင်ထိန်းသိမ်း၊ ပညာပေးမှုအားနည်းလျှင် မျိုးဆက်သစ်ကလေးသူငယ်များ၊ အနာဂတ်အတွက် စိုးရိမ်ဖွယ်ဖြစ်ကြောင်း၊ မိမိတို့သည်လည်း သံသရာလည်၍ ၎င်းဆိုးသွမ်းသော လူငယ်များ၏ ဝမ်းတွင်း ပဋိသန္ဓေ နေမိပါက ပို၍ဆိုးတော့မည် ဟု တွေးတောကြောက်လန့်မိကြောင်း၊ သို့ဖြစ်၍ ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး၊ သားထူးသားမြတ် ဖြစ်ကြစေရန် ပြုစုပျိုးထောင်သင့်ကြောင်း၊ ဘာသာ၊ သာသနာကို မိမိကိုယ်တိုင်သိမှ မိမိ၏မျိုးဆက်သစ်တို့ သိမည်ဖြစ်ကြောင်း ရှင်းလင်းဟောကြားပါသည်။ ကျွန်မတို့ ဘုရားဖူးအဖွဲ့လည်း ရေစက်ချ၊ အမျှပေးဝေ၊ သာဓုခေါ်ဆို၍ လေးစားစွာ မှတ်သား နာယူခဲ့ပါသည်။

၆–၄–၂၀၁၀(အင်္ဂါနေ့) နံနက်တွင် ကျွန်မတို့ ဘုရားဖူးအဖွဲ့သည် လုမ္ဗိနီဥယျာဉ်သို့ ပထမဦးစွာ သွားရောက်ဖူးမြော်ကြပါသည်။

နီပေါ နိုင်ငံ၊ လုမ္ဗနီဥယျာဉ်တွင် (၁) ဖွါးတော်မူရာဇုံ (၂) ဘုန်းကြီးကျောင်း နှင့် (၃) ရုံကမ်းကနားဇုံ ဟူ၍ ခွဲခြားထားပါသည်။

လုမ္ဗိနီဥယျာဉ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးခေါင်းလောင်း၊ တူးမြောင်း၊ မီးရှူးတိုင်များကိုလည်း လေ့လာတွေ့ရှိခဲ့ပါသည်။ လုမ္ဗိနီဥယျာဉ်တွင် ဗုဒ္ဓဖွါးတော်မူရာအရပ်ကို ပူဇော် ကြည်ညိုကြရင်း၊ အသောကမင်းကြီး စိုက်ထူခဲ့သော ကျောက်စာတိုင်ကိုလည်း ဖူးတွေ့ခဲ့ရပါသည်။ အသောကကျောက်တိုင်၏ အရှေ့အရပ်၌ ဘုရားလောင်း ဖွါးမြင်ခဲ့ရာနေရာတွင် ကျောင်းတိုက်တစ်တိုက်ရှိပါသည်။ ဤကျောင်းတိုက်၏ အတွင်းဘက်တွင် မယ်တော်မာယာ ဘုရားအလောင်းတော် ဖွါးမြင်တော်မူခန်းကို အင်ကြင်းသားဖြင့် ထုထား၍ ကြာသော် ကျောက်ဖြစ်နေပုံကိုလည်း ဖူးတွေ့ခဲ့ရပါသည်။ ယင်းပန်းပုရုပ်ထုရှေ့တွင် ကျွန်မတို့ ဘုရားဖူးအဖွဲ့များသည် ရွှေသင်္ကန်းကပ်ခြင်း၊ ဆုတောင်းခြင်းများ ပြုလုပ်ကြပါသည်။ ကျွန်မတို့သည် ကျောင်းတိုက်ကြီး၏ အပြင်ဘက်တွင် မြတ်စွာဘုရား ဖွါးမြင်တော်မူရာ နေရာတော်မြတ်ကို ရည်မှန်းပြီး ဆီမီးဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ခြင်း၊ ဘုရားရှိခိုး၊ မေတ္တာပို့ အမျှဝေခြင်းများ ပြုလုပ်၍ ပူဇော်သက္ကာရ ပြုခဲ့ကြပါသည်။ မြတ်စွာဘုရားကို ဖွါးမြင်ပြီးနောက် မယ်တော်မာယာ ရေချိုးသန့်စင်ခဲ့သည့် ရေကန်တော်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

၁၉၆၇ ခုနှစ်၊ ဧပြီလတွင် ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်(မြန်မာပြည်)မှ ဦးဆောင်၍ ငြိမ်းချမ်းရေးဇုံအဖြစ် သတ်မှတ်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ လုမ္ဗိနီဥယျာဉ်ကို အရှေ့

အနောက် ၁–မိုင်၊ တောင်မြောက် ၃–မိုင် သတ်မှတ်ကာရံကာ လူနေအိမ်များကို ရွှေ့ပြောင်းစေခဲ့သည်။ ယခုအခါ ဗုဒ္ဓသာသနာနှင့် သက်ဆိုင်သော ဘာသာရေးနယ်ပယ်တစ်ခုအဖြစ် လေ့လာတွေ့ရှိ ဖူးမြော်ကြည်ညိုနိုင်ပြီ ဖြစ်ပါသည်။ လုမ္ဗိနီဝန်းကျင်တွင် ဦးသန့်ဝမ္ဗာရုံ(၁၉၅၆)၊ နီပေါဘုန်းတော်ကြီးကျောင်း၊ မြန်မာရွှေကျောင်းတော်ကြီးနှင့် နိုင်ငံတကာထေရဝါဒနှင့် မဟာယာနကျောင်းများကို ကားလမ်းဘေးဝဲယာတစ်လျှောက် တွေ့ရှိနိုင်ပါသည်။ လုမ္ဗိနီသာမော အင်ကြင်းတော ဟု ရေးစာဆိုရှိခဲ့သော်လည်း အင်ကြင်းပင် နှစ်ပင်ခန့်သာ တွေ့ရှိ၍ ယင်းတိုက်ပင်များအများအပြား စိုက်ပျိုးထားသည်ကိုသာ လေ့လာတွေ့ရှိခဲ့ရပါသည်။

ထိုမှ ဆက်လက်၍ လုမ္ဗိနီဉယျာဉ်နှင့် ၁၀ ကီလိုမီတာခန့် ဝေးကွာသည့် ကပိလဝတ္ထု(ကပိလဝတ်)မြို့ဟောင်းသို့ ဆက်လက်ထွက်ခွါလာခဲ့ပါသည်။ ကပိလဝတ္ထုသည် သာကီဝင်များ နေထိုင်ခဲ့သော မြို့တစ်မြို့ဖြစ်သည်။ ရှေးအခါက ဩက္ကာကမင်း၏သားတော်ကိုးပါးသည် နှမတော်ကိုးပါးနှင့် စုံဖက်၍ ဘုရားလောင်းကပိလရသေ့၏ ကပိလဝတ္ထုကျောင်းနေရာ၌ မြို့တည်ထောင်ခဲ့ရာမှ ကပိလဝတ္ထု (ခ) ကပိလဝတ်မြို့ဟု အမည်တွင်ခဲ့ခြင်း ဖြစ်သည်။ ကပိလဝတ်မြို့အနီးတွင် ရောဟိနီမြစ် စီးဆင်းသည်။ ကပိလနှင့် ဒေဝဒဟမြို့အကြား လုမ္ဗိနီဉယျာဉ် တည်ရှိသည်။ သာကီဝင်မင်းများသည် မြတ်စွာဘုရား၏ ဝေစုရဓါတ်တော်များကို ကပိလဝတ်မြို့၌ စေတီတည်ထားသည်။ အိပ်ရာခင်းကိုလည်း ပရိဘောဂစေတီအဖြစ် ပူဇော်ကြသည်။ ခေတ်သစ်တွင် ကပိလ

ဝတ္ထု မြို့(၂)မြို့ ဖြစ်နေသည်။ မြို့ဟောင်းသည် နီပေါနိုင်ငံ၊ တိလောရာကုတ်အရပ်တွင် တည်ရှိ၍ ဝိဋဋူဘမင်းသား၊ ကပိလဝတ်မြို့ကို ဖျက်ဆီးပစ်သောအခါ ထွက်ပြေးလွတ်မြောက်သွားသော သာကီဝင်မင်းများ တည်ဆောက်ခဲ့သည့် မြို့သစ်သည် အိန္ဒိယနိုင်ငံ ပိပရဝါးအရပ်၌ တည်ရှိသည်။

ကပိလဝတ်(မြို့ဟောင်း)သို့ ရောက်သောအခါ အဝင်ဝတွင် ဆိုင်းဘုတ်ချိတ်၍ ခြံစည်းရိုးဖြင့် ကာရံထားသော်လည်း အတွင်း၌ မြက်များ၊ သစ်ပင်ကြီးငယ်တို့ဖြင့် တောလမ်းခရီးကို ရောက်နေသကဲ့သို့ ခံစားရပါသည်။ ဘုန်းတော်ကြီးမှ ကျောင်းတိုက်ပျက်တစ်ခုကို ညွှန်ပြ၍ ဤနေရာသည် မြတ်စွာဘုရားရှင်လက်ထက် နိဂြောဓအမည်ရှိ သာကီဝင်တစ်ဦး လှူဒါန်းခဲ့သော နိဂြောဓရာမကျောင်းတိုက်ဖြစ်သည် ဟူ၍ ညွှန်ပြပါသည်။

နိဂြောဓရုံကျောင်းတော်ကြီးသည်

၁။ မဟာဗုဒ္ဓဝင် ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည့်နေရာ

၂။ ညီတော်နန္ဒမင်းသားအား ရဟန်းပြုပေးရာနေရာ

၃။ သားတော်ရာဟုလာ အမွေတောင်းသဖြင့် သာသနာ့အမွေပေးရန် ရဟန်းပြုပေးရာနေရာ

၄။ ပေါက္ခရဝဿမိုး ရွာသွန်းသည့်နေရာ(တတိယအကြိမ်မြောက်) မြတ်စွာဘုရားရှင်အား ဆုံဒွေါဒနမင်းကြီး ကန်တော့ခဲ့သည့်နေရာ

၅။ ရှင်သာမဏေသမိုင်း စတင်ခဲ့သည့်နေရာ

၆။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက ဘုရားရှင်ထံ မိဘခွင့်မပြု သော သားသမီးကို ရှင်ရဟန်း ပြုမပေးရန် တောင်းဆိုသည့် နေရာ

၇။ သံဃာကို လှူလျှင် ဘုရားကို လှူသကဲ့သို့ မွန်မြတ်ကြောင်း၊ ကျေးဇူးကြီးကြောင်း ဟောပြခဲ့သည့်နေရာ

၈။ မိထွေးတော်ဂေါတမီ သင်္ကန်းလှူခဲ့သော နေရာ

၉။ ဘိက္ခုနီသာသနာ ခွင့်ပြုရန် တောင်းဆိုခဲ့သော နေရာ ဟူ၍ သာသနာမှတ်တိုင် စိုက်ထူခဲ့သည့် နေရာတော်မြတ် ဖြစ်ကြောင်း ဆရာတော်က ရှင်းလင်းဟောကြားတော်မူပါသည်။

ထို့ပြင် ဆရာတော်က "မြတ်စွာဘုရားရှင် တောထွက်စဉ်က ကပိလဝတ်နန်းတော်၏ အရှေ့ဘက်မှ တောထွက်ခဲ့သော်လည်း ကပိလဝတ်တွင် ဝါဆိုစဉ် ကာလများ၌ ကပိလဝတ်ပြည်၏ အနောက်ဘက်မှ အများဆုံး ကြွတော်မူလေ့ရှိကြောင်း၊ အရှေ့ အနောက် ခွဲခြားခြင်း၊ ရက်ရာဇာ၊ ပြဿဒါး ရွေးခြင်းသည် ဗုဒ္ဓ လမ်းစဉ် မဟုတ်ကြောင်း၊ ကောင်းတာ လုပ်လျှင် ကောင်းတာ ဖြစ်မည် ဖြစ်ကြောင်း၊ စိတ်သာလျှင် အဓိကဖြစ်ကြောင်း၊ စိတ်ထား ဖြူစင် သန့်ရှင်းကောင်းမွန်လျှင် ကောင်းတာတွေသာ လုပ်ဖြစ်၍ ကောင်းကျိုးမင်္ဂလာ ဖြစ်မည်ဖြစ်ကြောင်း" ဟောပြောဆုံးမတော် မူပါသည်။

ဆက်လက်၍ နေရာတစ်ခုကို ညွှန်ပြကာ "ဤနေရာသည် ကပိလဝတ်နန်းတော်ဟောင်းနေရာဖြစ်ကြောင်း၊ ဤအုတ်လှေခါး ဟောင်းမှတစ်ဆင့် မြတ်စွာဘုရား တောထွက်တော်မူခဲ့ကြောင်း"

ရှင်းလင်းဟောပြပါသည်။ ယင်းအုတ်လှေခါးဟောင်းသည် လူတစ်ရပ်ကျော် အမြင့်ရှိပြီး နှစ်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် အခြေအမြစ်အဖြစ်သာ တွေ့ခဲ့ရပါသည်။ ကျွန်မသည်လည်း မြတ်စွာဘုရား တောထွက်တော်မူသော အုတ်လှေခါး နေရာဆီသို့ လက်အုပ်ချီမိုး၍ ရှိခိုးပူဇော်ကာ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလိုကြောင်း ဆုတောင်းခဲ့ပါသည်။

ကျွန်မသည် ဆရာတော် ဟောကြားသည်ကို ကြားနာရင်းဖြင့် ကျွန်မ၏စိတ်အာရုံထဲတွင် လယ်တီဆရာတော်ဘုရားကြီး၏ ဗုဒ္ဓဝင် ဘုရားရှိခိုးမှ ''သုံးလူ့ရှင်ပင်၊ ကျွန်းထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို''

''သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊ မဟီလှိုက်ဆူ၊ ဖွါးတော်မူသည်၊ နတ်လူအောင်မြို့လမ်းပါကို''

''ဖွါးမြင်ခြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြပိတ်ကြောင့်၊ ရွှေစိတ်ငြီးငွေ့၊ သံဝေပိုကာ၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ်၊ ခန်းမှာကို'' ဟူသောစာပိုဒ်ကလေးကို နှုတ်မှ တီးတိုး

ဖွဖွ ရွတ်ဆိုရင်း အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် မြတ်စွာဘုရားအား ရှိသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးပူဇော် ဖူးမြော်မိပါတော့သည်။

ညနေ ၃ နာရီခန့်တွင် နီပေါနိုင်ငံ၊ မြန်မာရွှေကျောင်းတော်ကြီးမှ စတင်ထွက်ခွာလာပါသည်။ အိန္ဒိယ၊ နီပေါနယ်စပ် ဆိုနောလီမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ခေတ္တဝင်ရောက်၍ ကျောင်းဆောက်လုပ်ရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြပါသည်။ ဆရာတော်က ဘုရားဖူးများအား ကော်ဖီ၊ စမူဆာတို့ဖြင့် ကျွေးမွေးပါသည်။ ထိုကျောင်းတော်မှ ဆက်လက်ထွက်ခွာလာရာ ကားပေါ်တွင် ဘုရားရှိခိုး၊ ဆုတောင်း၊ အမျှဝေ သာဓုခေါ်ဆို၍ စိတ်လက်ကြည်သာ ခရီးဆက်ကြပါသည်။ လုမ္ဗိနီမှ ကုသိနာရုံသို့ ၁၃၉ ကီလို (၈၇–မိုင်) ဝေးပါသည်။ ည ၇ နာရီခန့်တွင် ကုသိနာရုံသို့ ရောက်ရှိပါသည်။

■

**ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရာ (ကုသိနာရုံ)**

လုမ္ဗိနီသာမော အင်ကြင်းတော (နီပေါ) နိုင်ငံမှ ထွက်ခွါလာခဲ့ရာ ည ၇ နာရီခန့်တွင် ကုသိနာရုံဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပါသည်။ ကျွန်မတို့ ရောက်ရှိချိန်တွင် သဲမုန်တိုင်းကျပြီးခါစဖြစ်၍ ရာသီဥတုကလည်း ပူအိုက်၊ အိပ်ခန်းများတွင်လည်း သဲများ၊ အမှုန်များရှိနေ၍ အခန်းများကို လှဲကျင်းရှင်းလင်းကာ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်များ အသစ်လဲလှယ်၍ ခင်းကျင်းကြရပါသည်။ ထို့နောက် ရေချိုး၊ အဝတ်အစားလဲ၍ ခေတ္တနားနေကြပါသည်။ ည ၈ နာရီတွင် ထမင်းစားခန်း၌ ငါးဟင်း၊ ပန်းပွင့်ကြော်၊ ခရမ်းချဉ်သီးငါးပိချက်ဖြင့် မြိန်ယှက်စွာ စားသောက်ကြပါသည်။ ထို့နောက် ကုသိနာရုံဘုန်းတော်ကြီးကျောင်းဝင်းတွင်းရှိ ဘုရားစေတီကြီးတစ်ဆူကို သွားရောက်ဖူးမြော် ကန်တော့ကြပါသည်။ ၎င်းကျောင်းဝင်းထဲတွင် ဈေးဆိုင်တန်းများလည်းရှိပါသည်။ ဆိုင်တန်းတစ်လျှောက်တွင် အိန္ဒိယပြည်ထွက် လုပ

သော ခေါင်းကလစ်အမျိုးမျိုး၊ ဆံညှပ်များ၊ လက်ကောက်မျိုးစုံနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ရောင်းချပါသည်။ ကြေးပေါသောနိုင်ငံဖြစ်၍ ကြေးဖြင့် ပြုလုပ်ထားသော ဘုရားပုံတော်များ၊ ကြေးလင်ပန်း၊ ကြေးပန်းအိုး၊ ဖယောင်းတိုင်၊ အမွှေးတိုင်ထွန်းသည့် ကြေးအိုးစသဖြင့် စုံလင်စွာ ရောင်းချပါသည်။ ကျွန်မတို့ ဘုရားဖူးအဖွဲ့သားများလည်း မိမိနှစ်သက်ရာ ကြေးပစ္စည်းများ ဝယ်ယူကြပါသည်။ ကျွန်မသည်လည်း ကြေးဘုရားတစ်ဆူပင့်ဆောင်လာခဲ့ပါသည်။ ဗုဒ္ဓစာပေနှင့် ဆိုင်သည့်စာအုပ်စာတမ်းများလည်း ရောင်းချသည်ကို တွေ့ရှိရသဖြင့် စာအုပ်စာတမ်းအချို့ဝယ်ယူခဲ့ပါသည်။

ဈေးဆိုင်တန်းမှအပြန် ကုသိနာရုံဘုန်းတော်ကြီးကျောင်းထမင်းစားခန်းတွင် ရောင်းချနေသော နို့သာဖြူ၊ နို့သာဆီ၊ နို့သာမွှေး၊ နို့သာဖြူစိပ်ပုတီးများကို အမှတ်တရ ဝယ်ယူခဲ့ကြပါသည်။ ကျွန်မလည်း ထမင်းစားခန်းတွင် အသောကမင်းကြီးဓါတ်ပုံကိုတွေ့၍ အမှတ်တရ ဓါတ်ပုံရိုက်ယူခဲ့ပါသည်။ မလ္လာမင်းတို့၏တိုင်းနိုင်ငံတွင် ရာဇဌာနီမြို့များမှာ ကုသိနာရုံနှင့်ပါဝါပြည်တို့ ဖြစ်သည်။ ဘုရားရှင်လက်ထက်တော်တွင် ကုသိနာရုံသည် ပါဝါပြည်၏အစွန်အဖျား၌ ရွာငယ်မျှသာ ဖြစ်သည်။ မြတ်စွာဘုရားရှင်သည်ပရိနိဗ္ဗာန်စံမည့်သတင်းကို သုံးလကြို၍ ဝေသာလီမြို့၌ လက္ခဏာပြမိန့်ကြားခဲ့သည်။ ထိုအခါ အရှင်အာနန္ဒာက မြတ်စွာဘုရားရှင်အားကုသိနာရုံကဲ့သို့ ရွာငယ်ကလေးတွင် အဘယ်ကြောင့် ပရိနိဗ္ဗာန်ပြုရန် ရွေးချယ်တော်မူရပါသနည်းဟု လျှောက်ထားမေးမြန်းသည့်

အခါ "ချစ်သားအာနန္ဒာ၊ ကုသိနာရုံရွာငယ်ကလေးသည် ရှေးအခါက ကုသာဝတီမြို့တော်ကြီးဖြစ်၍၊ ငါဘုရားသည် မဟာသုဒဿန အမည်ရှိ စကြာဝတေးမင်းကြီးအဖြစ်ဖြင့် တရားဓမ္မနှင့်အညီ စိုးစံမင်းပြုခဲ့သည်။ ထိုပြင်တစ်ဝ (၇)ဘဝ ဦးခေါင်းချခဲ့သည့်နေရာလည်း ဖြစ်သည်။ ထို့ကြောင့် ကုသိနာရုံတွင် ပရိနိဗ္ဗာန်ပြုရန် ငါဘုရား ရွေးချယ်ခြင်း ဖြစ်သည် ဟု မိန့်ကြားတော်မူပါသည်။

ကုသိနာရုံသည် လုမ္ဗိနီမှ ကီလိုမီတာ ၁၀၀ မျှဝေးသော အရပ်တွင် တည်ရှိခြင်း၊ အိန္ဒိယပြည်မြောက်ပိုင်း အရေးကြီးမြို့ကြီးများ၏ အလယ်ဗဟိုတွင် တည်ရှိနေခြင်း၊ မြတ်စွာဘုရားရှင်သည် မလ္လာအနွယ်ဝင်တို့အား လွန်စွာချစ်ခင် ကရုဏာထားတော်မူခြင်း၊ နောက်ဆုံး ရဟန္တာသာဝကဖြစ်မည့် သုဘဒ္ဒပရိဗိုဇ်အား ချွတ်ရန် အကြောင်းတစ်ချက်၊ ပြည်ထောင်မင်းတို့အား သြဇာသက်ရောက်မှုရှိသည့် ဒေါဏပုဏ္ဏားရှိရာအရပ်ဖြစ်ခြင်း စသည့်အချက်များသည်လည်း ကုသိနာရုံတွင် ပရိနိဗ္ဗာန်ပြုရန် အကြောင်းအချက်များ ဖြစ်သည်ဟု ကြားနာမှတ်သားခဲ့ရပါသည်။

မြတ်စွာဘုရားရှင်သည် နိမိတ်ပြဟောကြားခဲ့ပြီးနောက် ဝေသာလီမှ ကုသိနာရုံသို့ ခရီးထွက်တော်မူခဲ့သည်။ လမ်းခရီးတစ်လျှောက် ကျေးရွာများတွင် သတ္တဝါအများအား ကရုဏာရှေ့ထား၍ တရားစစ်၊ တရားမှန်များ အစဉ်တစိုက် ဟောကြားခဲ့ပြီး ပါဝါမြို့၊ စုန္ဒ၏သရက်ဥယျာဉ်တွင် ခေတ္တနားနေတော်မူသည်။ စုန္ဒသည် မြတ်စွာဘုရားနှင့် သံဃာတော်များအား မိမိနေအိမ်တွင်

ဆွမ်း၊ ဘောဇဉ်၊ ခဲဖွယ်အမျိုးမျိုးနှင့် ဝက်ပျိုသား ဆွမ်းဟင်းကို အမွန်အမြတ် ကပ်လှူခဲ့သည်။ ပါဝါမြို့မှအထွက် လမ်းခရီးတွင် ဝမ်းကိုက်ဝေဒနာ ပေါ်လာသဖြင့် ရေမွတ်သိပ်တော်မူသဖြင့် အရှင်အာနန္ဒာအား မိန့်ကြားရာ အရှင်အာနန္ဒာသည် ကကုဓါမြစ်ရောက်မှ ရေကြည်ရေအေးသောက်သုံးပါရန် လျှောက်ထားသည်။ လက်ရှိ ဂင်္ဂါမြစ်ရေသည်လည်း လှည်းငါး ရာဖြတ်သန်းမှုကြောင့် နောက်ကျိနေသည်။ သုံးကြိမ်တိုင် တိုက်တွန်းမှု၍ သပိတ်တော်နှင့် ခပ်ယူသောအခါမှ ရေကြည်ရေအေးကို သောက်သုံးတော်မူရသည်။ ထိုနေရာတွင် မြတ်စွာဘုရားရှင်သည် ဒါယိကာတစ်ဦးလှူဒါန်းသောများစွာအဖိုးထိုက်တန်လှသည့် ခြုံထည်ကို ခြုံတော်မူလျက် ခရီးဆက်ခဲ့ရာ သရက်ဥယျာဉ် တစ်ခုသို့ ဆိုက်ရောက်တော်မူပါသည်။

ထို့နောက် မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာအား "ချစ်သား အာနန္ဒာ၊ သုဇာတာကပ်လှူသော နို့ဆွမ်းထမင်းကို ဘုဉ်းပေးတော်မူ၍ သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူသည်။ ဒကာကြီး စုန္ဒ လှူသော ဆွမ်း၊ ဘောဇဉ်ကို ဘုဉ်းပေးပြီး ငါဘုရားသည် ပရိနိဗ္ဗာန် စံတော်မူမည်ဖြစ်သောကြောင့် ဤဆွမ်းဘောဇဉ်နှစ်ခုသည် မွန်မြတ်လှပေ၏"ဟု မိန့်တော်မူသည်။ ထိုမှ ခရီးဆက်ပြန်ကား ဟိရညဝတီမြစ်ကို ဖြတ်ပြီး ကုသိနာရုံရှိ မလ္လာမင်းတို့၏ အင်ကြင်းတောသို့ ဆိုက်ရောက်တော်မူပါသည်။

ထိုဥယျာဉ်တော်၏ အင်ကြင်းပင်နှစ်ပင်ကြား [illegible]ညောင်စောင်းထက်၌ ဒုကုဋ်သင်္ကန်းကြီး ခင်းစေပြီး ဗုဒ္ဓဘုရားရှင်သည် မြောက်အရပ်သို့ ခေါင်းပြုကာ အနောက်အရပ်သို့ မျက်နှာမူပြီး လက်

ယာန်စောင်း လဲလျောင်း၍ "သဗ္ဗေ သင်္ခါရာ အနိစ္စာတိ" အစချီ၍ နောက်ဆုံးမှာတမ်းတော်ကို မြွက်ကြားလေသည်။

အရှင်အာနန္ဒာသည် သောတာပန်ရဟန်းမျှသာ ဖြစ်သေးသည့်အပြင် မြတ်စွာဘုရားရှင်အား အနီးကပ်လုပ်ကျွေး ပြုစုနေသူဖြစ်သဖြင့် စိတ်မထိန်းနိုင်ဘဲ မျက်ရည်များ စီးကျကာ ငိုကြွေးတော်မူသည်။ ထိုအခါ ဘုရားရှင်သည် "ချစ်သားအာနန္ဒာ၊ ချစ်ခင်မြတ်နိုးအပ်သောသူများနှင့် ကင်းကွာရခြင်းသည် ဒုက္ခဖြစ်၏။ သို့သော် မွေးဖွားလာသူတို့မှ သေခြင်းတရားနှင့် မည်သူမျှ မလွတ်ကင်းနိုင်၊ ငါဘုရားသည်လည်း ယနေ့ည ပရိနိဗ္ဗာန် စံတော်မူမည့်အကြောင်း မလ္လာမင်းတို့အား အကြောင်းကြားပေတော့" ဟူ၍ မိန့်ကြားခဲ့လေသည်။

ညဦးယံတွင် မလ္လာမင်းနှင့် ပြည်သူအပေါင်းတို့၏ အပူဇော်ခံယူတော်မူ၍ သုဘဒ္ဒအမည်ရှိ ပရဗိုဇ်တစ်ဦးအား ဒွိဟဖြစ်နေသော သံသယမေးခွန်းတစ်ခုကို ဟောကြားဖြေဆိုတော်မူပြီး ဗုဒ္ဓသက်တော်ထင်ရှားကာလတွင် နောက်ဆုံးရဟန်းအဖြစ် ချီးမြှောက်တော်မူခဲ့ပါသည်။ ညဉ့်နက်လာသောအခါ သံဃာတော်များ၏ အပူဇော်ခံယူတော်မူ၍ နောက်ဆုံးတရားတော်အဖြစ် သံဃာတော်များအား "အပ္ပမာဒေန၊ သမ္ပာဒေထ" "မမေ့မလျော့ မပေါ့မဆ သတိတရားလက်ကိုင်ထား၍ တရားကို ကျင့်ကြံအားထုတ်ကြ" ဟု မိန့်ကြားတော်မူသည်။ ထိုမှနောက်တွင် အဆင့်ဆင့်သော ဈာန်တို့ကို ဝင်စားတော်မူပြီး၊ နိရောဓသမာပတ်ကို ဝင်စားတော်မူသည်။ သက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့် အင်္ဂါနေ့တွင်၊ မဟာ

ပရိနိဗ္ဗာန် စံဝင်တော်မူပါသည်။ ကုသိနာရုံ အင်ကြင်းတောရှိ၊ မြတ်စွာဘုရား၊ ပရိနိဗ္ဗာန် စံဝင်တော်မူသည့်နေရာကို အသောက မင်းကြီးသည် မဟာပရိနိဗ္ဗာန်စေတီနှင့် မဟာပရိနိဗ္ဗာနမုဒြာဖြင့်၊ မြတ်စွာဘုရား၏ ပုံတော်ကို တည်ထားကိုးကွယ်ခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာ၏ ရုပ်ကလာပ်တော်ကို၊ ခုနစ်ရက်တိုင်တိုင် အပူဇော်ခံပြီး၊ မလ္လာမင်းရှစ်ဦးတို့သည် ရေချိုးသန့်စင်ကာ၊ ဝတ်ရုံ တော်အသစ် ဝတ်ဆင်၍၊ ဗုဒ္ဓ၏ ရုပ်ကလာပ်တော်ကို ထမ်းစင် ဖြင့် ပခုံးပေါ်ထမ်းလျက်၊ ကုသိနာရုံ၏အရှေ့ဘက် မိုင်ဝက်ခန့် တွင်ရှိသည့်၊ မကုဋဗန္ဓနတောရှိ မလ္လာမင်းတို့၏ သဘာဂါရ (နတ် ကွန်း)၌၊ စန္ဒကူးသားဖြင့် ခင်းကျင်းပြုလုပ်ထားသည့် ထင်းပုံ ပေါ် တွင်၊ တင်၍ မီးသဂြိုဟ်တော်မူရာ၊ မီးစွဲခြင်းမရှိပေ။ တတိယ သာဝကကြီးဖြစ်တော်မူသော၊ အရှင်မဟာကဿပကြွရောက်တော် မူလာ၍၊ ဗုဒ္ဓ၏ ခြေတော်အစုံအား မိမိ၏ဦးခေါင်းထက်မှ ထားပြီး လက်စုံမိုး၍၊ ရှိခိုး ပူဇော်ပြီးသောအခါမှ အလိုအလျောက် ရုပ် ကလာပ်တော်ကို တေဇောဓါတ် လောင်တော်မူပါသည်။ ထို့နောက် နံ့သာရေစင်ဖြင့် ပက်ဖြန်း၍၊ မီးငြိမ်းစေတော်မူပါသည်။

ဗုဒ္ဓ၏ ဓါတ်တော်၊ မွေတော်များကိုလည်း မင်းဆရာတစ်ဆူ ဖြစ်သောဒေါဏပုဏ္ဏားက အညီအမျှ (၈) ခွဲဝေကာ၊ ကုသိနာရုံ မှ မလ္လာမင်းများအပါအဝင် ပြည်ထောင်(၇)ခုမှ မင်းတို့အား အညီ အမျှ ခွဲဝေပေးခဲ့ပါသည်။ ပြည်ထောင်အသီးသီးမှ မင်းတို့လည်း မိမိတို့ ရရှိခဲ့သည့် ဓါတ်တော်၊ မွေတော်များကို စေတီ ပုထိုးတည်၍ ကိုးကွယ်ခဲ့ကြသည်။ ဒေါဏပုဏ္ဏားမှကား၊ ဓါတ်တော်ဝေသည့်

အိုးကိုသာ ရရှိခဲ့သည်။ မောရိယအနွယ်ဝင်မင်းတို့၊ နောက်ကျမှ ရောက်ရှိလာသဖြင့်၊ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်ရာ၌ အသုံးပြုခဲ့သည့် သစ်သား၊ မီးသွေးခဲများကိုသာရရှိ ကိုးကွယ်ကြရပါသည်။

ဗုဒ္ဓအား၊ တေဇောဓါတ် လောင်ကျွမ်းရာနေရာတွင် အသောကမင်းကြီးက ကြီးမားသည့် စေတီတစ်ဆူ တည်ထား ကိုးကွယ်ခဲ့ပါသည်။ ဤစေတီကို (အင်္ဂါရစေတီ) ဟု ခေါ်တွင်၍ ယခုအခါ ကုန်းမြင့်ကြီးတစ်ခုအသွင် တည်ရှိနေပါသည်။ ကျွန်မတို့ ဘုရားဖူးအဖွဲ့လည်း၊ ဈေးဝယ်ထွက်သူထွက်၊ အိပ်ခန်းတွင် နားနေသူကနားနေ၊ စကားပြောဆိုသူက ပြောဆိုကြဖြင့်၊ အသီးသီး လှုပ်လှုပ်ရှားရှား ဖြစ်နေချိန်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံနှင့်ပတ်သက်၍ ကျွန်မတစ်ယောက်လည်း စုစုဆောင်းဆောင်း ရှာရှာဖွေဖွေ လေ့လာသမှုပြုနေမိပါသည်။

## ၇-၄-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်စောစောတွင် အဖွဲ့မှ ကျွေးမွေးသော၊ မုန့်ဟင်းခါး လက်ဖက်ရည်တို့ကို သုံးဆောင်ကြပြီးနောက် ကုသိနာရုံ မြန်မာ ဘုန်းတော်ကြီးကျောင်းနှင့် ခြံဝင်းချင်းကပ်လျက်ရှိသော၊ မဟာ ပရိနိဗ္ဗာနစေတီတော်နှင့် မဟာပရိနိဗ္ဗာနမုဒြာဖြင့် မြတ်စွာဘုရား ရုပ်ပွါးတော်ကို သွားရောက်ဖူးမြော်ကြည်ညိုကြပါသည်။ ကျွန်မတို့ ဘုရားဖူးအဖွဲ့သည် ကြာသက်နံးကို ရိုသေစွာကိုင်ဆောင်၍ မြတ်စွာဘုရား ရုပ်ပွါးတော်ကို လက်ယာရစ်လှည့်ကာ ရှိခိုးပူဇော်

ကြပါသည်။ ထို့နောက် မြတ်စွာဘုရားရှင်၏ ရုပ်ပွါးတော်တွင် ကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပါသည်။ ဗုဒ္ဓရုပ်ပွါးတော်ကို ဦးခေါင်းတော်တည့်တည့်မှ ဖူးမြော်လျှင် ပြုံးတော်မူဟန်၊ မျက်နှာ တော်တည့်တည့်မှ ဖူးမြော်လျှင် ကျိန်းစက်နေဟန်နှင့် ခြေဖဝါး တော်နေရာမှ ဖူးမြော်လျှင် ဝေဒနာခံစားနေဟန်ကို လက်ရာ မြောက်စွာ ပန်းပုထုလုပ်ထားသည်ကို ကြည်ညိုစွာ ဖူးတွေ့ရ ပါသည်။

ကျွန်မတို့ ဘုရားဖူးအဖွဲ့လည်း၊ ဘုရားရှိခိုး ဆုတောင်း မေတ္တာပို့ အမျှဝေ သာဓုခေါ်ဆိုကာ ဘုရားရုပ်ပွါးတော်အား ရွှေသင်္ကန်းကပ်ခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်းဖြင့် ဖူးမြော်မဝ အောင်ပင် ကြည်ညိုသဒ္ဓါပွါးမိပါသည်။ ထိုမှဆက်လက်၍ မဟာ ပရိနိဗ္ဗာနစေတီတော်ကို သွားရောက်ဖူးမြော်ကန်တော့ကြပါသည်။

ထို့နောက်၊ မြတ်စွာဘုရားရှင် ရေကြည်တော်သောက်သုံး ရာနေရာတော်၌ ဆောက်လုပ်ထားသော ကျောင်းဆောင်ကို သွားရောက်ဖူးမြော်ကြပါသည်။ ထိုမှတစ်ဖန် မြတ်စွာဘုရားရှင် ကို တေဇောဓါတ်လောင်ကျွမ်းရာ အင်္ဂါရစေတီတော်သို့ သွား ရောက်ဖူးမြော်ကြပါသည်။ တောင်ကုန်းမြင့် သဏ္ဌာန်တည်ရှိ နေသည့် စေတီတော်မြတ်တွင်၊ ရွှေသင်္ကန်းကပ်ခြင်း၊ ဆီးမီး ပူဇော်ခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ခြင်းများ ပြုလုပ်ကာ ရိုသေ စွာ ရှိခိုးကန်တော့ခဲ့ကြပါသည်။ တစ်ဖန် ဓါတ်တော်ဝေရာနေရာ တော်မြတ်တွင် ဘုရားဆင်းတုတော်တစ်ဆူ တည်ထားရာ နေရာ တော်မြတ်သို့လည်း သွားရောက်ဖူးမြော်ကန်တော့ခဲ့ကြပါသည်။

ဘုန်းတော်ကြီးကျောင်းသို့ ပြန်ရောက်သောအခါ ရေချိုး၊ ခေတ္တနားနေ၍ ညစာ စားသုံးကြပါသည်။

ညဉ့်ဦးပိုင်းတွင်၊ ကုသိနာရုံဆရာတော် အရှင်ဉာဏိဿရက တရားတော်များ ဟောကြားတော်မူရာ မြတ်စွာဘုရားရှင်သည် မြောက်ဘက်သို့ ဦးခေါင်းပြုခြင်းမှာ၊ ဟိမဝန္တာတောင်တည်ရှိ၍ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများ သီတင်းသုံးတော်မူခဲ့ရာ နေရာတော်မြတ်ဖြစ်သောကြောင့်၊ အမွန်အမြတ်ထားခြင်းဖြစ်ကြောင်း အနောက်သို့ မျက်နှာမူခြင်းမှာ နေဝင်တော့မည့်သဘော ပရိနိဗ္ဗာန်စံဝင်တော့မည့်သဘောဖြစ်ကြောင်း၊ ရှင်းလင်းဟောကြားပါသည်။ ဆက်လက်၍ ဝိပဿနာတရားအားထုတ်ရာတွင် များများမစားနဲ့ များများမပြောနဲ့၊ များများမအိပ်နဲ့ တစ်ယောက်တည်းနေလျှင် တရား၊ နှစ်ယောက်တွဲလျှင်စကား၊ သုံးယောက်ဆိုလျှင် အလကားဖြစ်တတ်၍ မည်သည့်နေရာတွင် တရားအားထုတ်သည်ဖြစ်စေ တစ်ယောက်တည်း နေ၊ တစ်စိတ်တည်းသာ ထား၍ တရားအားထုတ်သင့်ကြောင်း ဟောကြားတော်မူပါသည်။

ဆက်လက်၍ မိဘ၊ ဆရာသမားများအား ကျွေးမွေးပြုစုလျှင်၊ ရှိသေစွာ ကျွေးမွေးပြုစုရန် ကိုယ်၊ နှုတ်၊ စိတ်ယဉ်ကျေးစွာဖြင့် ၃၈–ဖြာ မင်္ဂလာတရားတော်နှင့်အညီ ပြုမူပြောဆို ကျင့်ကြံကြရန် မိမိကောင်းမှ မိမိမျိုးဆက်ကောင်းမည်ဖြစ်၍၊ ကောင်းသောအမွေကိုသာ ပေးကြပါဟု ပြောဆိုဆုံးမတော်မူပါသည်။

တစ်ဖန် မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်တွင် (၂၅) ဝါဆိုခဲ့ခြင်းမှာ ဒါယကာကောင်းရှိ၍ ဖြစ်သည်။ သို့အတွက် မိမိ

တိုင်းပြည်၊ နေရာအသီးသီးတွင်၊ သာသနာတော် ပြန့်ပွား အဓွန့်ရှည် တည်တံ့နိုင်ရေးအတွက် ရိုသေလေးစားစွာ လိုက်နာ ကျင့်ကြံ လှူဒါန်းနိုင်မည့် ဒါယကာ ဒါယိကာမများ လိုအပ်ကြောင်း ဟောကြားတော်မူပါသည်။

ထို့နောက်၊ ဘုရားဖူးများက ဆရာတော်အား လှူဖွယ်ပစ္စည်းအစုစုကို လှူဒါန်းဆက်ကပ်ကြပါသည်။ ဆရာတော်က ရေစက်ချတရား ဟောကြားပြီး ဘုရားဖူးများက အမျှဝေ သာဓု အနုမောဒနာ ခေါ်ဆိုကြပါသည်။

**၈–၄–၂၀၁၀ (ကြာသပတေး)**

နံနက်စောစောတွင် ကျွန်မတို့ဘုရားဖူးအဖွဲ့လည်း မဟာပရိနိဗ္ဗာနစေတီနှင့် ပရိနိဗ္ဗာနကျောင်းတော်မှ ဗုဒ္ဓရုပ်ပွါးတော်မြတ်ကို ထပ်မံပူဇော်ကန်တော့ကြပါသည်။ ကုသိနာရုံ မြန်မာဘုန်းတော်ကြီးကျောင်းရှေ့ရှိ ဈေးဆိုင်တန်းများတွင် ရောင်းချနေသော စပျစ်သီးစို၊ စပျစ်သီးခြောက်၊ စွန်ပလွန်ယို၊ လိမ္မော်သီး၊ အိန္ဒိယမုန့်မျိုးစုံတို့ကို ခရီးပြန်လက်ဆောင်အဖြစ် ဝယ်ယူခဲ့ကြပါသည်။ နံနက်(၇း၀၀)နာရီခန့်တွင် ကျွန်မတို့ဘုရားဖူးအဖွဲ့သည် ကုသိနာရုံမှ ဝေသာလီပဋ္ဌနားသို့ ဆက်လက်ခရီးထွက်ခွာလာခဲ့ကြပါသည်။

လမ်းတွင် စုန္ဒ၏အိမ်နေရာကို တွေ့ရှိမှတ်တမ်းတင်ခဲ့ကြပါသည်။ ကုသိနာရုံမှ စတင်ထွက်ခွာလာသည်နှင့် ကျွန်မလည်း လယ်တီဆရာတော်ဘုရားကြီး၏ ဘုရားရှိခိုးစာအုပ်မှ ငယ်စဉ်က ရွတ်ဆိုပူဇော်လာခဲ့သော အစဉ်အလာအတိုင်း ရှိခိုးပူဇော်ပါသည်။

"တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံသိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးကာ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ ဆုံပြည့်ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဝုန်းဆူသောင်းလုံး ကျော်တယ်ကို" "နိဗ္ဗူစံပြီ၊ ရှမအီသာ၊ သီဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂျွန်နေ့ဝယ်၊ ခိုးငွေ့မနော၊ ဓါတ်တေဇောလျှင်၊ ရှင်စောဉာဏ်ထက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေတော်ရှစ်စိတ် ကြွင်းတယ်ကိုး"။

"ထိုခုနစ်နေ့ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို သုံးပါးမွန်စွာ၊ ဝန္ဒနာနှင့် သဒ္ဓါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသောဝ်" ဟူ၍ သဒ္ဓါရှိကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ ရှိခိုးတကာ၌ ယခုလို အကြောင်းဆိုက်၍ ပူဇော်ရခြင်းမှာ ပို၍စိတ်ချမ်းမြေ့ရပါသည်။

■

## သာမောဖွယ်ညီ၊ ဝေသာလီသို့

ဝဇ္ဇီတိုင်း၊ ဝေသာလီသည် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က အလွန်စည်ကားသော မြို့တော်ကြီး ဖြစ်ခဲ့ပါသည်။ လူဦးရေ များပြားသည်နှင့်အမျှ သုံးကြိမ်တိုင်တိုင် တံတိုင်းသုံးထပ်ကာရံ၍ တည်ဆောက်ခဲ့ရသော မြို့တော်လည်းဖြစ်သည်။ ဝေသာလီသည် ပြည်သူ့ဆန္ဒဖြင့် တင်မြှောက်ထားသော လိစ္ဆဝီမင်းသားတို့ ဦးဆောင်၍ ပြည်သူ့ကိုယ်စားလှယ်များ စုပေါင်းအုပ်ချုပ်ခဲ့သည့် ဒီမိုကရေစီမြို့တော်ကြီးလည်းဖြစ်သည်။ ၎င်းဝေသာလီမြို့တော်ကြီးတွင် လိစ္ဆဝီမင်းသားများ အပါအဝင် အစိုးရအရာထမ်း၊ အမှုထမ်းများနေထိုင်ရန် လုပသော လူနေအိမ်များ၊ အုပ်ချုပ်ရေးဆိုင်ရာအဆောက်အဦများ၊ ဥယျာဉ်၊ ရေကန်အစရှိသည်တို့ကို အရေအတွက် ညီမျှစွာနှင့် ပိသုကာဆရာများက ပုံစံတူ၊ အကွက်ချ၍ လှပစွာတည်ဆောက်ထားသော မြို့ဖြစ်ကြောင်း သိရှိမှတ်သားခဲ့ရပါသည်။

ဝေသာလီမြို့ အနောက်ဘက်တွင် တောအုပ်ကြီး(မဟာဝန)

ရှိ၍ မြတ်စွာဘုရားရှင်သည် ထိုတောအုပ်အတွင်းရှိ ပြာသာဒ်ပါ သောကျောင်း(ကူဋာဂါရသာလာ)၌ သီတင်းသုံးတော်မူလေ့ရှိသည်။ ဝေသာလီတွင် ကပ်ရောဂါ ဘေးဆိုက်ရောက်၍ လူအသေ အပျောက် များလာသောအခါ ဝေသာလီသားတို့သည် မြတ်စွာ ဘုရားရှင်အား လျှောက်ထားလာသည်။ ထိုအခါ မြတ်ဗုဒ္ဓသည် အရှင်အာနန္ဒာနှင့် ရဟန်းအပေါင်းတို့အား ရတနသုတ်ကို သင်ကြား ပေးပြီး တံတိုင်းသုံးထပ်ကြားတွင် ညဥ့်သုံးယံပတ်လုံး လှည့်လည် ရွတ်ဖတ်စေတော်မူပါသည်။ မြို့အနှံ့ကိုလည်း ပရိတ်ရေများဖြင့် ပက်ဖြန်းစေသည်။ ထိုအခါမှ ကပ်ရောဂါဘေး ကင်းဝေးကြောင်း ကြားနာ မှတ်သားခဲ့ရပါသည်။

ဝေသာလီသို့ ရောက်သောအခါ ကြည်လင်သော ရေကန် ၏အနီးတွင် အသောကကျောက်တိုင်ကြီးကို ထီးထီးမားမား စတင် တွေ့ရှိခဲ့ရသည်။ အသောကကျောက်တိုင်သည် ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ သပိတ်တော် ဆက်စပ်မှုရှိသည်ဟုလည်း ကြားနာ မှတ်သားခဲ့ရပါသည်။ မြတ်စွာဘုရားရှင်သည် နောက်ဆုံးဝါကို ဝေသာလီပြည်အနီး ဝေလုဝ(ဝေဠုဝ)ရွာ၌ ဝါကပ်တော်မူစဉ်က ညီတော်အာနန္ဒာအား နောက်သုံးလအကြာတွင် ငါဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူမည်ဟု မိန့်ကြားခဲ့ပြီး ဝေသာလီမှ ထွက်ခွါ လာသည်။ ဝေသာလီမြို့သူမြို့သားများလည်း ပူဆွေး သောက ကြီးစွာဖြင့် ဘုရားရှင်နောက်တော်ပါးမှ တကောက်ကောက်လိုက် ပါသည့် အဆုံးတွင် ဝေသာလီသားတို့ ကိုးကွယ်နိုင်ရန် ကိုယ်တိုင် လွယ်ထားသော သပိတ်တော်ကို စွန့်ခဲ့ကြောင်း ၎င်းသပိတ်တော် စွန့်ခဲ့သောနေရာတွင် အသောကမင်းကြီးက ခြသေ့ရုပ်ထုကို

ခမ်းနားတင့်တယ်စွာ ထုဆစ်ထားသည်။ ခြသေ့်ဦးခေါင်းသည် ကုသိနာရုံဘက်သို့ မျက်နှာမူထားသည် ဝေသာလီရှိ အသောက ကျောက်တိုင်ကြီးသည် မပျက်မစီး အကောင်းပကတိရှိသည့် တစ်ခု တည်းသော ကျောက်တိုင်အဖြစ် ဝမ်းမြောက်ဝမ်းသာ တွေ့ရှိရ ပါသည်။

ကျောက်တိုင်၏အနီးတွင် အရှင်အာနန္ဒာ၏ ဓါတ်တော်များ ဌာပနာထားသည့် စေတီတစ်ဆူကိုလည်း ဖူးတွေ့ခဲ့ရပါသည်။ အရှင်အာနန္ဒာမထေရ်မြတ်ကြီးသည် ရာဇဂြိုဟ်မြို့နှင့် ဝေသာလီ မြို့အကြား (သို့) ဝဇ္ဇီတိုင်းနှင့် မဂဓတိုင်းအကြား၊ ဂင်္ဂါမြစ်၏ ကောင်းကင်ထက်၌ ပရိနိဗ္ဗာန်ပြု၍ ဓါတ်တော်များကို နှစ်ပြည် ထောင်ဘက်ဆီသို့ အဓိဋ္ဌာန်ဖြင့် အသီးသီးကျစေတော်မူခဲ့ပါသည်။ ထို့ကြောင့် ရာဇဂြိုဟ်နှင့် ဝေသာလီမြို့တော်များတွင် ဓါတ်တော် များကို ဌာပနာပြုကာ စေတီတည်ခဲ့ခြင်းကြောင့် ခန္ဒာထက်ဝက် စေတီတော်ဟု ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း လေ့လာမှတ်သားခဲ့ရ ပါသည်။

(မဇ္ဈိမဒေသ၊ မြို့ရွာများမှ သမိုင်းရုပ်ကြွင်းပုံရိပ်လွှာများ၊ ဆရာတော်ဦးဩဘာသ(သာဝတ္ထိကျောင်း) အရှင်အာနန္ဒာ ပရိနိဗ္ဗာန် စံရာ) အရှင်အာနန္ဒာဟာ၊ ရောဟိဏီမြစ်ရဲ့အလယ်မှာ၊ ထန်း (၇)ဆင့် အမြင့်ပမာဏရှိတဲ့ ကောင်းကင်မှာ တင်ပလ္လင်ခွေ ထိုင်ပြီး လူအများအား တရားဟောကာ ''ငါရဲ့ခန္ဒာကိုယ်ကို၊ အလယ်က ခွဲပြီး၊ တစ်ဖို့က ဒီဘက်ကမ်းမှာ၊ တစ်ဖို့က ဟိုဘက်ကမ်းမှာ ကျ ပါစေ'' လို့ အဓိဋ္ဌာန်ပြီး ထိုင်ရင်းပဲ တေဇောသမာပတ်ကို ဝင်စား နေပါတယ်၊ မီးအလျှံတွေ ထတောက်ပါတယ်၊ ခန္ဒာကိုယ်ကို

အလယ်က ခွဲပြီး၊ တစ်ဖို့က ဒီဘက်ကမ်းမှာ၊ တစ်ဖို့က ဟိုဘက်ကမ်းမှာကျပါတယ်။ (ဓမ္မပဒ၊ ၌၊ ပ၊ ၃၄၃)

**ပိဋကတ်တော်လာသိမှတ်စရာ(သာမထောကျော်)**

ဝေသာလီမြို့အနောက်ဘက်တွင် စာပါလစေတီရှိ၍ မြတ်စွာဘုရားသည် ထိုစာပါလစေတီ အနီးတွင်၊ အာယုသင်္ခါရလွှတ် (သက်တမ်းပြည့်သော်လည်း ပို၍ အသက်ရှည်နေနိုင်အောင် ထိန်းချုပ်ပေးနိုင်သော အာယုပါလက ဖလသမာပတ် ဝင်စားခြင်းကို မဝင်စားတော့ဟု) စွန့်တော်မူခဲ့သည်ဟုလည်း မှတ်သားနာယူခဲ့ရပါသည်။ ထိုမှတစ်ဆင့် ဝေသာလီမင်းတို့ ဝေစုရရှိသော ဓါတ်တော်များကို ဌာပနာထားသည့် မြတ်စွာဘုရားရှင်၏ ဓါတ်တော်တိုက်သို့ ရောက်ရှိခဲ့ပါသည်။ ၎င်းဓါတ်တော်တိုက်ကို လေဒဏ်၊ မိုးဒဏ် ခံနိုင်ရန် သွပ်ပြားများမိုး၍ အဝိုင်းပုံသဏ္ဍာန် တည်ဆောက်ထားသည်။ ကျွန်မတို့ ဘုရားဖူးအဖွဲ့လည်း ဘုရားရှင်အား ရည်မှန်း၍ ရှိသေစွာ ကန်တော့ခဲ့ကြပြီး မော်တော်ကားဖြင့် ဆက်လက်ထွက်ခွါလာရာ ကြီးမားသော ရေကန်ကြီး တစ်ကန်ကို တွေ့ခဲ့ရပါသည်။ ရေကန်ပတ်ဝန်းကျင်တွင် သစ်ပင်ကြီးငယ်များ စိမ်းစိမ်းစိုစိုဖြင့် သာယာလှပါသည်။

၎င်းရေကန်ကြီးသည် ရှေးအခါက ဝေသာလီပြည်ရှိ လိစ္ဆဝီမင်းတို့ ဘိသိက်သွန်း ခေါင်းဆေးမင်္ဂလာ ပြုရာရေကန်သာဖြစ်ကြောင်း၊ သံကွန်ချာ (၇)ထပ်ကာရံ၍ လေးသည်တော် အစောင့်အရှောက်အပြည့်ချထားသော မင်္ဂလာရေကန်တော်ကြီး ဖြစ်ခဲ့ကြောင်း Guide မှ ရှင်းပြပါသည်။ ရေကန်ကို ကြည့်နေရင်းမှ ကျွန်မ ဖတ်ဖူးခဲ့သော ဗန္ဓုလစစ်သူကြီးနှင့် မလ္လိကာမိဖုရားကြီး

အကြောင်း အတွေးထဲမှာ ပေါ်လာပါသည်။ ဗန္ဓုလသည် ကောသလမင်းကြီး၏ စစ်သူကြီးလည်းဖြစ် ကျောင်းနေဖက် သူငယ်ချင်းလည်းဖြစ်သည်။ မလ္လိကာမိဖုရားကြီး ကိုယ်ဝန်နှင့် ချင်ခြင်းတပ်၍ လိစ္ဆဝီရေကန်မှရေကို သောက်သုံးလိုသည့်အခါ ဗန္ဓုလစစ်သူကြီးသည် မိဖုရားကြီးကို ရထားထက်မှာတင်ဆောင်၍ ဝေသာလီသို့ အရောက်သွားသည်။ ရေကန်တွင်ကာရံထားသော သံကွန်ချာ ၇–ထပ်ကို သံလျက်ဖြင့် ခုတ်ဖြတ်၍ မိဖုရားကြီးကို မင်္ဂလာကန်ရေသောက်စေသည်။ ဤအကြောင်းကို ကြားသိ၍ လိစ္ဆဝီမင်းသားသုံးဆယ် မြင်းရထားဖြင့် လိုက်လာသောအခါ မြင်းများတစ်တန်းတည်း တည်ဖြစ်နေချိန်တွင် မြားကိုပစ်လွှတ်လိုက်၏။ လိစ္ဆဝီမင်းသားသုံးဆယ် သေလေသည်။ နောင်အခါ တူသောအကျိုးပေးဖြင့် ဗန္ဓုလစစ်သူကြီးနှင့် သား (၃၂) ယောက် ကောသလဘုရင်၏ အထင်မှားမှုဖြင့် အသတ်ခံရသည်။ ကံ ကံ၏အကျိုးသည် ဘဝမခြား အရိပ်မာ ထပ်ချပ်လိုက်ပါတတ်ပါကလားဟု သံဝေဂတရားပွားများမိပါသည်။

ဝေသာလီ၏ ထူးခြားမှုတစ်ရပ်မှာ ဘိက္ခုနီသံဃာ ခွင့်ပြုပေးရာ အရပ်ဒေသဖြစ်ခြင်းသည်လည်း အကြောင်းရင်း တစ်ရပ်ဖြစ်သည်။ သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်စံပြီးနောက် မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည်၊ နိဂြောဓာရာမကျောင်းတိုက်တွင် သီတင်းသုံးနေစဉ် မိထွေးတော် ပဇာပတိဂေါတမီသည် နန်းတွင်းသူသာကီဝင် အမျိုးသမီးများခြံရံလျက် ဘိက္ခုနီ ဝတ်ခွင့် ပေးတော်မူပါရန် တောင်းဆိုခဲ့သည်။ မြတ်စွာဘုရားရှင်မှ အမျိုးသမီးများအတွက် လောကီအမှုကိစ္စများ စွန့်လွှတ်ကာ သာသနာ့ဘောင်

ဝင်လာခြင်းမှာ အလွန်ခက်ခဲလိမ့်မည်။ ဘိက္ခုနီဝတ်ခွင့်ပြု ပေးခြင်း ငှါ မသင့်''ဟုမိန့်တော်မူပါသည်။ ထိုမှ မြတ်စွာဘုရားရှင် ဝေသာလီတွင် သီတင်းသုံးနေတော်မူစဉ် မိထွေးတော် ဂေါတမီသည် သာကီဝင်အမျိုးသမီးငါးရာနှင့်အတူ ခြေလျင်ခရီးဖြင့် ပင်ပန်းဆင်းရဲစွာ ဝေသာလီပြည် ကူဋာဂါရဝိဟာရကျောင်းသို့ အရောက်လာကြသည်။ မြတ်စွာဘုရားရှင်အား အရှင်အာနန္ဒာမှတစ်ဆင့် ဘိက္ခုနီဝတ်ခွင့်ပြုပါရန် ထပ်မံတောင်းပန် လျှောက်ထားရာ အောက်ဖော်ပြပါ ဂရုဓမ်ရှစ်ပါးကို လိုက်နာ ကျင့်သုံးနိုင်လျှင် ခွင့်ပြုပေးတော်မူမည်ဟု မိန့်ကြားတော်မူပါသည်။

ဂုရုဓမ္မ (၈)ချက်

၁။ မည်သည့်ဘိက္ခုနီ မဆို အသက် တစ်ရာ၊ ဝါ တစ်ရာပင် ရှိသော်လည်း ယနေ့မှ ရဟန်းဖြစ်လာသော သတင်းငယ် ရဟန်းအား ရှိခိုးရမည်။

၂။ ဩဝါဒ ပေးမည့် ရဟန်းယောကျာ်း မရှိသော ကျောင်း၌ ဝါမကပ်ရ။

၃။ လခွဲတစ်ကြိမ် (၁၅– ရက်တစ်ကြိမ်) သံဃာ့ထံ ဩဝါဒခံ ယူရန် ခွင့်တောင်းခြင်း

၄။ ဝါကျွတ်ပြီးသောအခါ ဘိက္ခုသံဃာထံနှင့် ဘိက္ခုနီသံဃာတို့ထံ ပဝါရဏာ (အဖြစ်ကို မြင်လျှင်၊ ကြားလျှင်၊ သံသယဖြစ်လျှင် ပြောကြားရန် ဖိတ်ကြားခြင်း။) ပြုရမည်။

၅။ သံဃာဒိသေသ် အာပတ်သင့်သော ဘိက္ခုနီမသည် ဘိက္ခု ဘိက္ခုနီ ၂ ဘက်လုံးသော သံဃာ့ အထံ၌ ပက္ခမာနတ် (၁၅–ရက်ကျင့်ရသော အကျင့်)ဝတ်ကို ကျင့်သုံးရမည်။

၆။ ၂–နှစ်ပတ်လုံး ၆–ပါးသော သိက္ခာပုဒ်တို့ကို ကျင့်သုံးပြီး ၂– ဖက် သံဃာ၌ ရဟန်းအဖြစ် ၂–ကြိမ် ခံယူရမည်။
၇။ မည်သည့် နည်းပရိယာယ်နှင့်မျှ ရဟန်းသံဃာကို ဆဲရေးခြင်း၊ ခြိမ်းခြောက်ခြင်း မပြုရ၊
၈။ ရဟန်းယောကျ်ားများကို အပြစ်တွေ့စေကာမူ မဆုံးမရ။

အထက်ဖော်ပြပါ ရှစ်ချက်ကို လက်ခံအတည်ပြုပြီးနောက် မိထွေးတော် ပဇာပတိဂေါတမီအစပြု၍ သာကီဝင်မင်းသမီးများအား ဘိက္ခုနီအဖြစ် ခွင့်ပြုတော်မူခဲ့သည်။ ဘိက္ခုနီသံဃာအဖွဲ့ကိုလည်း တည်ထောင်ဖွဲ့စည်းပေးခဲ့သည်ဟု ဖတ်ရှုမှတ်သားခဲ့ရပါသည်။

## သင်္ဂါယနာ (၆)တန်

၁။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီး ၃ လနှင့် ၄–ရက်ကြာသောအခါ တတိယသာဝကကြီး အရှင်မဟာကဿပမထေရ်အမှူးရှိသည့် ရဟန္တာ(၅၀၀)သည် ရာဇဂြိုဟ်မြို့ ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူတော်တွင် အဇာတသတ်မင်းကြီး၏ ကောင်းမှုဖြင့် ပထမသင်္ဂါယန (အာဂုံဆောင်ရွတ်ဆိုပူဇော်ခြင်း)

၂။ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီး နှစ်ပေါင်း (၁၀၀)ကြာသည့်အခါ မဟာယသမထေရ်အမှူးရှိသည့် ရဟန္တာ(၇၀၀)သည် ဝေသာလီပြည် ဝါဠုကာရုံကျောင်း (ကုဋာဂါရဝိဟာရ)တွင် ကာလာသောကမင်း၏ ကောင်းမှုဖြင့် ဒုတိယသင်္ဂါယနာ (အာဂုံဆောင်ရွတ်ဆိုပူဇော်ခြင်း)

၃။ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီး နှစ်ပေါင်း(၂၃၅)ကြာသည့်အခါ မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အမှူးရှိသည့် ရဟန္တာ(၁၀၀၀)

သည် ပါဠိလိပတ်မြို့ (ပတ္တနား) အသောကကျောင်းတော်ရာတွင် သီရိဓမ္မာသောကမင်း၏ ကောင်းမှုဖြင့် ကိုးလတိုင်တိုင် တတိယ သင်္ဂါယန (အာဂုံဆောင်ရွတ်ဆိုပူဇော်ခြင်း)

၄။ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီး နှစ်ပေါင်း(၄၅၀)ကြာသည့်အခါ သီရိလင်္ကာကျွန်းမှာ ဝဋ္ဋဂါမဏိမင်းလက်ထက်တွင် မလယဇနပုဒ် အာလောကလိုဏ်ဂူတွင် မဟာဓမ္မရက္ခိတမထေရ် အမှူးပြု၍ ရဟန္တာ(၅၀၀)ဦးဆောင်၍ စတုတ္ထသင်္ဂါယန (ပေထက်အက္ခရာ) တင်ခဲ့ကြသည်။

၅။ ဗုဒ္ဓနှစ် ၂၄၁၅ရောက်သည့်အခါ မြန်မာနိုင်ငံ မင်းတုန်းမင်း တရားကြီးကောင်းမှု မန္တလေးမြို့တော်တွင် ဒက္ခိဏာရာမတိုက်နေ အရှင်ဇာဂရထေရ်အမှူးရှိသည့် မထေရ်မြတ် ၂၄၀၀တို့မှ ပဉ္စမ သင်္ဂါယနာ (ကျောက်ထက်အက္ခရာ) တင်ခဲ့ကြသည်။

၆။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီး နှစ်ပေါင်း(၂၅၀၀)တွင် ညောင် ရမ်း ဆရာတော်အရှင်ရေဝတ အမှူးပြု၍ ရန်ကုန်မြို့ ကမ္ဘာအေး ဘုရားဝင်းအတွင်းရှိ မဟာပါသဏလိုဏ်ဂူတွင် မထေရ်မြတ် (၂၅၀၀)တို့မှ၊ အမေး– မဟာစည်ဆရာတော်ဘုရားကြီး အဖြေ– မင်းကွန်းဆရာတော်ဘုရားကြီး အမှူးပြု၍ ဆဋ္ဌမသင်္ဂါယနာ တင်တော်မူခဲ့ကြသည်။

ဟု ဖတ်ရှုမှတ်သားခဲ့ရပါသည်။ ထို့ပြင်တစ မြတ်ဗုဒ္ဓသည် ဝေသာလီပြည်နှင့် လိစ္ဆဝီမင်းတို့၏ ကောင်းကျိုးကို ရှေးရှု၍ အပရိဟာနိယတရား ခုနစ်ပါးကို ဟောကြားတော်မူပါသည်။

"အပရိဟာနိယတရား ၇ ပါး"

၁။ အချိန်အခါ အားလျော်စွာ မှန်မှန်စည်းဝေးတိုင်ပင်ဆုံးဖြတ်ခြင်း။

၂။ သက်ကြီးဝါကြီးတို့အား လေးစားခြင်းနှင့် ပြောဆိုဆုံးမစကား အတိုင်းလိုက်နာခြင်း။

၃။ အချင်းချင်းညီအစ်ကို မောင်နှမပမာ ချစ်ခင်စွာနေထိုင်ခြင်း (ဝါ) မည်သူ့ကိုမျှ ရန်ငြိုးထားသည့်စိတ်မျိုး မမွေးခြင်း၊

၄။ အမျိုးသမီးများ အပျိုကညာများအပေါ် နိုင်ထက်စီးနင်း မပြုခြင်း။

၅။ စေတီ၊ ပုထိုးများ၌ အချိန်အခါအားလျော်စွာ စုဝေးကာ တရားဘာဝနာပွားများခြင်းနှင့် ဘာသာရေးကျောင်းသင်္ခမ်း (ဘုန်းကြီးကျောင်း) များကို ကြည့်ရှုစောင့်ရှောက်ခြင်း၊

၆။ တရားဓမ္မနှင့်အညီ ဘဝရှင်သန်ခြင်း။

၇။ မိမိတို့၏ တာဝန်ဝတ္တရားအားလုံးကို ကျေပွန်အောင်ပြုလုပ်ခြင်းတို့ဖြစ်သည်။

ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းသည် ဝေသာလီပြည်ကို ထိုးစစ်ဆင်လို၍ အမတ်ချုပ်ကြီးဝဿကာရကို ဘုရားရှင်ထံ မေးမြန်း လျှောက်ထားစေသည်။ ဝေသာလီပြည်၊ လိစ္ဆဝီမင်းတို့ အပရိဟာနိယတရား ၇-ပါးကို ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး ဖြင့် လက်တွေ့ကျင့်ကြံ ဆောင်ရွက်နေသမျှ ကာလပတ်လုံး အဇာတသတ်မင်းသည် ဝေသာလီပြည်ကို မဖျက်စီးနိုင်မှု မိန့်ကြားတော်မူခဲ့သည် ဟုလည်း မှတ်သားခဲ့ရပါသည်။

■

**ဝေသာလီမှ ပဋ္ဋနားမြို့တော်ဆီသို့**

ညနေ (၅)နာရီခန့်တွင် ကြီးမားကျယ်ပြန့်သည့် ဂင်္ဂါမြစ်တစ်ဖက်ကမ်းရှိ ပဋ္ဋနားမြို့ (ပါဋ္ဌလိပုတ်)မြို့ကြီးသို့ ရောက်ပါသည်။ စည်ကားရှုပ်ထွေးသောလမ်းမကြီးအတိုင်း မောင်းလာရာ ရထားခုံးကျော်တံတားကြီးတစ်ခုကို ဖြတ်ပြီးနောက်၊ ခမ်းနားထည်ဝါ၊ မြန်မာမှု ပိသုကာလက်ရာများဖြင့် တည်ဆောက်ထားသော သုံးထပ်သိမ်ကျောင်းဆောင် မြန်မာကျောင်းတော်ကြီးသို့ ရောက်ရှိပါသည်။ ကျွန်မတို့ ဘုရားဖူးတစ်စုလည်း ကားပေါ်မှဆင်း၍ ဆရာတော်ဘုရားရှိရာ သုံးထပ်ကျောင်းဆောင်အပေါ်ထပ်သို့ တက်ရောက်ခဲ့ပါသည်။ ကျွန်မတို့သည် ဆရာတော်ဘုရားအမှူးပြုသော သံဃာတော်များကို လှူဖွယ်ဝတ္ထုအစုစုဖြင့် ရိုသေစွာ ဆက်ကပ်လှူဒါန်းကြပါသည်။

ဆရာတော်မှလည်း၊ လှူဒါန်းမှုအဝဝအတွက် အနုမောဒနာ တရားများ ဟောကြားတော်မူပါသည်။ တရားတော်အဆုံးတွင်

ရေစက်ချ အမျှဝေ သာဓုခေါ်ဆိုကြပြီး၊ ကျောင်းဆောင်အောက် ထပ်သို့ ဆင်းလာကာ ခေတ္တနားနေအပန်းဖြေနေကြပါသည်။ သုံးထပ်ကျောင်းအနောက်ဘက်တွင် ဘုရားဖူးများ ကောင်းမွန်စွာ နားနေတည်းခိုနိုင်ရန်အတွက် ဆောက်လုပ်ထားသော လေးထပ် ကျောင်းဆောင်ကြီးရှိသည်။ ကျွန်မတို့ဘုရားဖူးတစ်စုလည်း ကျောင်းပတ်ဝန်းကျင်သို့ လှည့်လည်ကြည့်ရှုကြပါသည်။ တစ်ချို့ကလည်း သုံးထပ်ကျောင်းရှေ့ မျက်နှာစာတွင် ဘုရားဖူးများ အတွက် ရောင်းချနေသော ဈေးသည်များထံမှ အိန္ဒိယပြည်ထွက် ခေါင်းအုံးစွပ်အမျိုးမျိုး၊ စောင်အမျိုးမျိုး၊ အိပ်ရာခင်းများ၊ ကော်ဇော်မျိုးစုံကို ဝယ်ယူအားပေးနေကြပါသည်။

ညနေ (၆) နာရီခန့်တွင် ပတ္တနားမြန်မာကျောင်းမှ ပြန်လည် ထွက်ခွာလာကြပါသည်။ ပတ္တနားမြို့သည် ဗီဟာပြည်နယ်၏ မြို့တော်ဖြစ်သည်။ မြတ်စွာဘုရားရှင်လက်ထက် မဂဓတိုင်းသခင် အဇာတသတ်မင်းကြီးသည် ဝိဒေဟာတိုင်း လိစ္ဆဝီမင်းတို့ကို တိုက်ခိုက်၍ ဝေသာလီပြည်အား သိမ်းယူရန် ဂင်္ဂါမြစ်တဖက်ကမ်း ပါဋလိရွာကို ခံတပ်မြို့အဖြစ် တည်ဆောက်ခဲ့သည်။ မြတ်စွာဘုရားရှင်မှ ပါဋလိပုတ်မြို့တော်သည် ဇမ္ဗူဒိပ်ကျွန်းတွင် အကြီးကျယ်ဆုံးဖြစ်လိမ့်မည်။ ရေ၊ မီးနှင့် အချင်းချင်း ကွဲပြားမှုသုံးမျိုးကြောင့် မြို့ပျက်မည်ဟု ဗျာဒိတ်တော် ထားခဲ့သည်။ ယင်း ပါဋလိပုတ်မြို့သည် ကာလာသောကမင်းလက်ထက်မှစ၍ မဂဓတိုင်း၏ မြို့တော်ဖြစ်ခဲ့သည်။ ဘိုးတော်စန္ဒဂုတ်မင်းကြီးနှင့် သီရိဓမ္မာသောကမင်းကြီးတို့ လက်ထက်၌ နိုင်ငံချဲ့ထွင်ခဲ့ကြသည်။ မောရိယမင်းဆက်၊ သုင်မင်း

ဆက်၊ ဂုတ္တမင်းဆက်ဟူ၍ မင်းဆက် သုံးဆက် ထီးနန်းစိုက်ခဲ့သည့် မြို့တော်လည်း ဖြစ်ခဲ့သည်။ ပတ္တနား(ပါဋလိပုတ်)မြို့သည် ရာဇဂြိုဟ်နှင့် (၈၈)ကီလိုမီတာဝေးသည်။ မီးရထား၊ မော်တော်ကား၊ လေယာဉ်တို့ဖြင့် သွားရောက်နိုင်သည်။ ပတ္တနားမြို့တွင် အသောက ကျောင်းတော်ရာ၊ အသောကပြတိုက် ကျောက်စာဌာနပြတိုက်တို့ ရှိသော်လည်း အချိန်မရ၍ ဝင်ရောက် လေ့လာနိုင်ခြင်း မရှိခဲ့ပါ။

ပတ္တနားမြို့ (ပါဋလိပုတ်)မှ ကားဖြင့်ဆက်လက်ထွက်ခွာလာ ရာ၊ ကျွန်မ၏ စိတ်အတွေးအာရုံမှာမူ ကမ္ဘာတစ်ဝှမ်းလုံးတွင် ဗုဒ္ဓ သာသနာပြန့်ပွားစေမှုသည် အသောကမင်းကြီး နန်းစိုက်ခဲ့သည့် ပါဋ္ဌလိပုတ်ပြည်က စခဲ့သည်ဟူသော အကြောင်းတရား တရပ်ပေါ် တွင် အတွေးနယ်ချဲ့ရင်း စီးနင်းလိုက်ပါလာပါသည်။

## ကြယ်တာရာအသွင် အသောကဘုရင်

ကမ္ဘာ့သမိုင်း၌ အကျော်ကြားဆုံးဘုရင်တစ်ပါး၊ စစ်တိုက် သည့်နေရာ၌ စဏ္ဍာသောက (ရက်စက် ကြမ်းကြုတ်သော အသောက) ဟု အမည်တွင်အောင် ရက်စက်မှုအပေါင်း သရဖူ ဆောင်းခဲ့သူ၊ ရာဇပလ္လင်ထက် ထီးနန်းဆက်ခံနိုင်ရန်အတွက် နောင်တော်ကြီး သုမနနှင့်တကွ နောင်တော် ကိုးကျိပ်ကိုးယောက် လည်ချောင်းသွေးဖေါက်ခဲ့သူ၊ စစ်၏အနိဋ္ဌာန်ရုံများ ဖန်တီးခဲ့သူ၊ စစ်ကြောင့် သားသေ၊ လင်သေ၊ မိခင် မုဆိုးမများ၏ သောက မျက်ရည်ဖြင့် ဘဝပင်လယ်ကို အာဏာတည်းဟူသော လှော်တက် ဖြင့် ကူးခတ်ခဲ့သူ စစ်ဘုရင်ကြီးသည်၊ ကလိင်္ဂစစ်ပွဲအပြီးတွင် လူ

ပေါင်းများစွာ သေကြေပျက်စီး ဒဏ်ရာအနာတရ အိုးမဲ့အိမ်မဲ့ ဘဝပျက်ကြရသည့် မြင်ကွင်းကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရသည်။ စစ်၏ ဆိုးကျိုးများသည် အသောကဘုရင်ကြီးကို များစွာ သံဝေဂရစေသည်။

အဘိသိတ်ခံပြီးနောက် ရှစ်နှစ်မြောက်တွင် "ငါ (အသောက) သည် ကလိင်္ဂကိုတိုက်၍ အနိုင်ရခဲ့သည်။ ကလိင်္ဂတိုင်းပြည်၌ လူပေါင်းတစ်သိန်းခွဲကို သုံ့ပန်းအဖြစ် ခေါ်ဆောင်၊ လူပေါင်းတစ်သိန်းခန့် ဒဏ်ရာရ၊ လူများစွာ သေကြေပျက်စီး၊ ထိုအခါ ကလိင်္ဂတိုင်းကို အနိုင်ရသော ငါသည်၊ နောင်တကြီးစွာ ရတော်မူသည်။ အကြောင်းမူကား လူတွေအသတ်ခံရသော၊ လူတွေသေရသော၊ လူတွေ သုံ့ပန်းအဖြစ် နိုင်ငံကို စွန့်ခွာရသော၊ နိုင်ငံကို အနိုင်ရရှိသော်လည်း အနိုင်ရသည်ဟု ငါမထင်။ ကလိင်္ဂတိုင်းကို အောင်ရာ၌ အသတ်ခံရ၊ သေရ၊ အကျဉ်းဆောင်ယူခံရသော သူအပေါင်းတို့၏၊ အပုံတစ်ထောင်ပုံ၌ တစ်ပုံအမျှသော သူတို့အတွက်ပင် မင်းကြီးသည် ယခုလည်း နောင်တရတော် မူလေပြီ၊ မိမိအား ပြစ်မှားသူကိုပင် သည်းခံနိုင်သလောက် သည်းခံသင့်သည်"ဟု မိန့်တော်မူသည်။ 'တရားတော်၏ အောင်ခြင်းကိုသာ စင်စစ် အောင်ခြင်းဟု မှတ်စွဲရာ၏။ ဤအောင်ခြင်းသည်သာ မျက်မှောက်လောက တမလွန်လောက အဖို့မြတ်၏' ဤသို့ ကလိင်္ဂကျောက်စာတွင် ဖော်ပြခဲ့သည်ဟု ဖတ်ရှုဖူးပါသည်။

အသောကဘုရင်ကိုယ်တိုင် စိုက်ထူခဲ့သော အထက်ပါကျောက်စာသည် အမှောင်မှ အလင်း၊ အမှားမှ အမှန်၊ အဆိုးမှ

အကောင်း၊ မတရားမှုမှ တရားမှု၊ စစ်မှ ငြိမ်းချမ်းရေးသို့ ပြောင်းလဲလာသော အသောကဘုရင်၏ ဘဝခရီးလမ်းကြောင်း ပြောင်းလဲမှု မှတ်တိုင်တစ်ရပ် ဖြစ်သည်။

ကမ္ဘာပေါ်တွင် ကြီးကျယ်သော စစ်ဘုရင်ကြီးများ၊ ပြည်သူလူထုအပေါ် ဩဇာသက်ရောက်မှုမရှိပဲ အာဏာဖြင့် လက်နက်ဖြင့် စိုးမိုးအုပ်ချုပ်ခဲ့သူများကြောင့် ပြည်သူတို့ စီးကျရသော သွေးမျက်ရည်တို့မှာ ပင်လယ်ဝေခဲ့ပါသည်။ အရိုးများ တောင်လိုပုံခဲ့၏။ သေကြေပျက်စီး ကျိုးကန်း ထိရှသူတို့၏ ငိုကြွေးသံများမှာလည်း ကောင်းကင်ယံသို့ပင် ထိုးဖေါက်လုမတတ် ဖြစ်လေသည်။ သို့ရာတွင် သူတို့သည် အသောကမင်းကြီးကဲ့သို့ နောင်တမရရှိခဲ့ကြချေ။ အသိမှန် အမြင်မှန် မဝင်စားခဲ့ကြချေ အလက်ဇန္ဒားဆိုပါလျှင် ပါရှန် အင်ပိုင်ယာကြီးကို သိမ်းပိုက်ရရှိပြီး နောက်ထပ်ထပ်မံတိုက်ခိုက်သိမ်းပိုက်ရန် မြေမရှိတော့သဖြင့် ငိုကြွေးသည်ဟုပင် မှတ်တမ်းရှိပါ၏။

အသောကမင်းကြီးမူကား စစ်၏အနိဋ္ဌာရုံကြောင့် ထိတ်လန့်တုန်လှုပ်မိပြီး၊ တရားဖြင့် အုပ်စိုးငြိမ်းချမ်းမှုမှသည် အောင်မြင်မှုလမ်းစဉ်သို့ လုံးဝကူးပြောင်းခဲ့လေသည်။ လူသားအကျိုးပြုလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့လေသည်။ သာသနာတော်ကြီး ပြန့်ပွားရေးကို အစွမ်းကုန်ကြိုးပမ်း အားထုတ်ခဲ့လေသည်။ ထို့ကြောင့် ကမ္ဘာ့လူသားတို့၏ စိတ်နှလုံးမှန်သားပြင်ဝယ် အသောက၏ အရိပ်ပုံသဏ္ဍာန်မှာ အမြဲထာဝရ ကြည်ကြည်လင်လင် ပီပီပြင်ပြင် ထင်ဟပ်နေခြင်းဖြစ်လေသည်။

အကယ်၍သော လူသားတစ်ဦး၏ ကျော်ကြားမှုကို သူ့အား အမှတ်ရနေကြသော အသဲနှလုံးများဖြင့် သူ့အကြောင်း လေးလေးစားစား ပြောပြခဲ့ ပြောပြဆဲဖြစ်သော နှုတ်ခမ်းများဖြင့် တိုင်းတာမည်ဆိုလျှင် အသောကသည် ဆီဇာထက်လည်းကောင်း ချာလီမိန်းထက်လည်းကောင်း ကြီးကျယ်ပေသည်။ (ကိုးလဲန်)

ကျွန်ုပ်မအနေဖြင့် လေးလေးစားစား အမှတ်ရရပြောရမည်ဆိုလျှင် ကိုယ်ပိုင်အလင်းရောင်ဖြင့် ကမ္ဘာလောကတစ်ခွင် ဘာသာသာသနာထွန်းလင်းစေသည့် ရှေ့ဆောင်လမ်းပြ ကြယ်တာရာ အသွင် အသောကဘုရင်၏ ဘဝကို နမူနာယူပြီး စစ်ရေးမှ ငြိမ်းချမ်းရေးသို့ ရှေ့ရှုနိုင်ကြပါစေဟုလည်း ဆုတောင်းမိပါသည်။

ယနေ့ခေတ်သည် ကျဉ်းမြောင်းသော အယူအဆများအတွက်၊ မှားယွင်းသော အတွေးအခေါ်များ၊ ငို့ဘ(ဝ်) ငါ့ဘို့(ဖို့) သမားများအတွက် နေရာမရှိတော့ပေ။ ကမ္ဘာသည် ကျယ်ပြန့်သော လေ့လာတွေးခေါ်မှုများကို တောင်းဆိုလျက် ရှိပေပြီ။ ပညာခေတ်ဖြစ်သည်နှင့်အညီ လူတိုင်းလူတိုင်းသည် အစဉ်အလာ ချပေးသမျှနှင့် စာအုပ်တစ်အုပ် ပေစာတစ်ထုပ်နှင့် တင့်တိမ် ကျေနပ်မနေကြပဲ အရာရာတိုင်းကို တိုးတက်ကျယ်ပြန့်စွာ လေ့လာ စူးစမ်းလိုက်နာဆောင်ရွက်ကြရန် အရေးကြီးသော အချိန်အခါလည်း ဖြစ်ပေသည်။ ရုပ်ဝတ္ထုပစ္စည်း မည်မျှပင် တိုးတက်ပြောင်းလဲစေကာမူ သူ့နေရာနှင့်သူ မှန်ကန်စွာ အသုံးပြုတတ်ဖို့ အရေးကြီးသည်။ စိတ်နေစိတ်ထားလည်း တော်တည့်မှန်ကန်ရန် အထူးလိုအပ်လှပေသည်။ လူတစ်ဦးချင်း၏ အတွေးအခေါ် အယူအဆ

အမူအကျင့် မှန်ကန်မှသာ လူသားမျိုးနွယ်စု တစ်ရပ်လုံးအတွက် သာယာအေးချမ်းသော လူ့ဘောင်ကို တည်ဆောက်နိုင်ပေမည်။

**အသောကရာဇာ၏ ဘဝပုံရိပ်လွှာ**

အသောကမင်းကြီး၏ ဘိုးတော်မှာ စန္ဒဂုတ်မင်းဖြစ်သည် ပါဋလိပုတ်မြို့တော်ကြီးတွင် နန်းသက်(၂၄)နှစ် စိုးစံတော်မူခဲ့သည်။ တိုင်းနိုင်ငံများကို လှည့်လည်၍ စစ်တိုက်ခြင်းဖြင့် မောရိယ အင်ပါယာနိုင်ငံကြီးဖြစ်အောင် ကြိုးပမ်းသည်။ အောင်မြင်သည့် အခါ ရှိသလို ရှုံးနိမ့်သည့်အခါလည်း ကြုံတွေ့ရသည်။ စန္ဒဂုတ် မင်းကြီး စစ်ရှုံးနိမ့်၍ တစ်နေရာတွင် ပုန်းခိုနေစဉ် မုန့်သည်သားအမိ ပြောဆိုသံကို နားစွင့်၍ စစ်မှုရေးရာဆောင်ရွက်ခဲ့ရာ နောက်ပိုင်း တွင် စစ်ပွဲများ အောင်နိုင်ခဲ့ပုံကို မဟာဝင်ဝတ္ထုတွင် ဤသို့ ဖော်ပြ ထားသည်။ မုန့်သည်မိန်းမတစ်ယောက်သည် သူ၏သားအား မုန့် တစ်ခုကျွေးရာ သားဖြစ်သူသည် အလယ်သားကို ထွင်း၍ လက် ချောင်းနှင့် ကော်စားသဖြင့် ပူလှသောကြောင့် မစားနိုင်ရှိလေ သည်။ ထိုအခါ မိခင်က များစွာ အပြစ်တင်၍ ပူလွန်းသော အလယ်သားကို ပထမမစားပဲ အနားသားကို ဦးစွာစားရန် ပြော ဆို၏။ ထိုအချင်းအရာကို စန္ဒဂုတ်မင်း ကြားသိသောအခါ သင် ခန်းစာယူ၍ နေပြည်တော်ကို ပထမဦးစွာ မသိမ်းသေးဘဲ ပြည်စွန် ရွာနားမှ တစတစသိမ်းကာ နောက်ဆုံးမှ နေပြည်တော်ကို တိုက် ကြောင်း ဖော်ပြထားသည်။

စန္ဒဂုတ်မင်းနှင့် ပတ်သက်၍ ထူးခြားချက်တစ်ရပ်ကိုလည်း

ဖတ်ရှုမှတ်သားခဲ့ဖူးပါသည်။ စန္ဒဂုတ်မင်းကြီးကို ရန်သူမလုပ်ကြံနိုင်ရန် မင်းကြီး၏အမတ် ပုဏ္ဏား ဇာနာက္ကက စားတော်ပွဲ၌ အဆိပ်အနည်းငယ်ထည့်၍ နေ့စဉ်စားတော်ဆက်သည်။ တစ်နေ့တွင် စန္ဒဂုတ်မင်း၏ မိဖုရား ကိုယ်ဝန်နှင့် မွေးဖွားရန် ခုနစ်ရက်အလို ဘုရင်ကြီးစားတော်ခေါ်ရာ၌ တစ်လုပ်ယူစားမိသည်။ မင်းကြီးတားသော်လည်း မရဘဲ ထိုအစာသည် လည်ချောင်းတွင်းသို့ ဝင်လေသည်။ မင်းကြီးသည် မိဖုရားလည်ပင်းကို သံလျက်ဖြင့် ဖြတ်၍ ဝမ်းတွင်းမှ သားငယ်ကို ထုတ်ကာ ဆိတ်မတစ်ကောင်၏ ဝမ်းတွင်ထည့်စေသည်။ တစ်နေ့လျှင် ဆိတ်မတစ်ကောင်ကျလဲ၍ သားငယ်ကို ထည့်စေပြီး (၇) ရက်စေ့သောအခါ ဗိန္ဒုသာရမင်းသားကို ဖွားမြင်သည်။ စန္ဒဂုတ်မင်းကြီးလက်ထက်တွင် စစ်ရေးစစ်ရာ အုပ်ချုပ်ရေး နိုင်ငံတကာဆက်ဆံရေး စီးပွားရေး လူမှုရေး အထူးတိုးတက်ခဲ့သည်။ စန္ဒဂုတ်မင်းကြီးသည် ဂျိန်းဘာသာဝင်တစ်ဦးဖြစ်သည်။ ဘီစီ–၂၉၆ တွင် စန္ဒဂုတ်မင်းကြီး နတ်ရွာလားပြီးသောအခါ သားဖြစ်သူ ဗိန္ဒုသာရ ထီးနန်းကို ဆက်ခံလေသည်။

ဗိန္ဒုသာရမင်းသည် မိဖုရားများစွာရှိ၍ သားတော်ပေါင်း (၁၀၁)ပါး ရှိခဲ့သည်။ သားတော်အကြီးဆုံးမှာ သုမနမင်းသားဖြစ်၍ အသောကနှင့် တိဿမင်းသားနှစ်ပါးမှာ အဖေတူ အမေတူ ညီအစ်ကိုများဖြစ်ကြသည်။ ဗိန္ဒုသာရမင်းသည် ဂျိန်းဘာသာဝင်တစ်ဦးဖြစ်သည်။ ၎င်းမင်း၏ မိဖုရားသည် မောရိယပြည်မှ သာကီဝင်မင်းမျိုးဖြစ်သည်။ ဓမ္မာမင်းသမီး (သို့) ချောမောလှပသော

သုဘဒ္ဒါနဂီ အဂ္ဂမဟောသီမိဖုရားကြီးဖြစ်သည်။ အာဇီဝကတို့ကို ကိုးကွယ်သည်။ ဂျိမ်းဘာသာသည် တိတ္ထိဆရာကြီး နိဂဏ္ဌနာဋ ပုတ္တ ခေါ် မဟာဝီရမှ ဆင်းသက်၍ အာဇီဝကဂိုဏ်းသည် တိတ္ထိ ဆရာကြီး မက္ခလိဂေါသာလမှ ဆင်းသက်လာသည်။ ဓမ္မာ မိဖုရား သည် အသောကမင်းကို ပဋိသန္ဓေရှိစဉ် ချင်ခြင်းငါးပါး ရှိခဲ့သည်။

(၁) ခြေတစ်ဖက်စီ နေဝန်းနှင့် လဝန်းကို နင်းလိုခြင်း၊

(၂) ကြယ်တာရာကို စားလိုခြင်း၊

(၃) တိမ်ညွန့်ကို စားလိုခြင်း၊

(၄) မြေကြီးထဲရှိ တီကို စားလိုခြင်း၊

(၅) မြေပေါ်၌ပေါက်သော သစ်ပင်ဟူသမျှ၏ အညွန့်ကို စားလို ခြင်း။

မင်းကြီးနှင့် မိဖုရားသည် ပညာရှိတို့နှင့် တိုင်ပင်၍ ချင်ခြင်း ငါးချက်ကို မေမြန်းရာ ဇမ္ဗူဒိပ်ကျွန်းတစ်ခွင် ထင်ရှားထွန်းပသည့် မင်းဖြစ်လိမ့်မည်။ ဘုရားရှင်သာသနာတော်၏ အညစ်အကြေး ဖြစ်သည့် မိစ္ဆာဒိဋ္ဌိများကို နှိမ်နင်းလိမ့်မည်။ မြေအောက်တစ် ယူဇနာ၊ ကောင်းကင်ထက် တစ်ယူဇနာ အာဏာစက်ပျံ့နှံ့မည် ဟုဟောကြားပေသည်။

အသောကမင်း အရွယ်ရောက်သော် အိမ်ရှေ့အရာပေးပြီး အဝန္တိတိုင်း ဥဇ္ဇေနီပြည်ကို စားစေသည်။ မိဖုရားမှာ ဝေဋိသပြည် မှ သာကီဝင်သူဌေးသမီး ဝေဋိသဒေဝီ မိဒေဝီ၏။ မင်းသမီးသည် သာကီဝင်နွယ်ဖြစ်၍ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သည်။ ဝေဋိသ ဒေဝီမှ သားတော် မဟိန္ဒနှင့် သမီးတော် သင်္ဃမိတ္တာ ကိုဖွားမြင်

၈။ ခမည်းတော် ဗိန္ဒုသာရ နန်းသက်စည်းစိမ် (၂၈)နှစ်တွင် နတ်ရွာစံတော်မူသည်။ ဗိန္ဒုသာရသည် သားတော်ကြီးသုမနအား နန်းမွေလွှဲခဲ့သည်။ ဗိန္ဒုသာရမင်း နတ်ရွာစံချိန်၌ အသောကသည် တက္ကသိုလ်ပြည် သူပုန်ထမှုကို နှိမ်နင်းရန် စေလွှတ်ခံရသဖြင့်၊ ခမည်းတော် နတ်ရွာစံကြောင်းကြားလျှင် ပါဋလိပုတ်သို့ ပြန်လာပြီး ထီးနန်းကို သိမ်းပိုက်ကြောင်း၊ နောင်တော်သုမန အပါအဝင် ကိုးကျိပ်ကိုးယောက်သော ညီနောင်တို့ကို တိုက်ခိုက် သုတ်သင်ခဲ့ကြောင်း ဖတ်ရှုမှတ်သားဖူးပါသည်။ အသောကမင်းအဖြစ်သို့ ရောက်သောအခါ ဝေဋိသဒေဝီသည် နေပြည်တော်သို့ မလိုက်ဘဲ မိမိမြို့မှာပင်နေခဲ့သည်။ အသောကမင်းသည် ဂျိန်းဘာသာ ကိုးကွယ်သူဖြစ်ပြီး ဝေဋိသဒေဝီသည် ဗုဒ္ဓဘာသာဝင်ဖြစ်နေခြင်းသည် အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ အသောကမင်းကြီးသည် ပြည်ထဲရေးကို စီရင်ပြီး (၄)နှစ်ကြာမှ ရာဇာဘိသေက ခံတော်မူသည်။ အဂ္ဂမဟေသီမှာ အသန္ဓမိတ္တာမိဖုရားကြီးဖြစ်သည်။ အသောကမင်းကြီး နတ်ရွာမစံမီ လေးနှစ်အလိုတွင် နတ်ရွာစံတော်မူသည်။ အလိုရမက်ကြီးသော တိဿရက္ခအား မိဖုရားခေါင်မြှောက်သည်။ ညီတော်ရင်း တိဿကုမာရကိုလည်း အိမ်ရှေ့အရာပေးတော်မူသည်။ အသောကမင်းတရားကြီးသည် ရှေးကောင်းမှုအာနုဘော် အတိတ်ကံကြောင့် ဇမ္ဗူဒီပါတောင်ကျွန်းမှာ တစ်ဦးတည်းသော မင်းအဖြစ်သို့ ရောက်တော်မူပါသည်။ အောက်မြေအထိတစ်ယူဇနာထွင်းပြီး ကောင်းကင်ကိုလည်း တစ်ယူဇနာတက်ကာ အာဏာစက်တော် ပြန့်နှံ့ပါသည်။

## နေရောင်ကဲ့သို့ ထွန်းလင်း သီရိဓမ္မာသောကမင်း

အသောကမင်းသည်၊ မင်းအဖြစ်ရပြီး (၈)နှစ်တိုင်တိုင် ဗုဒ္ဓဘာသာဝင် မဖြစ်သေးချေ။ အစဦးပိုင်းတွင် ဗြာဟ္မဏဝါဒကို ယုံကြည်ခဲ့သူဖြစ်သည်။ ကလိင်္ဂတိုင်းစစ်နိုင်ပြီးနောက် တိုင်းပြည်အဝှမ်း စစ်အောင်နိုင်ရေး ဂုဏ်ပြုသည့်အနေဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပစေသည်။ ကိုယ်တိုင်ရုပ်ဖျက်၍ တိုင်းပြည်ကို စနဲနာထွက်ခဲ့သည်။ မှောင်ရိပ်များမှ ငိုရှိုက်သံ ညည်းညူသံများကိုကြားရ၊ ဘုရင်၏ အမတ်ချုပ်ကတော်နှင့် သမီးကိုယ်တိုင် ဘုရင်ကို မကျေနပ်စွာပြောဆိုသံများ ကြားသိရသည်။ လက်နက်ကို ကြောက်၍သာ ချစ်ခင်ယောင်ဆောင်မည်။ လိုက်နာချင်ယောင်ဆောင်မည်။ ပြည်သူမပျော်၊ ပြည်သူ့အသံ ပြည်သူ့အမှန်စကား ဘုရင်ကြားရပြီ။ ပျော်ပွဲ ရွှင်ပွဲ ဇာတ်ပွဲများ တီးမှုတ် ကခုန်နေသည်မှာလည်း ဆိုင်းသာတီး၊ စည်းဝါးမညီ၊ ဆိုသာက၊ ကဟန်မလှ၊ တေးသံမကျ အသောကမင်းကြီး စိတ်မကောင်းခြင်းကြီးစွာဖြစ်ရပြီ။ ပြည်သူကို အုပ်ချုပ်သော မင်းကြီးသည် ပြည်သူ့အသံ၊ ပြည်သူ့ အမှန်စကားသံကို နားထောင်ပေးရမည်။ ပြည်သူစိတ်ချမ်းသာအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။ သို့မှ မင်းနှင့်ပြည်သူ စိတ်ညီတူ၍ ပြည်တော်အဝှမ်း ငြိမ်းချမ်းသာယာနိုင်မည်။ အမှောင်လမ်းမှ အသောကမင်းကြီး အလင်းတန်းကို တွေ့ပြီ။ ပါပနှင့် ပုည၊ ဓမ္မနှင့် အဓမ္မ၊ သဒ္ဓါနှင့် ညစ်ညမ်းမှုကို မျက်ဝါးထင်ထင်တွေ့မြင်ရပြီ။ လောကတွင် အောင်မြင်မှုဟူသည် အဓမ္မ

နှင့်မနိုင် ဝမ္မနှင့်သာ အောင်နိုင်သည်ဟု မင်းကြီး ဆင်ခြင်မိလာသည်။ ထိုစစ်ပွဲတွင် လူပေါင်းများစွာ သေကျေဆုံးရှုံးရသည်။ ကလိင်္ဂတိုင်းပြည်လည်းပျက် စစ်ဘေးဒဏ်ကြောင်း ကပ်သုံးပါးဆိုက် တစ်တိုင်းပြည်လုံး သွေးချောင်းစီးကာ ပျက်စီးခြင်းမလှပျက်စီးခဲ့ရသည်။ စစ်နိုင်သော်လည်း နောက်ဆုံးတွင် မည်သည့်အရာမျှ လက်ဝယ်ပိုင်ပိုင် မရနိုင်ခဲ့ပါကလားဟု သံဝေဂကြီးစွာရတော်မူသည်။ နောင်တော်သုမနမင်းသား၏ သားတူတော်သူနိဂြောဓသာမဏေကို အကြောင်းပြု၍ ဗုဒ္ဓဘာသာဝင်ဖြစ်လာသည်။

အသောကမင်းကြီးသည် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်လာသော်လည်း အခြားသော ဂိုဏ်းကွဲများအား ချီးမြှင့်ထောက်ပံ့လေးစားတော်မူသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ၂၃၈–ခုရောက်သောအခါ သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓဘာသာ သာသနာအား အထူးအားပေး ချီးမြှောက်လှူဒါန်းပူဇော်လေသည်။ ထိုအချင်းအရာကို အခွင့်ကောင်းယူ၍ တိတ္ထိခြောက်သောင်းတို့ ဗုဒ္ဓဘာသာ ရဟန်းအယောင်ဆောင် ဝင်ရောက်လာသဖြင့် ပရိတ်သတ် မစင်ကြယ်သောကြောင့် ဗုဒ္ဓဘာသာ ရဟန်းသံဃာတို့ ဥပုသ်မပြုကုန်၊ သာသနာတော်၌ အညစ်အကြေး ဆူးငြောင့်ဘေးရန်များစွာဖြစ်၍ (၇) နှစ်တိုင်အောင် ဥပုသ်ပျက်လေ၏။

ထိုအကြောင်းကို သီရိဓမ္မာသောကမင်းကြီး ကြားတော်မူလျှင် အဓိကရဏ်းကို ငြိမ်းချေ၍ ဥပုသ်ပြုစေဟု အမတ်တစ်

ယောက်ကို စေလိုက်သော် ဥပုသ်မပြုလျှင် သတ်ဘိဟု ဆိုသည် အထင်နှင့် ဥပုသ်မပြုသော ဓမ္မဝါဒီ ရဟန်းများကို သတ်လေ၏။ သီရိဓမ္မာသောကမင်းသိလျှင် ယင်းသို့ ငါမစေဘဲ အမတ်အလျှောက် သတ်လေသည်ကား ငါ့အား မကောင်းမှုမှ လွတ်အံ့လောဟု ယုံမှားရှိသဖြင့် ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကို ပင့်လျှောက်လျှင် စေတနာမရှိလျှင် မကောင်းမှုမှ လွတ်ကြောင်း ဖြေတော်မူ၏။ ခုနစ်ရက်တိုင်အောင်လည်း တိတ္ထိအယူဝါဒနှင့် ပတ်သက်၍ မင်းကြီးအား ရှင်းလင်းဟောကြားတော်မူသည်။ ရဟန်းခြောက်သိန်းနှင့်တကွ ဥပုသ်ပြုတော်မူ၏။ ဗျာဒိတ်တော်နှင့်အညီ ကထာဝတ္ထုကိုလည်း ဟောတော်မူ၏။

အသောကမင်းကြီးသည် သံဃာဂိုဏ်းခွဲမှုကိုလည်း ထိရောက် ပြတ်သားစွာ အရေးယူဆောင်ရွက်ခဲ့သည်။ သံဃာဂိုဏ်းခွဲသူ ရဟန်းအား လူဝတ်လဲစေသည်။ ထို့ပြင် လူလောက အသိုင်းအဝိုင်း၌ ဆက်လက်၍ အန္တရာယ် မဖြစ်ပွားစေရန် အမိန့်စာကို နေပြည်တော်မှသည် ခရိုင်၊ မြို့၊ ရွာ၊ အသီးသီးသို့ သတင်းဖြန့်လွှင့်စေခြင်းဖြင့် သံဃာဂိုဏ်းခွဲမှုကို ထိရောက်စွာ နှိမ်နင်းခဲ့သည်။ အသောကကျောက်စာတစ်ချပ်တွင် (**ဘိက္ခုသံဃာ ဘိက္ခုနီသံဃာတို့ကို စည်းလုံးညီညွတ်စေခဲ့လေပြီ ဤသို့ ညီညွတ်ခြင်းသည် သားစဉ်မြေးဆက် နေလနှစ်ပါး တည်သရွေ့ တည်ပါစေသတည်း**) ဟု ရေးသားမှတ်တမ်းတင်ခဲ့သည်။

သာသနာတော် သန့်ရှင်းစင်ကြယ်စေရန်အတွက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်အား အမှူးထား၍ ရဟန္တာ

၁၀၀၀ ဖြင့် ပါဋလိပုတ်ပြည် အသောကာရာမကျောင်းတိုက်တွင် ကိုးလတိုင်တိုင် တတိယသင်္ဂါယနာ တင်ခဲ့လေသည်။ သင်္ဂါယနာ တင်အပြီးတွင် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များတစ်ဖွဲ့လျှင် ငါးပါးစီ ဂိုဏ်းဖွဲ့၍ စေလွှတ်တော်မူခဲ့သည်။

ထိုကိုးတိုင်းကိုးဌာနများမှာ–

(၁) မဇ္ဈန္တိကထေရ် အမှူးရှိသော မထေရ်ငါးပါးတို့အား ကသ္မီရ ကန္ဒာရတိုင်း (ယခု–ကတ်ရှမီးယား၊ အာဖဂန်နစ္စတန်၊ အာရှတိုက်အလယ်ပိုင်း) သို့

(၂) မဟာဒေဝထေရ် အမှူးရှိသော မထေရ်ငါးပါးတို့အား မဟိ သကတိုင်းသို့

(၃) အရှင်ရက္ခိတထေရ် အမှူးရှိသော မထေရ်ငါးပါးတို့အား ဝနဝါသီတိုင်းသို့

(၄) အရှင်ယောနက ဓမ္မရက္ခိတထေရ် အမှူးရှိသော မထေရ် ငါးပါးတို့အား အပရန္တကတိုင်းသို့

(၅) မဟာဓမ္မရက္ခိတထေရ် အမှူးရှိသော မထေရ်ငါးပါးတို့အား ယောနတိုင်း (ယခု– ဂရိ၊ တူရကီ)

(၆) မဇ္ဈိမထေရ် အမှူးရှိသောမထေရ် ငါးပါးတို့အား ဟိမဝန္တာ အရပ်သို့ (နီပေါ၊ တိဗက်၊ တရုတ်နိုင်ငံ)

(၇) အရှင်သောဏထေရ်၊ ဥတ္တရထေရ် အမှူးရှိသောမထေရ် ငါးပါးတို့အား သုဝဏ္ဏဘူမိသို့ (မြန်မာနိုင်ငံ၊ လာအို၊ ဂျာဗား၊ ကမ္ဘောဒီးယား၊ ဆုမတ္တရာ၊ စင်္ကာပူ၊ မလေးရှား)

(၈) အရှင်မဟိန္ဒထေရ် အမှူးရှိသော မထေရ်ငါးပါးတို့အား

လက်ာဒီပသို့ (သီဟိုဠ်)

(၉) အရှင်မမ္မရက္ခိတ အမှူးရှိသော မထေရ်ငါးပါးတို့အား အိန္ဒိယ အလယ်ပိုင်း၊ မဟာရဋ္ဌနယ် (ယခု–ဘုံဘေဒေသ) သို့ အသီး သီးစေလွှတ် သာသနာပြုစေခဲ့ပါသည်။

အသောကမင်းကြီးသည် ယနေ့ ၂၁ ရာစုခေတ်၏အမြင် ဖြင့် သုံးသပ်လျှင် ခေတ်ရှေ့ပြေးနေကြောင်း တွေ့ရသည်။ ဘိုး တော်စန္ဒဂုတ်မင်း လက်ထက်မှစ၍ အသောကမင်းတရား လက် ထက်တိုင် ၎င်းတို့၏ပိုင်နက်တွင် လူမျိုးစုံ၊ ဘာသာစုံ၊ ယဉ်ကျေးမှုစုံ ပါဝင်လေသည်။ မောရိယတို့သည် အစဉ်အလာ တွေးခေါ် ယုံကြည်မှုမှ ရဲရဲရင့်ရင့် လမ်းခွဲ၍ တွေးတော စဉ်းစားတတ်ကြသူ များ ဖြစ်သည်။

ခိုးသား၊ ဓါးပြထူထပ်သောတိုင်းပြည်၌ အခွန်တော်ကိုသာ ကောက်ယူတတ်သောဘုရင်သည် တာဝန်ကျေပွန်သူမဟုတ်ချေ။ ခိုးခြင်း၊ တိုက်ခြင်းတို့ကို အပြစ်ပေးနှိပ်ကွပ်ရုံဖြင့် မပပျောက်နိုင် ချေ။ လူမှုရေးရောဂါ၏ အမြစ်မှာ ဆင်းရဲမွဲတေမှုနှင့် အလုပ်လက် မဲ့မှုဖြစ်သည်။ ၎င်းကို ဒါနမှုပြုရုံနှင့်လည်း မကုစားနိုင်ချေ။ ကု စားရန် နည်းလမ်းမှန်ကား လယ်သမားတို့အား မျိုးစေ့ပေးရမည်။ မွေးမြူရေးသမားအား အစာပေးရမည်။ မင်းမှုထမ်းများအား လုံလောက်သောလခ ရိက္ခာပေးရမည်။ သို့မှသာ လာဘ်ပေး လာဘ်ယူမှု ပပျောက်နိုင်ပေမည်ဟု ယုံကြည်သည်။ သို့အတွက် အာသောကကျောက်စာတစ်ချပ်တွင်(ငါသည် **စားတော်ခေါ်နေ သည်ဖြစ်စေ၊ အတွင်းဆောင်၌ ဖြစ်စေ၊ စက်ခန်းဆောင်၌ဖြစ်စေ၊**

သန့်သက်ရာ၌ ရှိသည်ဖြစ်စေ၊ တိုင်းခန်းလှည့်လည်နေသည် ဖြစ်စေ၊ ဥယျာဉ်တော်၌ ရှိသည်ဖြစ်စေ နေရာခပ်သိမ်းတို့၌ပင် အခါခပ်သိမ်း နာခံတော်တို့သည် တိုင်းသူပြည်သားတို့၏ အမှု ကိစ္စဟူသမျှကို ငါ့အား တင်လျှောက်စေသတည်း) ဟု ဖော်ပြ ထားသည်။

ဤအချက်ကို သိခြင်းဖြင့် အသောကမင်းကြီးသည် တိုင်း သူပြည်သားတို့နှင့် နီးကပ်စွာထိတွေ့၍ ၎င်းတို့၏အကျိုးကို အတတ် နိုင်ဆုံး သည်ပိုးလိုသော ဆန္ဒရှိသည်ကို သိရှိခံစားမိသည်။ မြန်မာ စာပေ၌ ဓမ္မကို တရားဟု လူတိုင်းသိရှိကြပြီးဖြစ်သော်လည်း၊ မောရိယခေတ် အာသောကမင်းကြီးလက်ထက်တွင် ဓမ္မသည် ဘာသာရေး၊ လူ့ကျင့်ဝတ်၊ တော်လှန်မှု၊ အမှန်တရား၊ နေထိုင် မှုစနစ်၊ ဝါဒဟူ၍ အဓိပ္ပါယ် အမျိုးအမျိုး ဖွင့်ဆိုခဲ့ကြသည်။ အသောက၏ဝါဒမှာ ဓမ္မဝါဒဖြစ်သည်။ သူသည် လူအပေါင်းတို့ အား ဓမ္မနှင့်အညီ နေထိုင်ကျင့်ကြံကြရန် ဆုံးမခဲ့သည်။ ကျောက် စာပြန်တမ်းတွင် ဓမ္မဆိုသည်မှာ မကောင်းမှုမှ ရှောင်ကြဉ်ခြင်း၊ ကောင်းမှုကို ပြုခြင်း၊ သနားခြင်း၊ ပေးလှူခြင်း၊ ဖြောင့်မတ်မှန် ကန်ခြင်း၊ စင်ကြယ်ခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း စသည်တို့ဖြစ် သည်။ မြတ်စွာဘုရားရှင်၏အဆုံးအမကို အခြေခံပြုထားခြင်း ဖြစ်သည်။

အသောကမင်းကြီးသည် အလှူတကာတို့၌ တရားအလှူ (ဓမ္မဒါန)သည် အမြတ်ဆုံးဖြစ်ကြောင်း (ဓမ္မဒါနဟူသောတရားကို လှူခြင်း၊ တရားကို ဝေငှခြင်း၊ တရားနှင့်ဆက်သွယ်ပေးခြင်းတို့

နှင့်တူသော အလှူသည်မရှိ) လက်နက်နှင့်သိမ်းပိုက်အောင်မြင်ခြင်းထက် တရားနှင့်အောင်နိုင်ခြင်း (ဓမ္မဝိဇယ)သည်သာ၍ မြတ်၏ ဟု စွဲမြဲစွာယုံကြည်သူတစ်ဦးလည်း ဖြစ်သည်။

စစ်မြေပြင်တွင် ရန်သူအထောင်အသောင်းတို့အား အောင်နိုင်ခြင်းထက် မိမိကိုယ်မိမိ အနိုင်ရရန်မှာ ပို၍ခက်ခဲသည်ဆိုသော ဓမ္မပဒလာ စကားရပ်ပင်ဖြစ်ပေသည်။

အသောကမင်းတရားကြီးသည် အလှူဒါနပြုရာတွင်လည်း သူမတူအောင် လှူဒါန်းသူမင်းမြတ်ဖြစ်ပါသည်။ ဘုရား၊ တရား၊ သံဃာကို ရည်စူး၍ ငါးသိန်း၊ ငါးသိန်းစီ နေ့စဉ် လှူဒါန်းပါသည်။ ဘုရားရှင်ဟောကြားတော်မူခဲ့သည့် ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တိတိရှိသည်ဟု သိရှိသောအခါ **မိမိ၏အာဏာစက် ပြန့်နှံ့ရာဒေသများတွင် ရေတွင်းပေါင်းရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပုထိုးပေါင်းရှစ်သောင်းလေးထောင်စီ** လှူဒါန်းခဲ့ပါသည်။

မြတ်စွာဘုရားရှင်၏ သရီရဓါတ်တော်များကို စေတီရှစ်သောင်းလေးထောင်တွင် ဌာပနာ၍ တည်စေပြီးသော် တစ်ဖို့သောဓါတ်တော်ကို ပါဋလိပုတ်ပြည်တွင် အထူးထူးသော ရတနာတို့နှင့် ရံပြီးဌာပနာကာ မဟာစေတီတည်ထားကိုးကွယ်ခဲ့သည်။

အသောကမင်းတရားကြီးသည် ကုဋေတစ်ရာပြည့်အောင် လှူဒါန်းမည်ဟု ရည်သန်ခဲ့သော်လည်း ကိုးဆယ့်ခြောက် ကုဋေ လှူဒါန်းပြီးသောအခါ အသက်အရွယ်ထောက်လာသည်နှင့်အမျှ အရာရာတွင် အဆင်မပြေမှုများနှင့် ရင်ဆိုင်လာခဲ့ရသောကြောင့်

စိတ်ရှိသလောက် လက်မပါနိုင်တော့ပေ။ သို့သော် မလှူရလျှင် မကျေနပ်နိုင်သောစိတ်ကြောင့် မိမိပိုင် ရှိရှိသမျှ ရွှေ၊ ငွေ၊ ခွက်၊ ဖလား၊ လင်ပန်း စသည်တို့ကို ကုက္ကုဋာရုံကျောင်းတိုက်သို့ လှူဒါန်းစေခဲ့ပါသည်။ မည်သည့်လှူစရာမျှ မကျန်တော့သည့်အဆုံးတွင် သမားတော်ကြီးဆက်သလာသည့် မိမိ စားလက်စ သျှစ်သျှားသီး တစ်ခြမ်းကို ကျောင်းတော်သို့ လှူလွှတ်၍ လှူဒါန်းစေခဲ့ပါသည်။

အသောကမင်းကြီးသည် ဘဝနေဝင်ချိန်တွင် လောကဓံတရားရှစ်ပါး၏ အထောင်းအထုကိုခံရသော်လည်း ကြံ့ကြံ့ခံ၍ ဒါန၊ သီလ၊ ဘာဝနာအမှုကို နောက်ဆုံးအချိန်ထိ ပြုလုပ်ဆောင်ရွက်ခဲ့သည့် မင်းမြတ်တရားဖြစ်သည်။ သို့အတွက် စဏ္ဍာသောက (ရက်စက်ကြမ်းကြုတ်သူ) မင်းဘဝမှ သီရိဓမ္မာသောက (ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံ၍ တရားနှင့်အညီ မိမိကိုယ်တိုင် ကျင့်ကြံ၍ လောကတဓမ်း ဘာသာ သာသနာပြန့်ပွားစေရန် ဆောင်ရွက်ခဲ့သော) နေမင်းကဲ့သို့ ထွန်းလင်းသည့် မင်းအဖြစ် ကမ္ဘာ့သမိုင်းတွင် ... ကမ္ဘာ့သည်း မော်ကွန်းတင်ခဲ့ကြပေသည်။

ကျွန်မသည် သီရိဓမ္မာသောကမင်းကြီး၏ အတိတ်ပန်းချီကားတစ်ချပ်ကို စိတ်အတွေးတွင် ခြယ်မှုန်းရင်း ဘုရားဖူးကားဖြင့် ဆက်လက်ထွက်ခွာလာရာ အဆိုတော် ဒေါ်ကြည်အောင် သီဆိုခဲ့သည့် သာသနာ့အမွေခံသီချင်းကို ပြန်လည်ကြားယောင်လာမိပါသည်။

''ရေတွင်းပေါင်း ရှစ်သောင်းလေးထောင် ရေကန်ပေါင်း ရှစ်သောင်းလေးထောင် စေတီပေါင်းရှစ်သောင်းလေးထောင်

ကမ်းကုန်အောင်လှူပေမယ့်လို့ သာသနဒါယိကာ အမွေခံမထိုက်ပေဘူးလို့သာ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ဆရာ မိန့်ကြားတော်မူခဲ့တာကတော့ ကိုယ်၏သားဖြစ်စေ ကိတ္တိမသားဖြစ်စေ သာသနာတွင်းကို သွတ်သွင်းမှသာ သာသနာ့အမွေခံ ကောန်မှန်ပေတာ ----

ကျွန်မသည် သီရိဓမ္မာသောကမင်းကြီးကို မှန်းမျှော်တွေးဆရင်း သီချင်းကလေးကို တိုးတိုးဖွဖွ သီဆိုကာ၊ တောင်ငါးလုံးကာခို ရာဇဂြိုဟ်မြို့တော်ဆီသို့ ဆက်လက်ထွက်ခွာလာပါတော့သည်။

**တောင်ငါးလုံးကာခို ရာဇဂြိုဟ်ဆီသို့**

ပတ္တနား (ပါဋလိပုတ်) မြို့နှင့် ရာဇဂြိုဟ်မြို့သည် (၉၉) ကီလို (၆၂)မိုင် ကွာဝေးပါသည်။ ညနေ(၅)နာရီခန့်တွင် ပတ္တနားမှ (၉၀)ကီလိုကွာဝေးသော နာလန္ဒာဗုဒ္ဓတက္ကသိုလ်(ဟောင်း)သို့ ရောက်ရှိပါသည်။ အေဒီ ၅ ရာစုတွင် စတင်ဖွင့်လှစ်ခဲ့သော နာလန္ဒာဗုဒ္ဓတက္ကသိုလ်(ဟောင်း) သည် ၁၀ ရာစုနှစ်တွင် စာသင်သားပေါင်း (၁၀၀၀၀) အထိ တိုးတက်လာခဲ့ပြီး အိန္ဒိယနိုင်ငံ၏ အဓိကရ တက္ကသိုလ်ကြီး ဖြစ်လာခဲ့သည်။ ဆရာ တစ်ထောင့်ငါးရာနှင့် အမှုထမ်း တစ်ထောင့်ငါးရာရှိကြသည်ဟု သိရှိရပါသည်။ စာသင်သားများမှာ တိဗက်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဆူမတြ၊ ဂျာဗားနှင့် သီဟိုဠ် (သီရိလင်္ကာ) မှ ရဟန်းတော်များဖြစ်ကြသည်။ အေဒီ ၅ ရာစုမှ ၁၂ ရာစုအထိ နှစ်ပေါင်း (၇၀၀)ကျော် တည်

ရှိခဲ့သည်။ မဂိုဘုရင်များ အင်အားကြီးထွားလာသောအခါ ဘုရားကျောင်းကန်များကို မီးရှို့ဖျက်ဆီး လုယက်ကြသည်။ ကျောင်းသား (၁၀၀၀၀)ကျော်နှင့် ဆရာ(၃၀၀၀)ကျော်ကို ကျောင်းတံခါးပိတ် မီးရှို့သတ်ခဲ့ကြသည် ဟုလည်း ဖတ်ရှုမှတ်သားခဲ့ပါသည်။ နာလန္ဒာတက္ကသိုလ်တွင် စာပေဘာသာရပ်များ အပါအဝင် အဋ္ဌာရသ (၁၈)ရပ် သင်ကြားကြောင်းလည်း သိရှိခဲ့ရပါသည်။

ဘာသာ သာသနာအတွက် စာပေကြိုးပမ်းသင်ကြားသင်ယူရင် မီးရှို့ အသတ်ခံကြရသည့် ရဟန်းသံဃာများ၊ လူပုဂ္ဂိုလ်များအတွက် အထူးပင် စိတ်မကောင်းဖြစ်ရပါသည်။ ထိုရဟန်းရှင်လူများကို ရည်မှန်း၍ မိမိပြုခဲ့သည့် ကုသိုလ်ကောင်းမှုများကို အမျှပေးဝေခဲ့ပါသည်။ နာလန္ဒာတက္ကသိုလ်ဝင်းထဲတွင် ပညာအရာမှာ ဧတဒဂ်ရသော အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးမွေးဖွားတော်မူရာနှင့် ပရိနိဗ္ဗာန်ပြုရာ အထိမ်းအမှတ်စေတီကို ဖူးတွေ့ရပါသည်။ အပေါ်တွင် အမိုးဟူ၍ မရှိသော်လည်း အုတ်လှေကား အဆင့်ဆင့်ဖြင့် ခမ်းနားစွာ တည်ဆောက်ထားသည်ကို တွေ့ရှိရပါသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ပရိနိဗ္ဗာန် မစံမီ အမေ့ကျေးဇူးဆပ်ရန် နာလန္ဒာသို့ ပြန်လာသည်။ မိခင်ကြီးကို သောတာပတ္တိမဂ်ရစေပြီးမှ ပရိနိဗ္ဗာန်ပြုတော်မူသည်။ မြတ်စွာဘုရားရှင်၏ လက်ျာတော်ရံ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို အထိမ်းအမှတ်ပြု တည်ထားသော စေတီတော်မြတ်ကြီးဆီသို့ အာရုံပြု၍ ရိုသေစွာ ရှိခိုးကန်တော့ခဲ့ပါသည်။

ညနေ (၇) နာရီခန့်တွင် တောင်ငါးလုံးကာခို ရာဇဂြိုဟ်

မြို့တော်ဆီသို့ ရောက်ရှိပါသည်။ **(ရာဇ-မင်း၊ ဂဟာ-အိမ်၊ မင်းအိမ်နန်းတော်ဟုလည်း အဓိပ္ပါယ်ဖွင့်ဆိုသည်။)** တောင်ငါးလုံးအမည်မှာ (၁) ဝေဘာရ၊ (၂) ဝေပုလ္လ၊ (၃) ဣသိဂိလိ၊ (၄) ဂိဇ္ဈကုဋ်၊ (၅) ပဏ္ဍဝတောင်တို့ဖြစ်ပါသည်။

ပဏ္ဍဝတောင်သည် ရာဇဂြိုဟ်မြို့အရှေ့တောင်ဘက်တွင် တည်ရှိသည်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ရာဇဂြိုဟ်မြို့၌ ဆွမ်းခံပြီးနောက် ထိုပဏ္ဍဝတောင်ခြေ ကျောက်ဖျာပေါ်တွင် ဆွမ်းစားလေ့ရှိသည်။ ဘုရားအလောင်းတော်နှင့် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးတို့ တွေ့ဆုံခဲ့သော တောင်တော်မြတ်လည်း ဖြစ်သည်။ မင်းကြီးမှ မင်းစည်းစိမ် တစ်ဝက် ခွဲ၍ ပေးပါမည်၊ ရာဇဂြိုဟ်တွင် မင်းပြုပါရန် တောင်းပန်ခဲ့သည်။ မင်းကြီး၏ တောင်းပန်မှုကို လက်မခံသောအခါ ဘုရားဖြစ်လျှင် ရာဇဂြိုဟ်မြို့သို့ ပထမဦးစွာ ကြွရောက်ပါရန် ကတိတောင်းခံခဲ့သည်။

ဂိဇ္ဈကုဋ်တောင်သည် မြတ်စွာဘုရားရှင်နှင့် အရှင်သာရိပုတ္တရာ၊ အရှင်အာနန္ဒာ အစရှိသော သံဃာတော်များ သီတင်းသုံးရာ တောင်တော်မဟာဖြစ်သည်။ ထိုတောင်ထိပ်ရင်ပြင်မှ တောင်ဘက် အောက်စွယ်ပေါ်၌ လင်းတငှက်၏ ဦးခေါင်းနှင့်တူသော ကျောက်တုံးကြီးရှိသည်။ ၎င်းကျောက်တုံးကြီးကို အစွဲပြု၍ တောင်ကြီးတစ်ခုလုံးကို ဂိဇ္ဈကုဋ်တောင်ဟု ခေါ်သည်။ မြတ်စွာဘုရားသည် လင်းတငှက်နှင့်တူသော ကျောက်တုံးအောက်လိုဏ်ဂူ၌ မကြာခဏ သီတင်းသုံးတော်မူ၍၊ အကြိမ် (၂၀) ဝါကပ်တော်မူသည်။

ဝေပုလ္လတောင်သည် ရာဇဂြိုဟ်မြို့မြောက်ဘက်တွင်ရှိသည်။ ဝေပုလ္လတောင် အပြင်ဖက်တောင်ခြေတွင် ဒေဝဒတ်ကျောက်တုံး ကျောင်းဆောင်ရှိ၍ အတွင်းဘက်တောင်ခြေရင်းတွင် ရဟန်းတော်များ သီတင်းသုံးနေထိုင်သော လိုဏ်ဂူများရှိသည်။

ဣသိဂိလိတောင်သည် မြတ်စွာဘုရားရှင်၏ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလ္လာန် ပရိနိဗ္ဗာန်စံဝင်ခဲ့သော တောင်တော်ဖြစ်သည်။

ဝေဘာရတောင်သည် အရှင်မဟာကဿပ အမှူးပြုသော ရဟန္တာငါးရာတို့ ပထမသင်္ဂါယနာတင်တော်မူခဲ့ရာ တောင်ထူးတောင်မြတ်ဖြစ်သည်။

မကြာမီ ရာဇဂြိုဟ် မြန်မာကျောင်းသို့ ရောက်ရှိပါသည်။ ၎င်းကျောင်းသည် တောင်ကုန်းမြင့်ကလေးပေါ်တွင် တည်ဆောက်ထားသည်။ ၎င်းကျောင်းတွင် ကျား (၄)ဦးစီ၊ မ(၄)ဦးစီ၊ မိသားစုသီးသန့် တည်းခိုဆောင်များ ရှိပါသည်။ သုံးထပ်ကျောင်းဆောင်ဖြစ်ပါသည်။ အခန်းတိုင်းတွင် ရေချိုးခန်း၊ သန့်စင်ခန်းများ ပါရှိပါသည်။ ယခင်ဘုရားဖူးအဖွဲ့များမှ လှူဒါန်းထားသော အိပ်ရာခင်း၊ ခေါင်းအုံးစွပ်များဖြင့် အဆင်ပြေလှပါသည်။ အလှူရှင်များ၏ လှူဒါန်းခဲ့မှု အစုစုအတွက်လည်း သာဓုခေါ်ဆိုမိပါသည်။ ကျွန်မတို့ ဘုရားဖူးအဖွဲ့မှာလည်း နံနက်စောစောတွင် ကုသိနာရုံမှ ထွက်လာပြီး ဝေသာလီ ပတ္တနားတစ်ခွင် လှည့်လည်ဘုရားဖူးခဲ့ရသဖြင့် စိတ်မပင်ပန်းသော်လည်း အသက်အရွယ်အရ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ် လာကြပါသည်။ မောမောဖြင့် ရေမိုးချိုး

ထမင်းစားကြပါသည်။ စား၍လည်း အလွန်ကောင်းပါသည်။ ကျွန်မသည် အခန်းဖော်များနှင့် ခေတ္တစကားစမြည်ပြောပြီး ဘုရားရှိခိုးကာ စောစောပင် အိပ်ရာဝင်ခဲ့ပါသည်။

နံနက်စောစောတွင် အဖွဲ့မှ ကျွေးမွေးသော နံနက်စာကို မြိန်ယှက်စွာ စားသောက်ကြပြီး၊ ကားဖြင့် ထွက်ခွာလာရာ ပတ်ဝန်းကျင်တစ်ခွင်လုံး တောင်များ ဝန်းရံလျက်ရှိရာ တောတောင်လျှိုမြောင်များကြား ရောက်နေသည့်ပမာ ခံစားရပါသည်။ ထူးခြားမှုတစ်ခုမှာ၊ ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တစ်လျှောက် ငြိမ်းချမ်းသာယာ အေးမြစွာဖြင့် လျှောက်လှမ်းခဲ့ရသော်လည်း ဤနေရာဤဒေသတွင် စိတ်ထဲ၌ တစ်ခုခု လစ်ဟာနေသလိုလို၊ လွမ်းသလိုလို၊ ဆွေးသလိုလို၊ ဝမ်းနည်းနေသလိုလိုဖြင့် ခံစားမှု ဖြစ်ခဲ့ပါသည်။ မကြာမီ ဂိဇ္ဈကုဋ်တောင်ခြေသို့ ရောက်ရှိလာပါသည်။

**ဂိဇ္ဈကုဋ်တောင်တော်မြတ်ဆီသို့ ဦးခိုက်ခြင်း**

မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ဂိဇ္ဈကုဋ်တောင်၏ လက်ဝဲဘက်ရှိ တောင်ထိပ်ပေါ်တွင် သာသနာ (၂၅၀၀) ပြည့်နှစ်က ဂျပန်နိုင်ငံမှ ဗုဒ္ဓဘာသာ ရဟန်းတော် အရှင်ဖီဂျီ တည်ထားသည့် ကမ္ဘာ့ငြိမ်းချမ်းရေး စေတီတော်ကြီးရှိသည်။ ထိုစေတီတော်ကြီးသို့ တောင်ခြေနှင့် တောင်ထိပ် ကောင်းကင်ဘတ်ကြိုးကြီးဖြင့် ဆက်သွယ်ကာ၊ ကုလားထိုင် စက်လှေကားဖြင့် တက်ရသည်။ ကျွန်မတို့ ဘုရားဖူးတစ်စု ရောက်ချိန်တွင် စက်လှေကားပျက်နေ၍ စေတီကြီးတည်ရှိရာ တောင်ပေါ်သို့ မတက်ရောက်

နိုင်ခဲ့ပါ။ အဝေးမှပင် လှမ်းမျှော်၍ ဖူးရပါသည်။ ဂိဇ္ဈကုဋ် တောင် တက်လမ်းအတိုင်း တက်လာကြရာ ဗိမ္ဗိသာရမင်းကြီး၏ မိဖုရား ဝေဒေဟီသည် အဘကို သတ်မည့်သားအား မမွေးလိုသဖြင့် ဖျက်ချသည့် နေရာကို စတင်တွေ့ရှိရပါသည်။ ထိုမှ ဗိမ္ဗိသာရ မင်းကြီး ဘုရားရှင်၏ ကျောင်းတော်သို့ သွားသောအခါ မင်း မြောက်တန်ဆာငါးပါးကို ကိုယ်ရံတော် တပ်မှူးများထံ အပ်နှံ၍ တစ်ဦးတည်း ခြေလျင် စတင်တက်သွားခဲ့သော နေရာကိုလည်း တွေ့ရှိမှတ်သားခဲ့ရပါသည်။ ပြေချောသော တောင်တက်လမ်း အတိုင်း ဆက်လက်တက်ခဲ့ရာ မြတ်စွာဘုရားရှင်အား အရှင် ဒေဝဒတ် ကျောက်မောင်းကြီးလှိမ့်ချရာ နေရာကိုလည်း တွေ့ ရှိလေ့လာခဲ့ရပါသည်။ တစ်ဖန် အရှင်သာရိပုတ္တရာနှင့် အရှင် အာနန္ဒာတို့ တရားနှလုံးသွင်းရာ လိုဏ်ဂူများကို တွေ့ရှိ၍ အမွှေး တိုင်၊ ဖယောင်းတိုင်များ ထွန်းညှိကာ၊ ပူဇော်ကန်တော့ခဲ့ကြပါ သည်။ ထိုမှ ဆက်လက်တက်လာရာ တောင်ထိပ်ပေါ်သို့ မရောက် မီ တောင်စွယ်တစ်ခုသည် လင်းတဦးခေါင်းပုံဖြစ်နေသည်ကို တွေ့ရ ပါသည်။ ကျွန်မတို့လည်း မှတ်တမ်းတင်ဓါတ်ပုံများ ရိုက်ကြပါ သည်။

ဂိဇ္ဈကုဋ်တောင်ထိပ်သို့ ရောက်သည့်အခါ မြတ်စွာဘုရား ၏ကျောင်းတော်ရာကို တွေ့ရပါသည်။ တောင်ထိပ်မြေပြင်မှာ များစွာ မကျယ်ဝန်းလှပေ။ ကျွန်မတို့ တစ်စုလည်း သတ်မှတ် ထားသည့် နေရာတွင် ဖယောင်းတိုင် အမွှေးတိုင်တို့ဖြင့် ထွန်းညှိ ပူဇော်ကန်တော့ခဲ့ကြပါသည်။ မြတ်စွာဘုရားရှင်သည် ဋင်းတောင်

ထိပ်ပေါ်တွင် လူနတ်ပြဟ္မာများ အသက်ရှည်၍ ကောင်းကျိုးဖြစ်စေခြင်းငှာ ပရိမိတ္တဇာလသုတ်ကို ဟောကြားတော်မူခဲ့ပါသည်။ ဝေဿဝဏ်နတ်မင်းကြီး၏ တောင်းပန်မှုအရ ရတနာသုံးပါးကို မကြည်ညိုသော နတ်ဘီလူးဆိုးများ မနှောင့်ယှက်စေရန်၊ အာဋာနာဋိယသုတ်ကို သင်ကြားရွတ်ဖက်စေသည့် နေရာတော်မြတ်လည်းဖြစ်ပါသည်။ ထို့နောက် လိုက်ပါပို့ဆောင်သူ ဘုန်းတော်ကြီးမှ ဗုဒ္ဓလက်ထက် ဤဂိဇ္ဈကုဋ်တောင်ပေါ်ရှိ ပြိတ္တာများအကြောင်း ဆက်လက်ရှင်းပြပါသည်။

ဤကမ္ဘာမှ ပြန်၍ ရေတွက်သော်၊ ကိုးဆယ့်နှစ်ကမ္ဘာအထက်၌ ဖုဿဘုရားရှင် ပွင့်တော်မူသည်။ ထိုအခါ ဖုဿဘုရားရှင်၏ ခမည်းတော် မဟိန္ဒမင်းကြီးအား ဥရုဝေလကဿပညီနောင်သုံးဦး အလောင်းအလျာဖြစ်သည့် သားတော်သုံးပါးက ဘုရားရှင်နှင့် သံဃာတော်များအား ဆွမ်းလုပ်ကျွေးခွင့် တောင်းပန်သည်။ ခွင့်ပြုချက်ရရှိသောအခါ ၎င်း ဆွမ်း၊ ကွမ်း ကိစ္စအရပ်ရပ်ကို တရားသူကြီး၊ ဘဏ္ဍာစိုးတို့အား တာဝန်ပေးအပ်သည်။ ထို့နောက် ရှစ်သောင်းလေးထောင်မျှသော ဆွမ်းချက်သမားများဖြင့် စီစဉ်ချက်ပြုတ်စေကာ နေ့စဉ် ဆွမ်းလုပ်ကျွေးသည်။ ထိုအခါ ဆွမ်းချက်သမားများသည် သံဃာတော်တို့၏ အဦးအဖျားကို ဝှက်ထားကြပြီး သားသမီးများကို ကျွေးမွေးကြသည်။ ဤမကောင်းမှုကံကြောင့် ဆွမ်းချက်သမားများ သေလွန်သော်အခါ ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး၊ ဒုဂ္ဂတိဌာနဘဝတို့ဖြင့် ကျင်လည်ကြပြီး ကဿပမြတ်စွာဘုရားရှင် လက်ထက်တိုင် မကျွတ်လွတ်ကြသေးချေ။

ကဿပဘုရားရှင်မှ ဂေါတမဘုရားရှင်လက်ထက်တွင်၊ ရာဇဂြိုဟ်ပြည့်ရှင်၊ ဗိမ္ဗိသာရမင်းကြီး အမျှပေးဝေမှ ငတ်မွတ်ခြင်း ကင်းဝေးလိမ့်မည်။ ချမ်းသာရာရလိမ့်မည်ဟု မိန့်တော်မူခဲ့သည်။ ဖုဿဘုရားရှင်လက်ထက်က တရားသူကြီးသည် ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တွင် ဗိမ္ဗိသာရမင်းကြီး ဖြစ်လာသည်။ ဦးပဥ္စင်းက ဘုရားဖူးအဖွဲ့ဝင်အားလုံးကို အမျှပေးဝေကြရန် တိုက်တွန်းသည်။ စာရေးသူတို့ ဘုရားဖူးအဖွဲ့သားများလည်း ထိုအပါယ်ဘုံသား သတ္တဝါများကို အမျှပေးဝေကြပြီးနောက် တောင်ပေါ်မှ ပြန်ဆင်းလာကြပါသည်။

တောင်ဆင်းလမ်းတစ်လျှောက် စာရေးသူ၏ အတွေးထဲတွင် မြတ်စွာဘုရားရှင်နှင့် အရှင်ဒေဝဒတ်တို့၏ ဆက်နွယ်မှုကို နက်နက်နဲနဲ တွေးတောလာမိပါသည်။ အရှင်ဒေဝဒတ်သည် အဇာတသတ်မင်းထံမှ လေးသည်တော်များကို တောင်းခံ၍ မြတ်စွာဘုရားရှင်အား အဆိပ်လူးမြားဖြင့် ပစ်စေခြင်း၊ ဒုတိယ အကြိမ် မြတ်စွာဘုရားရှင် ဂိဇ္ဈကုဋ်တောင်ကျောင်းလေးအနီး စင်္ကြံ ကြွနေစဉ် တောင်ပေါ်မှ ကြီးမားလှသော ကျောက်တုံးကြီးကို ကုတ်ဖြင့်ကော်၍ တွန်းချခြင်း၊ တတိယအကြိမ် အဇာတသတ်မင်း၏ အကူအညီဖြင့် နာဠာဂိရိဆင်ကို အရက်မူးအောင် တိုက်ပြီး ရာဇဂြိုဟ်မြို့တွင်း ဘုရားရှင် ဆွမ်းခံကြွစဉ် စေလွှတ်၍ ရန်မူစေခြင်းဖြင့် ဘုရားရှင်၏အသက်တော်ကို အကြိမ်ကြိမ်လုပ်ကြံခဲ့လေသည်။ ရဟန်းသံဃာတော်များ၊ အရိယာစာရင်းဝင် ဒကာ၊ ဒကာမများစုဝေးရာ တရားသဘင်၌ အရှင်ဒေဝဒတ်၏ ရက်စက်မှုကို

ကဲ့ရဲ့ပြောဆိုနေကြလေသည်။ ဘုရားရှင်က "ရဟန်းတို့ ဒေဝဒတ်သည် ယခုဘဝ၌သာ ငါဘုရားကို သတ်ရန် အားထုတ်သည်မဟုတ်၊ ရှေးဘဝများစွာကလည်း အားထုတ်ခဲ့ဖူးလေပြီ" ဟု မိန့်တော်မူပြီး ဇာတ်တော်ပေါင်း (၂၈)ဇာတ်တိုင်အောင် အကြိမ်ကြိမ် ဟောကြားတော်မူခဲ့လေသည်။ ဤကဲ့သို့ ဘဝပေါင်းများစွာ မြတ်စွာဘုရားရှင်အား အသက်သေရန် တစ်မျိုး၊ ဒုက္ခရောက်ရန်တစ်ဖုံ၊ မျိုးစုံအောင် အားထုတ်ခဲ့မှုသည်၊ သေရီဝ၊ ရွှဲကုန်သည်ဘဝမှ စခဲ့သည်ဟု စာရေးသူ ဖတ်ခဲ့ဖူးပါသည်။ ထိုအခါ စာရေးသူငယ်စဉ်က ကြည့်ခဲ့ဖူးသော ရွှေမန်းတင်မောင်၏ ရွှဲကုန်သည်ဇာတ်လမ်း ဇာတ်ကွက်သည် ဂီရွှာကုဋ္ဌတောင်ဆင်းလမ်းတလျှောက် စိတ်အတွေးအာရုံတွင် ကွက်ကွက်ကွင်းကွင်းပေါ်လာပါသည်။ စာရှုသည်တို့ မျှဝေခံစားနိုင်ရန် ပြန်လည် တင်ပြအပ်ပါသည်။

## "ရွှဲကုန်သည်"

မြေး = ဩော် – ဘွားဘွား– ထင်းခွဲနေပြန်ပြီ ဘွားဘွားရယ်
　　　ပေးစမ်းပါ– မြေးခွဲပါ့မယ်

အဘွား= ထမင်းအိုးတည်ဖို့ ထင်းခွဲရတယ် မြေးရဲ့

မြေး = ကိုယ့်ဖာသာကိုယ် အသာနေစမ်းပါ ဘွားဘွားရယ်
　　　ပေးပါ ... မြေးခွဲပါ့မယ်

အဘွား= အိမ်ထဲက ကိစ္စဝိစ္စပြီးခဲ့ပြီလား မြေးရဲ့

မြေး = ပြီးခဲ့ပါပြီ အဘွားရဲ့

အဘွား= အေး ဒီလိုဆိုရင် ... အဘွား သွားပြီးတော့ အမော ဖြေလိုက်ဦးမယ်နော် .... မြေးရယ်

မြေး = ဟုတ်ကဲ့ ..... ဟုတ်ကဲ့

ရွှေမန်း= ရွှဲရောင်စုံ အကုန်ရသမို့ ... လုံမတို့ ဆွဲဖို့ရာဝယ် ... ဟိုနားက အစ်မကြီးတွေရယ် ရွှဲသည်ကို ခေါ်သလား .. ခေါ်ရင်လာမယ် လာမယ် ရွှဲသည် ရွှဲသည်‌ . (ဟော ရွှဲသည်ပါလား) ကြိုက်ရာရွေးလို့ ဝယ်‌.. ဝယ်‌.. ဝယ်‌.. ဝယ် ဈေးတော့မဆစ်နဲ့ကွယ် (လိုချင်လိုက်တာနော်) ဈေးတော့မဆစ်နဲ့ကွယ် ... ကျူပ်ကတော့လေ ရောင်းကုန်တစ်ရပ် ခေါင်းပုံဖြတ် အမြတ်ကြီးစားရမှလည်း ကျေနပ်တယ် (ဒါမှသာ)၆ ရောင်းဝယ်ရေး စိစစ်တွေးလိုက်တော့ အလစ်မပေးမှ ခေတ်သူဌေးကြီး ဖြစ်လာမယ် ရွှဲသည်‌.. ရွှဲသည်‌.

မြေး = ဘွားဘွားရေ .... ဘွားဘွား

အဘွား= ဟဲ့ ... ဘာတုံး ငါ့မြေးရဲ့ အလန့်တကြားဟယ် နင်ကလည်း

မြေး = လာပါအုံး ဘွားဘွားရဲ့

အဘွား= ဘာတုံးဟယ်‌...

မြေး = ရွှဲသည် လာနေတယ် အဘွား

အဘွား= ဘာလုပ်ရမှာတုံး .... ဟဲ့

မြေး = လိုချင်လိုက်တာ အဘွားရယ် ... ဝယ်ပေးစမ်းပါ‌..

အဘွား= ခက်လိုက်တာ မြေးရယ် အဘိုးရှိတုန်းကလို မဟုတ်ဘူး ငါ့မြေးရဲ့(ဟင်) ဝယ်စရာ အသပြာလည်းမရှိဘူး
မြေး = ဝတ်ချင်လွန်းလို့ပါ အဘွားရယ်
အဘွား= မြေးကလည်းကွယ် ကိုယ့်ဘဝ အခြေအနေကြည့်ပြီး ပူဆာမှပေါ့ မြေးရဲ့ ....
မြေး = ဩော် .... အဘွား ...
အဘွား= ဟဲ့မြေး
မြေး = ခုမှ သတိရတယ် ဘွားရယ် ဟိုး..ဘိုးဘိုးလက်ထက်ကလေ ကျန်နေရစ်တဲ့ ခွက်ကြီးတစ်လုံးရှိတယ် ...ဘွားဘွားရဲ့ အဲဒီခွက်ကြီးနဲ့ ရသလောက်ကလေး ဝယ်ပေးစမ်းပါ အဘွားရယ် လဲပေးစမ်းပါနော်..
အဘွား= ခွက်ကြီးတစ်လုံး
မြေး = ဟုတ်တယ်
အဘွား= ငါတော့ သိပါဘူးဟယ် သွားယူချေ ငါ့မြေး ကုသိုလ်ကံရှိလည်း ရမှာပဲ (သွား)သွားယူ သွားယူ..
မြေး = ဟုတ်ကဲ့ ဟုတ်ကဲ့
ရွှေမန်း= ရွှံသည်..ရွှံသည်
အဘွား= အို ...အမောင် ရွှံသည်
ရွှေမန်း= ဘာလဲ အဘွားကြီး
အဘွား= ခဏလာပါဦးကွယ်
ရွှေမန်း= ဘာလဲဗျ..ဝယ်နိုင်ရဲ့လား..မဝယ်နိုင်ဘဲတော့ မခေါ်နဲ့ ...ဒါကျောက်ခဲ.သလဲမဟုတ်ဘူး...

အချိန်မဆွဲနဲ့ . . . ခင်မျှားတစ်အိမ်တည်း မဟုတ်ဘူး ဗျ ကျုပ်ရောင်းရအုံးမယ် . . . .

အဘွား= သိပါတယ် အမောင်ရယ် . . ဒါပေမဲ့ . . မြေးလေးက လိုချင်လို့ . . . တဲ့

ရွှေမန်း= ဘယ်မလဲ . . . မြန်မြန်ခေါ် . . . မြန်မြန်ခေါ်

အဘွား= မြေးရေ မြန်မြန်လာဟေ့

မြေး = ဟုတ်ကဲ့အဘွား . . . လာပါပြီ

ရွှေမန်း= သွားတော့မယ် သွားတော့မယ် . . . မြန်မြန်လာ

မြေး = အဘွားရေ

အဘွား= ဟော . . . .

မြေး = အဘွား . . . ရော့ ရော့

အဘွား= အို . . . အရှင်သခင် (ရွှဲကုန်သည်လေးရယ်)၂ (ဤခွက်ကို)၂ ယူ၍တကယ် (သင့်နှမကို)၂ တန်ဆာဆင် ရန်ကွယ် . . . . တစ်စုံတစ်ခုသော ဥစ္စာပေးခဲ့ပါတော့ ရွှဲကုန်သည်လေးရယ်

ရွှေမန်း= မှန်းစမ်း . . . တိုက်ကြည့်လိုက်စမ်းမယ် နေအုံး . . . သေသေချာချာ ပွတ်ကြည့်ဦးမယ်ဟာ . . . ရွှေတွေ ဟ . . (ရွှေခွက်ကြီး)၂ ဟ (အသာနေ)၂

မြေး = (ဟုတ်ပါတယ်)၂ မောင်ကြီးရယ် (ဤရွှဲလေးတွေကို နှစ်သက်စုံမက်လွန်းလို့ပါတကယ်)၂ ဟောဒီခွက်က လေးနဲ့(သဒ္ဒါသလောက်ပေးပါ)၂ လဲခဲ့ပါလား မောင် ကြီးရယ်

ရွှေမန်း= ရွှေခွက်တော့ ဖြစ်နေပြီ အသာနေ ... ကိုယ့်ပစ္စည်း တစ်စုံတစ်ခု မပေးရဘဲ ဒီရွှေခွက်ကြီးအလကား ရအောင် (အမြွတ်ထုတ်လိုက်အုံးမယ်) ဟီး .. ဟီး.. (ဟဲ့.. ဟဲ့.. ဟဲ့.. ချင့်တွက်ပါအုံးကွယ် (နှင့်ခွက်က)၂ (ဘာကမှအသုံးမကျ)၂ ပဲဝက်မျှတောင် မတန်ဘူးဟယ်) (ငါ့ပစ္စည်းကို)၂ ရည်စူးတောင်စိတ်မကူးနဲ့ (မလဲနိုင်ဘူးဟယ်)၂နှင့်ခွက်စုတ် ဘာလုပ်စရာလဲဟယ် ---အလကားပေးရင်ပေးလိုက် ---ဒါပဲ။ သွားတော့မယ် အလကားပေးမလား (ဟဲ့.. ဟဲ့.. ဟဲ့---ဘာလုပ်စရာလဲဟယ်)

အဘွား= မြေးရေ လာဟဲ့ လာ.. လာ.. လာ

ဘုရားလောင်းရွှဲကုန်သည်= ရွှဲကုန်သည် လာပြီဗျ။ ခင်နှမတို့ ဆင်သဖွယ်ရာ၊ အဆင်လှတဲ့ရွှဲတွေပါ ကဲလေဗျာ ဝယ်ထား ... ဘုရားပွဲနဲ့ .. ကျောင်းပွဲစုံစွာ အလှူပွဲနဲ့ မင်္ဂလာပွဲ ညီညာ.. (နွဲ့ကြဖို့များ)၂ သမ္မာအာဇီဝနဲ့ ညီမျှအောင် ရောင်းမှာ(ဟော.. ရွှဲသည်လာပြန်ပြီ) ကျုပ်ရွှဲကလေးတွေကိုသာ အမြဲဝယ်ကာ သုံးကြရင်ဗျာ (ဟင်).. တစ်အိမ်လုံးပဲ ကျန်းမာ.. ချမ်းသာ

မြေး = (လိုချင်လိုက်တာနော်) တစ်မြို့လုံးပဲ ကျန်းမာ ... ချမ်းသာ တစ်ပြည်လုံးပဲ ကျန်းမာ.. ချမ်းသာ.. (များဝေနေယျာ)၂ ရေသီတာ အလားကဲ့သို့ပမာ အေးမြ လိုရာဆန္ဒပြည့်စေသား ဟု ယခုညွှန်ကာ

ဆုမွန်ပတ္ထနာ ရွှေကုန်သည်လားဗျို့ မေတ္တာပို့လျက်
ပါ့…

မြေး = ရွှေကုန်သည် လာပြန်ပြီ၊ အဘွားရေ့ အဘွား

အဘွား= ဘာတုံး … ငါ့မြေးရဲ့

မြေး = ရွှေသည်လာပြန်ပြီ အဘွားရဲ့

အဘွား= လုပ်ပြန်ပြီ ဟို့ … ရွှေကုန်သည်တုန်းက ငါ့မြေးအရိုက်
ခံရမှာစိုးလွန်းလို့ အဘွားက ခေါ်ထားတာဟဲ့

မြေး = ခုရွှေသည်က အရင်ရွှေသည်နဲ့မတူဘူး အဘွားရဲ့ နှုတ်
၏ ယဉ်ကျေးခြင်းနဲ့လည်း ပြည့်စုံတယ် နောက်ပြီး
တော့ သူ့ပြောပုံ ဆိုပုံတွေကလေ ယဉ်ကျေး သိမ်မွေ့
လှပါတယ် အဘွားရယ် … သူ့ရဲ့ ရုပ်လက္ခဏာ
ကြည့်ရတာလည်း တစ်ဖက်သားအပေါ် ညှာတာ
သနား ကရုဏာထားပြီး အမှန်တရားကို ပြောကြား
မယ့် ပုဂ္ဂိုလ်နဲ့တူတာပဲ ဘွားဘွားရယ်–နော်

အဘွား= အေး အေး အေး ဒီလိုဆိုရင်လည်း အဘွားလဲပေး
မယ် ငါ့မြေးရေ ….

မြေး = ဟုတ်ကဲ့

အဘွား= အို အမောင်ရွှေသည်

ဘုရားလောင်းရွှေကုန်သည် = မိခင်

အဘွား= ခေတ္တလာပါအုံး အမောင်ရယ်

ဘုရားလောင်းရွှေကုန်သည် = ဩော် –ဟုတ်ကဲ့ခင်ဗျာ–

(ကောင်းပါပြီ)

အဘွား= ရော့– မောင့်နှမက ရွှဲများဆင်မြန်းချင်လို့ –အဘွား တို့မှာ အသပြာမရှိလို့ မဝယ်နိုင်ပါဘူး

ဘုရားလောင်းရွှဲကုန်သည် = ဟုတ်ကဲ့

အဘွား= ဒီခွက်ကိုယူပြီး– မောင့်နှမကို ထိုက်သင့်သလောက် ကလေးပေးခဲ့ပါ အမောင်ရယ်

မြေး = ဟုတ်ပါတယ်မောင်ကြီးရယ် – နော်

ဘုရားလောင်းရွှဲကုန်သည် = (ဩော်) ဒီခွက်နဲ့လဲပါလား၊ ကျွန်ုပ် အား.. ဤခွက်အား ကြည့်ရှုခွင့်ပြုပါမိခင် ....

အဘွား= ကြည့်ပါ အမောင်ရယ် ... ကြည့်ပါ..

ဘုရားလောင်းရွှဲကုန်သည် = အလို နာရဏီရွှေခွက်ပါလား ..

ဘုရားလောင်းရွှဲကုန်သည် = (သီချင်း)

အို(မိခင်ကြီး)၂ ဤခွက်သည်ကား အတည် အသပြာ တစ်သိန်းထိုက်တဲ့ (ရွှေခွက်စစ်ဖြစ်ပေသည်)၂ ထို မျှလောက် အဖိုးတန်ပါတဲ့ ဥစ္စာပစ္စည်းများတို့သည် ကျွန်ုပ်၏ထံမှာ မပါလာခဲ့ပေါင်အတည် ....

အဘွား= ရွှေခွက်တဲ့မြေးရေ – ရွှေခွက်တဲ့

ဘုရားလောင်းရွှဲကုန်သည် = အိုမိခင်ကြီး ... အတည် (ပြော) မပါပါဘူး ... မိခင်

အဘွား(ဆို) = (မှန်ရာမှန်ကြောင်း သူတော်ကောင်းကြီးပြော ပြ၍ အတိအကျသိရပါပေသည်ပဲ)"ဟိုမသမာသူရွှဲကုန် သည်တစ်ဦးက၊ အထူးပ ရက်ရက်စက်စက် ပဲဝက် မျှလောက်မတန်ဘူးလို့ သူဆိုပြီးတော့ မြေသို့ ပစ်ခါ

သွားပေါ့အတည် (ဤရွှေခွက်သည်)၂ အမောင်နဲ့သာ ထိုက်တန်ပါ၍ တစ်စုံတစ်ခုသော ပစ္စည်းကိုသာ ငါတို့ အားပေးကာ ယူသွားပါလို့ သဘောရှိရန်အတည်။

ဘုရားလောင်းရွှဲကုန်သည် = ဟင်း....

မြေး = (ကျုပ်ကလည်းအဘွားလိုပါ စေတနာတူညီ

ဘုရားလောင်းရွှဲကုန်သည် = အဲ

မြေး = မောင်ကြီးရဲ့ ရုပ်ရည် တည်ကြည် တရားမျှတဲ့ လက္ခဏာ ရှိသည်) (ဟိုလူယုတ်မာက အတည်)၂ (မုသား စကားတွေ ပြောသွားလေပြီ)၂

ဘုရားလောင်းရွှဲကုန်သည် = ရက်စက်လိုက်တာ

မြေး = မုသားစကားတွေပြောသွားလေပြီ

ဘုရားလောင်းရွှဲကုန်သည် = ဩော်

မြေး = (ဟို..လူယုတ်မာက အတည်)၂ မုသားစကားတွေ ပြောသွားလေပြီ

ဘုရားလောင်းရွှဲကုန်သည် = ...ဟင်း..ဟင်

မြေး = (ဤရွှေခွက်သည်)၂ မောင်ကြီးနဲ့သာ ထိုက်တန်ပါ၍ ယူသွားပါလော့ သဘောရှိရာ အတည်

ဘုရားလောင်းရွှဲကုန်သည် = (ကောင်းလှပြီ)၂ မိခင်နှင့်ညီမတို့ ခွင့်ပြုချက်အရ ဤရွှေခွက်နှင့် ရွှဲရတနာများအား လဲပါအံ့ သို့ငြားသော်လည်း အသပြာတစ်သိန်း ထိုက်တဲ့ ခွက်ဖြစ်နေသည့်အတွက် ကျွန်ုပ်မှာ ...အဲ. အသပြာကျပ် ငါးရာနဲ့ ရွှဲရတနာငါးရာတိုက်မျှသာ

ပါ ပါတယ် ရင်းနှစ်ဦးပေါင်းပါက ကျပ်တစ်ထောင်
တန်မျှ ပါ ပါတယ် အဲဒီတော့(ဟင်)။ နီလာဝဟ
မြစ်ကို ကူးရမည့်အတွက် ရှစ်ကျပ်သော အသပြာ
ကျွန်ုပ်အား ကူးတို့ခ ပြန်၍ပေးလိုက်ပါမိခင်... ရွှဲ
ရတနာနှင့် ဤကျပ်အသပြာတစ်ထောင်အား လဲပါအံ့

အဘွား= ကောင်းပြီ အမောင်ရွှဲသည်... ဤရွှေခွက်သည် အ
သင်နှင့် ထိုက်တန်၍ ရွှေဖြစ်သည့်အတွက်ကြောင့်
ယူသွားပါတော့ မြေးရဲ့ဆင်မြန်းရန် ရွှဲများရသည့်အ
တွက်ကြောင့် ဝမ်းသာလှပါတယ် အမောင် ....
ဝမ်းသာလှပါတယ်

ဘုရားလောင်းရွှဲကုန်သည် = (ကောင်းပြီမိခင်)၂ ... ရော့..
ရော့ .. ရော့ ဤရွှဲရတနာ

အဘွား= ချမ်းသာပါစေ.. ဘုန်းကြီးလို့ အသက်ရှည်ပါစေ..
ကျန်းမာပါစေ ... ချမ်းသာပါစေ

မြေး = အဘွားရေ...

အဘွား= မြေးရေ

မြေး = ရွှဲ... လေးတွေ လှလိုက်တာ

အဘွား= အမလေး လှလိုက်တာ.. ငါ့မြေးလေး ကနေတာ
လှလိုက်တာ

မြေး = ပျော်လိုက်တာ အဘွားရယ်... ပျော်တာပေါ့..

ဘွား = ငါ့မြေးလေး ပျော်တော့ အဘွားလည်း ပျော်တယ်
မြေးရေ ...

မြေး = အခုမှရတယ် အမယ်လေး ဝမ်းသာလိုက်တာနော်

ရွှေမန်း= အဲ့ ။ အဲ့ ။ အဲ အချိန်တော့တန်ပြီ ။ ကိုယ့်ရွှေခွက်ကြီး ကိုယ် ပြန်ရအောင် ပြန်ပြီးတော့ သိမ်းလိုက်အုံးမယ် အိမ်အပြန်လှအောင် ရွှေခွက်ကြီးပြန်ယူမှ နေရာကျ မယ် ။ အဟမ်း ။ ။ အဟမ်း ။ ။ (ဟဲ့ကောင်မလေး)၂ နင်ငိုနေတာ ငါမကြည့်ရက်နိုင်လို့ ရော့ ဟောဒီမှာ နဲနဲ နင့်ရွှဲလေးတွေကို ပေးလိုက်မယ် ပေးစမ်း ဒီ ခွက်ကြီးကို ...

မြေး = အလို ကိုအဝှာ ဒီတစ်ခါ ညာအုံးမလို့လားနော် ။ ။

မန်း = ဘာလဲဟ

မြေး = အလိုကိုအဝှာ ဒီတစ်ခါ ညာအုံးမလို့လားနော် ။ ။

မန်း = ဘာတုံးဟာ

မြေး = (သူများပစ္စည်းမတရားယူပြီး ကြီးပွားချင်တဲ့လူပါ တော်)၂ ခေါင်းပုံဖြတ်အမြတ်ကြီးစားတာသင်က၊ သင် က ပထမဗွေဆောင်(တမင်သက်သက် ကျုပ်ရွှေခွက် ကိုတော့)၂

မန်း = ဘယ်ကရွှေခွက်ရမှာလဲ

မြေး = ပဲဝက်မျှလောက် မတန်ဘူးတဲ့ သင်အမှန်ရှုးလို့ (ဆို ပြန်သော်)၂ (သင့်မှာလေ လောဘတွေ မသိမ်းဆည်း နိုင်လို့ အလာကောင်းပေမယ့်၊ အခါနှောင်းပြီနော်)၂

မန်း = နင်ဘာတွေပြောနေလဲ

မြေး = ဟိုရွှဲကုန်သည် အမောင်ရဲ့လက်ကို အသပြာတစ်

ထောင်နဲ့ ပေးအပ်လိုက်ပြီတော် (ကျုပ်ရွှေခွက်နဲ့)၂
အသင်နဲ့သာ လွဲ. . လွဲ. . ချော်. .

မန်း = ရွှေ. . ရွှေ. . ရွှေခွက် အံမယ်လေး ရွှေခွက်ပါသွားပြီဗျာ. . . အမယ်လေး ကျုပ်ရွှေခွက်ပါသွားပြီ အမယ်လေး . . . အဖေ အမေတို့ရေ ငါရရမယ့် ရွှေခွက်ငါနဲ့ထိုက်တဲ့ရွှေခွက်ပါသွားပြီ၊ အမလေး ကယ်ကြပါအုံး၊ အဖေတို့အမေတို့ရယ်၊ အမယ်လေး၊ ကျုပ်သူတော်ကောင်းကြီးကို ကယ်ကြပါအုံးတော်. .

အများ = ဟား . . . ဟား . . . ဟား . . . .

မန်း = ဖေတစ်သတ် ပူစရာပါဗျာ (ရွှေခွက်ကိုယူလို့သွားတာကြောင့်)၂ သူမတရားပေါင်ဗျာ၊ လောဘကြီးလိုက်တာက အမယ်လေး ခုတော့ ကျုပ်သောကမီးတွေပွါး ဟားဟားဟား သောကမီးတွေပွါး ဟားဟားဟား အံမယ်လေး ရွှေခွက်ပါသွားပြီ ဟားဟားဟား

အများ = ဟ . . . ဟ . . . ဟ. . ဘာတုံး . . ဘယ်လိုဖြစ်ကြတာတုံး ဟဲ့ ခလေးမ

မြေး = ဘာဖြစ်ရမှာလဲတော့ သူများပစ္စည်း မမှန်ကန်တဲ့နည်းနဲ့ စီးပွားရှာချင်လို့ ခုတော့ လောဘတွေတောက် အရှုံးဘဝရောက်နေပြီလေ။

အများ = ဩော် . . . . .

မန်း = (အမယ်လေး)၂ ဟော့ ဟိုလူ ငါ့ရွှေခွက်ယူသွားတာလား ဟော့ကောင်ပေးကွာ (ငါ့ရွှေခွက်ပေးကွ/ဟ)၂

အများ = ဟာ ... လောဘကောင်ကြီးကလည်း
မန်း = ဟော့ ဟော့ ဒီဘက်ကလူ (ပေးအုံး)[၂] ဟို ပုဆိုးကြား ထဲမှာရှိတယ် ရွှေခွက်ထုတ် ရွှေခွက်ကို ထုတ်ပေး
အများ = ဟယ် ... ဒုဇ်ဝ
မန်း = ဟောဟို အစ်မတွေ ငါ့ရွှေခွက်ယူသွားတာ နင်တို့ ပေး ပေး ပေးဟာ ငါ့ရွှေခွက်ပေး
မ = အို ဥစ္စာရှူးက
မန်း = အံမယ်လေး ဟဲ့ ဟိုကောင်မလေး ဘယ်ပြေးမလို့ လဲ လာခဲ့၊ လာခဲ့
မ = အရူးကလည်းတော် ဒါလောက်တောင် လောဘကြီး နေတာ၊ ရူးရုံတောင်ကိုမကဘူး၊ နှမ်းတောင်နှမ်းအုံး မယ်၊ ဒီလိုကောင်မျိုးတော့။
မန်း = အမယ်လေး ကယ်ကြပါအုံးနော်၊ အမယ်လေး၊ အခြေစိုက်ကြီးတာပါခင်ဗျာ၊ ရွှေမှန်းသိတာ၊ ရွှေမှန်း (သိတာ)[၂] အလကားလိုချင်မိတာကြောင့်၊ စကားဆို ရင် နှိမ်ကာဖိခဲ့တဲ့ဗျာ၊ ဟင်းဟင်းဟင်း ခုတော့ဖြင့် မရှိတော့ပါကလား၊ ဟေ ဟေ ဟော၊ ခုတော့ဖြင့် မရှိတော့ပါကလား ဟေဟေဟေ သူမှန်တာပြောလို့ ယူသွားပလေ ဟီးဟီးဟီး
အများ = ဟား ဟား ဟား
မန်း = (ပေး)[၄] ငါ့ရွှေခွက်ပေး၊ မပေး ပေးပေးပေး ငါ့ရွှေခွက် ပေး) ဟား ဟား ဟား (သောတရှင်တဲ့ ပရိသတ်

တွေ၊ အိုကျုပ်အကုန်သိပါသလေ)၂ (ရွှေဆိုရင် ငွေဆိုရင်)၂ လိုချင်တဲ့လူတွေကြီးပဲ၊ ဟုတ်ဘူးလား ခင်ပျား။

အများ = ဟား ဟား ဟား

မန်း = (ပေး)၄ ငါ့ရွှေခွက်ပေး) (မပေးပေးပေးပေး ငါ့ရွှေခွက် ပေး) (အရင်မိန်းမဖို့ရွှေ ဒီရွှေ၊ နောက်မိန်းမဖို့ ရွှေ ဒီရွှေ)၂ )အဟုတ်ပ မုချမသွေ ကျုပ်ရမဲ့ ဒီရွှေ ဒီရွှေ)၂ ကံခေလို့ဆိုချင်တော့ အမှန်ခြေထိုးလို့ ယူသွားတဲ့ ရွှေ. . . ရွှေ. . . ရွှေ. . . . ရွှေ. . . .

အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်နှင့် အဖွဲ့သားများ ၏ ပြောင်မြောက်သောအနုပညာ စွမ်းရည်ဖြင့် တင်ဆက်ကပြ ခဲ့သည့် ရွှံကုန်သည်ဇာတ်လမ်းဇာတ်ကွက်သည် ပွဲကြည့် ပရိသတ် ပြည်သူတို့အတွက်၊ ပညာပေး ဇာတ်တော်ကြီးတစ်ခုအဖြစ် နှစ် ပေါင်းများစွာ အောင်မြင်မှုမှတ်တိုင် စိုက်ထူနိုင်ခဲ့ပါသည်။ အလော ဘ၊ အဒေါသ၊ အမောဟ ပြည့်စုံသည့် ဘုရားလောင်းရွှံကုန်သည် ကို ပိုမိုကြည်ညို သဒ္ဓါပွါးမိသလို၊ လောဘ၊ ဒေါသ၊ မောဟမီး တဟုန်းဟုန်းတောက်လောင်၍ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမ နဿ၊ ဥပါယာသ တို့ဖြစ်ကာ နှလုံးကြေကွဲသေပွဲဝင်ရသည့် သူ ယုတ်မာရွှံကုန်သည်ကိုကြည့်၍ သံဝေဂတရား ပွားများမိပါသည်။ ဇာတ်ပေါင်းသော် သူတော်ကောင်းရွှံကုန်သည်သည် ဂေါတမ မြတ်စွာအလောင်းလျာ ဖြစ်၍ သူယုတ်မာရွှံကုန်သည်မှာ ဘုရား ရှင်အား ဘဝပေါင်းများစွာ အငြိုးအတေးဖြင့် ဒုက္ခပေးခဲ့သော

အရှင်ဒေဝဒတ်လောင်းပင် ဖြစ်ပေသည်။ အရှင်ဒေဝဒတ်သည် ဘုရားရှင်အား မြေမျိုနေသည့်အချိန်လေးတွင် နောင်တကြီးစွာဖြင့် အပြစ်ကိုဝန်ခံကာ ရှိသေစွာ ကန်တော့ခဲ့ပေသည်။ ဤကန်တော့ရသော ကုသိုလ်စွမ်းအားကြောင့် အရိမေတ္တေယျဘုရား မပွင့်မီ ဤဘဒ္ဒကမ္ဘာဝယ် "အဋ္ဌိဿရ" မည်သော ပစ္စေကဗုဒ္ဓါဘုရားငယ်တစ်ဆူအဖြစ် ပွင့်တော်မူလိမ့်မည်ဟု ဗုဒ္ဓ၏ဗျာဒိတ်တော်ကို ရရှိသွားလေသည်။ သို့ပါသော်လည်း၊ ဘုရားရှင်အား ပြစ်မှားခဲ့သည့် အကုသိုလ်ဝိပါတ်ကြောင့်၊ အဝီစိငရဲသို့ အရှင်လတ်လတ် ရောက်သွားခဲ့ရသည်မှာ လွန်စွာသံဝေဂရဖွယ် ဖြစ်ပါသည်။

ကျွန်မတို့ဘုရားဖူးများလည်း ဟိုတစ်စု သည်တစ်စုဖြင့် ဂိဇ္ဈကုဋ်တောင်မှ ဆင်းပြီး ဆက်လက်ထွက်ခွာလာရာ ဆရာဇီဝက၏ သရက်ဥယျာဉ်သို့ ရောက်ရှိပါသည်။ ဘုရားဖူးတစ်ချို့လည်း ဆရာဇီဝက ဥယျာဉ်တွင်းသို့ရောက်သည်နှင့် မြေပေါ်ပေါက်ရောက်နေသော အပင်ကလေးများကို ဆေးဖက်ဝင်သည်ဟူ ယူဆပြီး၊ အမှတ်တရ ခူးယူကြသည်။ သူ့အယူအဆနှင့်သူမို့ ဘာမျှမဝေဖန်လိုသော်လည်း စာရေးသူဥယျာဉ်တွင်းသို့ လှည့်ပတ်ကြည့်သောအခါ လာသမျှဘုရားဖူးအဖွဲ့များ ခူးယူကြမှုကြောင့် မည်သည့်အပင်မျှ ကြီးကြီးမားမား မရှိကြတော့ပါ။ မြက်ပင်ကြားတွင် ပေါက်ရောက်နေသည့် အပင်ကလေးများပင် မရှိသလောက် ရှားနေပြီဖြစ်ပါသည်။ စာရေးသူအနေဖြင့် အပင်ကလေးများကို ခူးယူရန် စိတ်မပါ။ ဥယျာဉ်ပိုင်ရှင် ဆေးဆရာကြီး ဇီဝက၏ ဘဝဖြစ်စဉ်ပုံရိပ်ကိုသာ ပြန်လည်တွေးတောနေမိပါတော့သည်။

ဆရာဇီဝကသည် အဘယမင်းသားနှင့် ရာဇဂြိုဟ်မြို့သူ သာလဝတီမည်သော ပြည့်တန်ဆာမတို့မှ မွေးဖွားသည်။ အရွယ်ရောက်သော် တက္ကသိုလ်ပြည်မှ ဒိသာပါမောက္ခဆရာကြီးထံတွင် ဆေးပညာသင်ယူခဲ့သည်။ ခုနစ်နှစ် ပြည့်မြောက်သောအခါ ဆေးပညာကို ကုန်စင်အောင် အထူးကျွမ်းကျင်တတ်မြောက်သွားသည်။ ရာဇဂြိုဟ်သို့ပြန်လာရာ လမ်းခုလပ်တွင် ပထမဦးစွာ သူဌေးကြီးတစ်ဦး၏ ဇနီးတွင် စွဲကပ်နေသော ဦးခေါင်းကိုက်ခဲနာကို ကုသအောင်မြင်ခဲ့သည်။ ဒုတိယအကြိမ် ဗိမ္ဗိသာရမင်းကြီး၏ သွေးမြင်းသရိုက်နာကို လက်သည်းခွံပေါ် ပါသည့်ဆေးကို တစ်ခါလိမ်းရုံဖြင့် ပျောက်စေသည်။ တတိယအကြိမ် ရာဇဂြိုဟ်မြို့ သူဌေးကြီး တစ်ဦး၏ ဦးယဉ်းခေါင်းခဲနာကို နှာဆေးတန်ခိုးဖြင့် သူဌေးကြီးအား အိပ်ပျော်စေပြီး၊ ဦးခေါင်းရေကို ဓါးငယ်ဖြင့် လှစ်ကာ၊ ဦးနှောက်ကိုစားသည့် ပိုးနှစ်ကောင်ကို ထုတ်ယူပြီး အသက်ကယ်တင်ခဲ့သည်။ စတုတ္ထအကြိမ်တွင် အူထုံးသည့် ဝေဒနာခံစားနေရသော ဗာရာဏသီမှ သူဌေးသားတစ်ဦးကို ခွဲစိတ်ကုသ၍ အသက်ရှင်စေနိုင်ခဲ့သည်။ ပဉ္စမအကြိမ်တွင် စမ္ပါနဂိုရ် ပြည်မှ စဏ္ဍပဇ္ဇောတမင်း၏ မစားမသောက်နိုင်သောရောဂါကို ထောပတ်နှင့် ဆေးရောစပ်၍ တိုက်ကျွေးကာ ပျောက်ကင်းစေခဲ့သည်။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်ကိုလည်း စမြင်းဒေါသကြောင့် ဖြစ်ပေါ်လာသော ရောဂါဝေဒနာကို ပျောက်ကင်းသက်သာအောင် ကုသပေးခဲ့သည်။ အရှင်ဒေဝဒတ်၏ လုပ်ကြံမှုကြောင့် ခြေမတော်တွင် သွေးစိမ်းတည်သည်ကိုလည်း သက်သာပျောက်ကင်းအောင် ကုသပေးခဲ့သည်။ ဤ

ကဲ့သို့ ဆေးကုသမှု ကျွမ်းကျင်သည်မှာ ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်က ဆရာဇီဝကအလောင်းသည် ဥပသကာတစ်ဦး ဖြစ်ခဲ့သည်။ သီလဝမည်သော ဆေးသမားကြီးကိုမြင်လျှင် **(ငါသည်လည်း ဤသူကဲ့သို့ ဘုရားရှင်၏ အလုပ်အကျွေး ဆေးသမားဖြစ်ရပါလို၏)** ဟု တောင့်တလျက် ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးပေးကာ ဆုပန်ခဲ့ခြင်းကြောင့်ဖြစ် သည်ဟု ဖတ်မှတ်ဖူးခဲ့သမျှကို တွေးရင်း ဆေးဆရာကြီးဇီဝကကို ရိုသေလေးစားမြတ်နိုးမိပါသည်။ ထို့နောက် ကျွန်မသည် ဆရာ ဇီဝက ကျောင်းဆောက်၍ လှူဒါန်းခဲ့သော ဤသရက်ဥယျာဉ်တွင် ထိုင်လျက် မြတ်စွာဘုရားရှင်အား ရည်မှန်းကာ ရိုသေစွာ ပူဇော် ကန်တော့ခဲ့ပါသည်။

ထိုမှတစ်ဖန် ပဏ္ဍဝတောင်ခြေ၌ ရှေးခေတ်ကုန်သည်များ လှည်းဖြင့် လှည့်လည်သွားလာခဲ့သည့် နေရာတွင် ကျောက်သား ပကတိဖြစ်နေသည့် ကျောက်ဘီးရာ၊ ကျောက်သားလမ်းကြောင်း များကိုလည်း ကြည့်ရှုလေ့လာခဲ့ပါသည်။

ထိုမှ ကျွန်မတို့သည် ဗိမ္ဗိသာရ အကျဉ်းထောင်နေရာသို့ ဝင်ရောက်ကြည့်ရှုကြပါသည်။ အမှတ်အသားအဖြစ် နံရံလေး ဘက်တွင် ကျောက်တုံးကြီးများ ကာရံထားသည့် စတုရန်းပေ နှစ်ရာ့နှစ်ဆယ်ခန့်လောက်သာ ရှိသည့် မြေကွက်ကိုတွေ့ရှိပါသည်။ အဝင်ဝတွင် ဗိမ္ဗိသာရအကျဉ်းထောင်ဟု ရေးသားထားသည့် ဆိုင်းဘုတ်တစ်ခု ရှိပါသည်။ အကျဉ်းထောင်ပတ်ဝန်းကျင်ကို လေ့ လာကြည့်ရှုရင်း ကျွန်မ၏ အတွေးထဲတွင် သီချင်းစာသား အပိုင်း

အစလေး ပေါ်လာပါသည် "**အဘကိုသာ သတ်မယ့်သားလို့ ပုဏ္ဏာတော်များ ဟောကြားခဲ့တာ၊ ဖခင်ဘုရားကြီးမှာ မကြားလိုပါ မကြားလိုပါ သတ်လိုလျှင် သတ်ပါစေတော့ မလျှော့သော မေတ္တာတွေပါ သီတာရေစင်ပမာ တသွင်သွင်စီးဆင်းပေတာ**" မြင့်မိုရ်တောင်ထုမက ကြီးမားလှသည့် ဖခင်တစ်ယောက်၏ အနှိုင်းမဲ့မေတ္တာကို ဖေါ်ပြထားသော စာသားလေးတွေ စိတ်အာရုံမှာ ပေါ်လာသည့်အခါ ဗိမ္ဗိသာရမင်းကြီးကို ကြည်ညိုလေးစားကရုဏာပွား သနားမိပါသည်။ တဆက်တည်းမှာပင် မေတ္တာရှင်ဗိမ္ဗိသာရမင်းနှင့် သားမိုက် အဇာတသတ်တို့၏ နှလုံးသွေးပျက်ရသော ဇာတ်လမ်းတစ်ပုဒ်ကို စိတ်အတွေးအာရုံတွင် ပြန်လည်မြင်ယောင်၍ လာပါတော့သည်။

■

**မေတ္တာကြီးမား ဗိမ္ဗိသာရမင်းတရား**

ဘုရားရှင်လက်ထက်တော်တွင် အရှင်ဒေဝဒတ်သည် လောကီဈာန်အဘိညာဉ်ရရှိသော ရဟန်းတစ်ပါးဖြစ်သည်။ အရှင်ဒေဝဒတ်သည် အဇာတသတ်မင်းသားအား ဈာန်တန်ခိုးဖြင့် အမျိုးမျိုးဖန်ဆင်းပြကာ စည်းရုံးခဲ့သည်။ အရှင်သည် အဇာတသတ်မင်းကိုလည်း မင်းစည်းစိမ်ကို ငယ်ရွယ်စဉ်မှာပင် ခံစားနိုင်ရန်အတွက် ဖခမည်းတော်ကို သတ်ရန်နှင့် သူကိုယ်တိုင်လည်း မြတ်စွာဘုရားရှင်အား သတ်ပြီး ဘုရားလုပ်ရန် ဆိုးဝါးရက်စက်လှသည့်အကြံကို ဆရာတပည့်နှစ်ဦး ပူးပေါင်းကြံစည်ခဲ့ကြသည်။ အဇာတသတ်မင်းသားသည် ခမည်းတော်အား သတ်ရန်ကြံစည်မှုမှာ ပထမအကြိမ်တွင် မအောင်မြင်ခဲ့ပေ၊ သို့သော် ဗိမ္ဗိသာရမင်းကြီးသိရှိ၍ သားတော်ကို ကြည်ဖြူစွာပင် ထီးနန်းလွှဲပေးခဲ့သည်။ သို့သော် အရှင်ဒေဝဒတ်မှ မင်းသားအား "**ရန်မီး ဟူသည် အဆုံးရောက်အောင်ရှင်းမှ စိတ်ချရမည်**" ဟုမြှောက်ပင့်ပြောဆို သွေးထိုးပြန်

ပါသည်။ သို့အတွက် အဇာတသတ်မင်းသားက ဖခင်အား သတ်ရန် မည်သို့ပြုလုပ်ဆောင်ရွက်ရမည်နည်း ဟု အရှင်ဒေဝဒတ်အား ဆရာတင်၍ မေးမြန်းပါသည်။ အရှင်ဒေဝဒတ်မှ **"နှောင်အိမ်ထဲချုပ်ထား၊ အစာရေစာကို ဖြတ်ပြီး လုပ်ကြံရင် အပြစ်မရှိဘူး"** ဟု အကြံဆိုး ပေးပြန်သည်။ ထို့ကြောင့် အဇာတသတ်မင်းသည် ခမည်းတော်အား အကျဉ်းချရန် အမတ်တို့အား အမိန့်ပေးခဲ့သည်။ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားကို လွန်စွာကြည်ညိုသောကြောင့် ဂိဇ္ဈကုဋ်တောင်ပေါ်တွင် မြတ်စွာဘုရားရှင် စင်္ကြံ ကြွနေသည်ကို ဖူးတွေ့နိုင်သောနေရာ၌ ချုပ်နှောင်ပါရန် တောင်းဆိုရှာသည်။

အဇာတသတ်မင်းသည် မယ်တော်မှလွဲ၍ မည်သူမျှ အကျဉ်းထောင်ထဲသို့ မဝင်ရ၊ အစာအာဟာရ မကျွေးရ၊ ကျွေးသူ မင်းဒဏ်သင့်စေဟု အမိန့်ချမှတ်ထားပါသည်။ မယ်တော်ဝေဒေဟီမိဖုရားကြီးက ထမင်းထည့်ထားသည့် ရွှေခွက်ကို ခါးပိုက်ထဲတွင် ဝှက်ပြီးကျွေးရသည်။ အဇာတသတ်မင်း သိသွားသည့်အခါ ဆံထုံးထဲတွင် မုန့်လုံးများထည့်ပြီးကျွေးသည်က တစ်ဖုံ၊ ရွှေခြေနင်းထဲထည့်ပြီး ကျွေးသည်ကတစ်နည်း။ တစ်ကိုယ်လုံးသန့်စင်အောင်ပြုလုပ်ပြီး နံ့သာမှုန့်နှင့် စတုမဓုပျစ်ပျစ်ရော၍ ကျောပြင်တွင် လိမ်းကျံပြီးတစ်မျိုး၊ နည်းလမ်းအသွယ်သွယ်နှင့် မင်းကြီး၏ ဆာလောင်မွတ်သိပ်မှုကို ပါရမီဖြည့် ဆောင်ရွက်ပေးခဲ့သည်။ မင်းကြီး ကြားသိသောအခါ မယ်တော်အား အကျဉ်းထောင်သို့ ဝင်ခွင့်မပေးတော့ပေ။ ဗိမ္ဗိသာရမင်းကြီးသည် အစာရေစာ မမှီဝဲရ

သော်လည်း ချောက်ချား တုန်လှုပ်မှုမရှိပဲ မိမိရရှိထားသော မဂ်ဖိုလ်ချမ်းသာကို ခံစားပြီး၊ စင်္ကြံ ကြွရင်းဖြင့် ဣရိယာပုထ်မျှတတော်မူသည့်အတွက် အသားအရေသည် ရှေးကထက်ကြည်လင်ပြီး အသက်ရှည်ချမ်းသာတော်မူသည်။

အဇာတသတ်မင်းကြားသိသောအခါ ခမည်းတော် စင်္ကြံမလျှောက်နိုင်အောင် ခြေဖဝါး ဓါးနဲ့မွန်း၊ ဆားလူး မီးကင်ရန် အမိန့်ချမှတ်သည်။ ထိုအခါမှာ ဗိမ္ဗိသာရမင်းကြီးသည် ဝေဒနာပြင်းထန်လွန်းသည့်အတွက် လွန်စွာတုန်လှုပ်ပြီး ***"အဟောဗုဒ္ဓါ၊ အဟောဓမ္မော၊ အဟောသံဃော"*** **ဆိုသည့်အသံကို နှလုံးသွင်းရင်း ကံတော်ကုန်သွားရှာပါသည်။**

သောတာပန်အဖြစ် ကံကုန်ခြင်းကြောင့် စတုမဟာရာဇ်နတ်ပြည်၌ နတ်သားတစ်ပါး ဖြစ်သွားပါသည်။ ဗိမ္ဗိသာရမင်းကြီး ခြေဖဝါးဓါးခွဲခံရသည်မှာ အတိတ်ဘဝက ဝဋ်ကြွေးကြောင့်ဖြစ်သည်။ အတိတ်ဘဝတစ်ခုတွင် စေတီရင်ပြင် ပန်းတင်ခုံ၌ ဖိနပ်စီးပြီး သွားဖူးသည့်မကောင်းမှု၊ သံဃာတော်များအတွက် ခင်းကျင်းထားသည့် နေရာကို ရွှံ့ညွန်များ ပေကျံနေသည့် ခြေနှင့်နင်းဖူးသည့် မကောင်းမှု၏ အကျိုးဆက် အကုသလဝိပါက်ပင်ဖြစ်ပါသည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ၊ မိမိထက်အသက်အားဖြင့်ကြီးသူ၊ ဂုဏ်အားဖြင့်ကြီးသူများကို ဂါရဝပြုမှုမရှိသူသည် အကြောင်းကြောင့် အကျိုးဖြစ်ပြီး ဝဋ်ကြွေးခံရမှာပါကလား ဟု သံဝေဂယူမိပါသည်။

**ဆရာတင်များ၏ တစ်သံသရာလုံးမှောက်သည့်**
**အဇာတသတ်မင်းသား၏ နေဝင်ချိန်**

ဗိမ္ဗိသာရမင်းကြီး ကံတော်ကုန်သည့်အချိန်နှင့် တစ်ပြိုင်နက်မှာပင် အဇာတသတ်မင်း၏ မိဖုရားမှ သားတော်လေး တစ်ပါးဖွါးမြင်သည်။ အမတ်တို့သည် အဇာတသတ်မင်းအား မင်္ဂလာရှိသောသတင်းကို ဦးစွာတင်လျှောက်သည်။ အဇာတသတ်မင်းသည် သား၏ချစ်ခြင်းဖြင့် မယ်တော်ဝေဒေဟီ မိဖုရားကြီးကို ဖခင်၏ မေတ္တာအကြောင်းမေးလေသည်။ ဤနေရာတွင် ဗိမ္ဗိသာရရုပ်ရှင်ကားမှ စွယ်စုံအနုပညာရှင် အကယ်ဒမီ ဒေါ်ကြည်ကြည်မြေးနှင့် အဇာတသတ်အဖြစ် သရုပ်ဆောင်သော ပြည်သူ့အသည်းစွဲ အကယ်ဒမီဝင်းဦးတို့၏ ဇာတ်ဝင်ခန်းတေးတစ်ပိုဒ်ကို ပြန်လည်ကြားယောင်မိပါသည်။

**"မယ်တော်ဘုရားရယ်၊ စကားတစ်ခွန်းလောက် မေးစမ်းပါရစေ၊ အကျွန်ုပ်၏ မွေးသဖခင်သည်၊ ချစ်ပါသလော မေတ္တာသဘော ပြောပြပါ၊ အခါခါ မေးလေသည်"**

**"ဝေဒေဟီ ဖြေမဆည်နိုင်ပြီ၊ ချစ်တာတွေ အမေပြောပြပါမည် ခမည်းတော်ဘုရားရဲ့ အပေါ် အထင်တော် မမှားသင့်ပြီ၊ မင်းအပေါ် ကြင်နာသနားတာတွေက ပိုပါသည်...**

**သားလူမမည်၊ ငယ်ရွယ်စဉ်က အတည့်....တစ်ကျွန်းခူနာကြီးရယ်ကြောင့်... ..ယောင်ညာညာ့ကာ ငိုရှာသည်..**
**..မောင့်ဖခင် အာခံတွင်းမှာ သွင်းကာ သိပ်ရသည်.... ချစ်လှတဲ့သားပေမို့ အမေရင်ထုကာ မရှုရက်နိုင်ပါပြီ.. မင်းအနာ**

**မသတီလောက်စရာယ. . . ပြည်ပေါက်တာတောင် မျိုကာ ချရှာသည်"**

ဇာတ်ကွက်ထွင်ကာ ရိုက်ကူးထားခြင်းမဟုတ်၊ ဘုရားရှင် လက်ထက်တော်က အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် ရင်နင့်ဖွယ်၊ ကြေကွဲဖွယ်၊ ဇာတ်လမ်းဖြစ်ပါသည်။ ထိုမှတစ်ဖန် မယ်တော် မိဖုရားကြီးက ဗိမ္ဗိသာရမင်းကြီးသည် မိမိကို သတ်မည့်သားဟု သိသော်လည်း မိဘမေတ္တာဖြင့် ကိုယ်ဝန်ကို မဖျက်ဆီးရန်၊ တောင်း ပန်ခဲ့ပုံ၊ အဇာတသတ်မင်းကို ကိုယ်ဝန်ရှိစဉ်က မင်းကြီး၏ လက် မောင်းသွေး သောက်လိုသော ချင်ခြင်းဖြစ်သဖြင့် ဖခင်မှ လက် မောင်းသွေး ဖေါက်၍ တိုက်ခဲ့ပုံတို့ကို ပြောဆိုကာ၊ မေတ္တာ တရား ကြီးမားသည့် ဖခင်ကြီးကြောင့်သာ လူဖြစ်လာရသည်ကို မငဲ့ညှာ သင့်ထက် ယုတ်မာသည့်သားမျိုးသည် လူ့ပြည်မှာ မရှိပါ ဟု ရင်နင့် ကြေကွဲ ဝမ်းနည်းစွာပြောရှာသည်။

**ထိုအခါမှ အဇာတသတ်မင်းသည် နောင်တကြီးစွာ ရတော်မူ၍ *"ငါ့ခမည်းတော်ကို နှောင်အိမ်မှ လွှတ်စေ"*ဟု** အမိန့် ပေးပါသည်။ အမတ်တို့လည်း မင်းကြီးနတ်ရွာစံပြီဖြစ်ကြောင်း လျှောက်ထားကြကုန်၏။ ထိုအချိန်မှ စ၍ အဇာတသတ်မင်းသည် စားမဝင် အိပ်မပျော် စိတ်နှလုံး လွန်စွာ တုန်လှုပ် ချောက်ချားလျက် ရှိသည်။ တစ်ဖက်တွင်လည်း သူ၏ဆရာ အရှင်ဒေဝဒတ် မြေမျို သည့်သတင်းကို ကြားသိထား၍ ဆောက်တည်ရာမရ ဖြစ်ရသည်။ နောက်ဆုံးတွင် တန်ဆောင်မုန်းလပြည့်နေ့ ညဥ့်ဦးလာခံတွင် "ငါ **ကိုယ်တော်မြတ် ခံစားနေရသည့် ဒုက္ခဝေဒနာကို မည်သူ ကယ်**

တင်နိုင်မည်နည်း''ဟု မေးတော်မူသည်။ မင်းလိုလိုက် မင်းကြိုက် ဆောင်သည့် အမတ်များက သူတို့ကိုးကွယ်သော တိတ္ထိဆရာကြီး များကို ညွှန်ပြကြသည်။ ဆရာဇီဝက ကမူ ဆိတ်ဆိတ်သာနေ၏။

ထိုအခါ အဇာတသတ်မင်းက ''အချင်းဇီဝက၊ သင်ဘာ ကြောင့် အကြံမပေးသလဲ၊ ဖခမည်းတော်ရော ငါကိုယ်တော်ရှင် မြတ်ပါ မြှောက်စားသူကောင်းပြုပါလျက်၊ သင်ဘာကြောင့် ဆိတ် ဆိတ်နေပါသလဲ၊ သင့်မှာ ဆရာကောင်းမရှိဘူးလား'' ဟုမေး တော်မူပါသည်။ ဆရာဇီဝကသည် မြတ်စွာဘုရားရှင် သီတင်းသုံး တော်မူရာ သရက်ဥယျာဉ်တွင်းရှိ ကျောင်းတော်သို့ လက်အုပ် ချီမိုး ရှိခိုးပူဇော်၍ ''လောကသုံးပါးတွင် သီလ၊ သမာဓိ၊ ပညာ အရာ၌ အတုမရှိသော မြတ်စွာဘုရားရှင်သည် အကျွန်ုပ်၏ ဆရာဖြစ်ပါသည်။ အရှင်မင်းကြီး ဆည်းကပ်ကိုးကွယ်တော်မူပါ၊ အရှင် ခံစားနေရသော ဝေဒနာသည် လျင်စွာ သက်သာပျောက် ကင်းပါလိမ့်မည်'' ဟု လျှောက်ထားလေသည်။

အဇာတသတ်မင်းလည်း သရက်ဥယျာဉ်တွင် သီတင်းသုံး နေသော မြတ်စွာဘုရားရှင်ထံ အခြွေအရံများစွာနှင့် ညတွင်းချင်း သွားရောက်လေသည်။ အဇာတသတ်မင်းသည် မြတ်စွာဘုရား ရှင်၏ ဣန္ဒြေတော်ကို မြင်ကာမျှနှင့် လွန်စွာကြည်ညိုသဒ္ဓါပွား ကာ ရှိသေစွာ ရှိခိုးကန်တော့သည်။ မြတ်စွာဘုရားရှင်သည် အဇာ တသတ်မင်းအား သာမညဖလသုတ်(ရဟန်းပြုရခြင်း၏ အကျိုး ကျေးဇူး)ကို ဟောတော်မူပါသည်။ အဇာတသတ်သည် သာသနာ တော်ကို များစွာ ချီးမြှောက်တော်မူသော မင်းဖြစ်လာပြီး မြတ်စွာ

ဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးနောက်တွင် ပထမသင်္ဂါယနာတင် သာသနာပြုဘုရင်တစ်ပါး ဖြစ်လာပါသည်။ အဇာတသတ်မင်း သည်လည်း နန်းစည်းစိမ် (၃၂)နှစ်တွင် သားတော် ဥဒယဘဒ္ဒ က လုပ်ကြံ၍ ကံတော်ကုန်ခဲ့ပါသည်။ ဖခင်ကို သတ်ခဲ့သည့် ပိတုဃာတက ကံကြောင့် လောဟကုမ္ဘီငရဲတွင် အနှစ်ခြောက် သောင်းခံရပြီး၊ အရိမေတ္တေယျ ဘုရားရှင် ပွင့်တော်မမူမီ **ဝိဇိတာဝီ** အမည်ရ ပစ္စေကဗုဒ္ဓါ ဖြစ်မည်ဟု ဗျာဒိတ်တော် ရရှိထားပါသည်။

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်မှာ အမှန် တကယ် ဖြစ်ပျက်ခဲ့ရသည့် ရာဇဂြိုဟ်၏ ကြေကွဲဝမ်းနည်းစရာ၊ သတိပြုစရာများကို မှတ်သားရင်း စာရေးသူအနေဖြင့် ရာဇဂြိုဟ် တွင် ရောက်ရှိနေခိုက် ရင်ထဲအသည်းထဲမှာ တိုးဝင်လာသော ဖြစ်ရပ်မှန်ဇာတ်လမ်းများကြောင့် လွမ်းမျက်ရည်ကျ သံဝေဂပွား မိပါတော့သည်။

## ရာဇဂြိုဟ်မြို့၏ ဗုဒ္ဓခေတ် သမိုင်းဝင်နေရာတော်မြတ်များ

ထိုမှ ဆက်လက်၍ ဗိမ္ဗိသာရမင်းကြီး၏ ဘဏ္ဍာတိုက်သို့ ရောက်ရှိပါသည်။ ၎င်းဘဏ္ဍာတိုက်သည် ဝေဘာရတောင်ခြေ တွင်ရှိပါသည်။ ကျောက်တောင်ကို ထွင်း၍ ဂူပြုလုပ်ထားခြင်း ဖြစ်ပါသည်။ စာရေးသူလည်း နေအလွန်ပူနေသဖြင့် ကားပေါ်မှ မဆင်းဖြစ်တော့ပါ။ သမိုင်းဝင် အမှတ်တရအဖြစ် မှတ်တမ်းတင် ဓါတ်ပုံကိုသာ ရိုက်ခဲ့ပါသည်။

ထိုမှ တစ်ဖန် မြတ်စွာဘုရားရှင်၏ ဓါတ်တော်များကို ဌာပနာ

ထားသည့် အဇာတသတ်မင်း တည်ထား ကိုးကွယ်ခဲ့သော ဓါတ်တော်တိုက်သို့ ရောက်ရှိပါသည်။ စာရေးသူတို့ ဘုရားဖူးအဖွဲ့လည်း မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ရှိသေစွာ ဦးခိုက်ဖူးမြော်ပူဇော်ကန်တော့ခဲ့ကြပါသည်။

ဆက်လက်၍ ဝေဠုဝန်ကျောင်းတော်ရာသို့ ရောက်ရှိခဲ့ပါသည်။ ဗိမ္ဗိသာရမင်းက ဝါးပင်များ အုပ်အုပ်ဆိုင်းဆိုင်းနှင့် လွန်စွာသာယာလှပသော ဝါးတောကြီးတွင် ဝေဠုဝန်ကျောင်းတော်ကို ဆောက်လုပ်၍ ဘုရားရှင်နှင့် သံဃာတော်များအား လှူဒါန်းခဲ့သည်ဟု သိရှိရပါသည်။ ဝေဠုဝန်သည် ဗုဒ္ဓသာသနာသမိုင်းတွင် ပထမဦးဆုံး သံဃိကကျောင်းတော်ရာ ဖြစ်ပါသည်။ ဝေဠုဝန်ကျောင်းတော်တွင် မြတ်စွာဘုရားရှင်သည် အရှင်သာရိပုတ္တရာအား ပညာအရာ၌ ဧတဒဂ်၊ အရှင်မောဂ္ဂလန်အား တန်ခိုးအရာ၌ ဧတဒဂ် အပ်နှင်းတော်မူခဲ့သည်။ ထို့ပြင်တစ်ဝ မြတ်ဗုဒ္ဓမှ ရဟန်းတော်အများ၊ စံထားပြုကျင့်ဖွယ်ရာ သိက္ခာပုဒ်၊ ပါတိမောက် တရား ဟောကြားတော်မူခဲ့ရာ နေရာလည်းဖြစ်ပါသည်။ မြတ်စွာဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်တွင် ဘုရားဖြစ်ပြီး ဒုတိယဝါမှ စတုတ္ထဝါအထိ သီတင်းသုံးတော်မူခဲ့ပါသည်။ ဘုရားမြတ်စွာသည် အလှမာန်တက်နေသော ခေမာမိဖုရားကြီးအား ဝေဠုဝန်ကျောင်းတော်တွင် တရားရေအေး အမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့ပါသည်။ တရားအဆုံးတွင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်မှသည် အရဟတ္တဖိုလ်သို့ အဆင့်ဆင့်ရောက်လေသည်။ ခေမာထေရီဘွဲ့အမည်ဖြင့် ပညာအရာ၌ ဧတဒဂ်ရတော်မူပါသည်။

စာရေးသူတို့အဖွဲ့၊ ဝေဠုဝန်ကျောင်းတော်ရာသို့ ရောက်သွားသောအခါ ကျောင်းအဝင် ညာဘက်တွင် ဝါးပင်များ ဝန်းရံလျက် အုတ်ကျောင်းဇရပ်ကြီးတစ်ခုကို တွေ့ရှိရပါသည်။ ပူပြင်းသောနေ၏ အပူရှိန်ကြောင့် အပြေးအလွှားပင် ဇရပ်ထဲသို့ ဝင်ခဲ့ကြပါသည်။ ဘုရားဖူးများ စုံသောအခါ ဇရပ်ထဲတွင် ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိ၍ ဘုရားရှင်နှင့် သံဃာတော်များအား ရည်မှန်းကာ ရိုသေစွာ ပူဇော်ကန်တော့ခဲ့ကြပါသည်။ ထိုမှ ဆက်လက်ထွက်ခွာလာရာ ကျောင်းဝင်းအတွင်း ဝါးရုံပင်အရင်းမြေအမြင့် တစ်နေရာတွင် အရှင်မောဂ္ဂလာန်၏ ဓါတ်တော်များ ဌာပနာခဲ့သော အထိမ်းအမှတ်စေတီရှိခဲ့ကြောင်း Guide မှ ရှင်းပြပါသည်။ ယခုအခါ စာရေးသူတို့မြင်တွေ့ခဲ့သည်မှာ ဘာသာခြားတို့၏ သင်္ချိုင်းနေရာဖြစ်နေသည်။ စာရေးသူအနေဖြင့် ဗုဒ္ဓဘာသာတို့၏ အထွတ်အမြတ်နေရာတိုင်းတွင် ဘာသာခြားတစ်မျိုးမျိုး ဝင်ရောက်နေရာယူထားသည်ကို တွေ့ရှိရသဖြင့် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ခဲ့ရပါသည်။ ရာဇဂြိုဟ်တွင် ဘုရားရှင်လက်ထက်တော်က ဝေဠုဝန်ကျောင်းအပါအဝင် ကျောင်းတော်ပေါင်း (၁၈)ကျောင်း ရှိခဲ့သည်ဟုလည်း မှတ်သားသိရှိခဲ့ရပါသည်။

ညနေ (၃း၀၀)နာရီခန့်တွင်၊ နာလန္ဒာဗုဒ္ဓတက္ကသိုလ်(သစ်)သို့ ရောက်ရှိကြပါသည်။ ၎င်းတက္ကသိုလ်ကြီးကို စတင်တည်ထောင်ခဲ့သူမှာ ဆရာတော်ဘိက္ခုကဿပအရှင် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၌ စတင်ပေါ်ထွန်းခဲ့သော ပါဠိဘာသာ၊ ဗုဒ္ဓစာပေကျမ်းဂန်များ ပြန်လည်ရှင်သန်လာရေး၊ ထေရဝါဒ ဗုဒ္ဓဘာသာ

ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်ရေးကို ဦးတည်၍ တည်ဆောက်ခဲ့ရာ ၁၉၅၆ ခုနှစ်၊ မတ်လ၊ (၂၀) ရက်၊ အင်္ဂါနေ့၊ ဗုဒ္ဓသာသနာ ၂၅၀၀ ပြည့်နှစ်တွင် နာလန္ဒာဗုဒ္ဓတက္ကသိုလ် (သစ်) ကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၎င်းတက္ကသိုလ်သို့ တက်ရောက်သင်ကြားကြသူ ရဟန်း၊ ရှင်လူများသည် အခြားတက္ကသိုလ်တစ်ခုခုမှ ပါဠိ၊ သမိုင်း၊ ဒဿနိက ဘာသာဘွဲ့ တစ်ခုခုရပြီးသူများ ဖြစ်ကြသည်။ မြန်မာနိုင်ငံမှ ရဟန်း၊ သံဃာတော်ဖြစ်လျှင် ပထမကြီးတန်းအောင် (သို့မဟုတ်) ဓမ္မာစရိယ အောင်ပြီးသူများ တက်ရောက်သင်ကြားနိုင်ပါသည်။ အင်္ဂလိပ်စာကျွမ်းကျင်စွာ တတ်မြောက်ထားသူဖြစ်လျှင် ဘွဲ့လွန် အမ်အေတန်းတွင် တိုက်ရိုက်သင်ကြားနိုင်ပါသည်။ ၎င်းတက္ကသိုလ်မှ အောင်မြင်သူများသည် BA (ဝိဇ္ဇာဘွဲ့)၊ MA (မဟာဝိဇ္ဇာဘွဲ့) Ph.D (ပါရဂူဘွဲ့၊ ဒေါက်တာဘွဲ့) များရရှိသည်။ မြန်မာနိုင်ငံမှ ရဟန်းတော်များ အများဆုံးတက်ရောက်ကြသည်။ စာသင်ကျောင်းသားများသည် ကျောင်းလခနှင့် အဆောင်စရိတ်ပေးစရာမလိုသော်လည်း စားသောက်စရိတ်အတွက် မိမိဘာသာ စီစဉ်ရသည်။ ယခုအခါ မြန်မာနိုင်ငံမှ လာရောက်သည့် ဘုရားဖူးအဖွဲ့များ လှူဒါန်းမှုကြောင့် ဆွမ်းစရိတ် သက်သာလာသည်ဟု ဘုန်းတော်ကြီးမှ ရှင်းပြပါသည်။

ထို့နောက် စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် မြန်မာဘုန်းတော်ကြီး စာသင်ကျောင်းများအတွက် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများကို စုပေါင်းလှူဒါန်းခဲ့ကြပါသည်။ ဦးပဉ္ဇင်း

တစ်ပါးကလည်း စာသင်ရဟန်းများကိုယ်စား ထေရဝါဒဗုဒ္ဓ သာသနာ ပြန့်ပွားနိုင်ရေးအတွက် ကြိုးကြိုးစားစား သင်ယူနေ ကြကြောင်း၊ ဘွဲ့ရပြီးလျှင် မြန်မာနိုင်ငံအပါအဝင် တိုင်းပြည်မြို့ ရွာအသီးသီးတွင် ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက်၊ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ လှူဒါန်းမှုအစုစုအတွက်လည်း ဝမ်းမြောက် ဝမ်းသာရှိပါကြောင်း ပြောကြားပါသည်။ စာရေးသူတို့ ဘုရားဖူး အဖွဲ့သားများလည်း အမျှပေးဝေ၊ သာဓုခေါ်ဆိုခဲ့ကြပါသည်။ စာ ရေးသူအနေဖြင့်မူ သာသနာပြု မြန်မာဘုန်းတော်ကြီးများအတွက် ဝမ်းသာဂုဏ်ယူမိရင်း ပီတိမျက်ရည်ကျကာ ဆို့နင့်သောအသံဖြင့် အမျှပေးဝေ၊ သာဓုခေါ်ဆိုခဲ့ပေသည်။

ထိုမှတစ်ဖန် ကားဖြင့်ဆက်လက်ထွက်ခွာလာရာ ဝေဘာရ တောင်ခြေသို့ ရောက်ရှိလာပါသည်။ ဝေဘာရတောင်ခြေတွင် ရေပူစမ်းရှိသည်။ အိန္ဒိယဒေသခံအမျိုးသား၊ အမျိုးသမီး၊ ကလေး သူငယ်များ ရေချိုးရာ နေရာဖြစ်သည်။ အိန္ဒိယတွင် ယခုအချိန် ထိ ဇာတ်မြင့်၊ ဇာတ်လတ်၊ ဇာတ်နိမ့်ဟူ၍ သုံးမျိုးခွဲခြားထား သည်ကို တွေ့ရှိခဲ့ရပါသည်။ ဗြာဟ္မဏ၊ ခတ္တိယမျိုးနွယ်ဝင်များ သည် ဇာတ်မြင့်များ ဖြစ်ကြ၍ ရေပူစမ်း၏ အထက်အမြင့်ဆုံး နေရာတွင် ရေချိုးခွင့်ရှိသည်။ ဇာတ်မြင့်များ ရေချိုး၍ ကျလာသော ရေကို ဝေသမျိုးနွယ်ဝင် ကုန်သည်ပွဲစားများ (ဇာတ်လတ်)က ချိုးရသည်။ ဇာတ်လတ်များ ရေချိုး၍ ကျလာသောရေကို သုဒ္ဒ မျိုးနွယ်ဝင် လက်လုပ်လက်စား ဆင်းရဲသားများက ချိုးရသည်။ လူချင်းတူပါလျက် အဆင့်အတန်းခွဲခြား၍ လူလူချင်း လွှမ်းမိုး

ခြယ်လှယ် ကတုံးပေါ်ထိပ်ကွက် အနိုင်ကျင့်ချက်များကို မျက်ဝါး ထင်ထင် တွေ့မြင်ခဲ့ရသည့်အတွက် များစွာ စိတ်မကောင်းဖြစ် ခဲ့ရပါသည်။ ကျောက်လှေကားအတိုင်းတက်၍ မကြာမီ ပိပ္ပလိဂူ (အရှင်မဟာဿပ ငယ်အမည်၊ အရှင်နေထိုင်သီတင်းသုံးခဲ့ရာနေ ရာ) သို့ ရောက်ရှိခဲ့ပါသည်။ မြတ်စွာဘုရားရှင်၏ တတိယ သာဝက အရှင်မဟာကဿပရဟန္တာမြတ်ကြီးကို ရည်မှန်း၍ လက်အုပ်ချီ မိုး ရှိခိုးပူဇော်ကန်တော့ခဲ့ပါသည်။ ထို့နောက် ပြေချောသော တောင်တက်လမ်းကလေးအတိုင်း ဆက်လက်တက်ခဲ့ရာ ဟိန္ဒူ ဘုရားကျောင်းတစ်ခုကို တွေ့ရှိခဲ့ပါသည်။ ဆက်၍တက်သွားရာ တောင်ထိပ်အမြင့်ပိုင်းတွင် ဂျိန်းဘုရားကျောင်းတစ်ခုကို တွေ့ခဲ့ရ သည်။ ထိုမှ လက်ယာဘက်အနိမ့်ပိုင်းသို့ ဆင်းသွားလျှင် ပထမ သံဂါယနာတင်ခဲ့သည့် သတ္တပဏ္ဏိလိုဏ်ဂူသို့ ရောက်ရှိနိုင်ပါသည်။ ကျွန်မတို့ဘုရားဖူးအဖွဲ့သားများသည် ဂူအတွင်းသို့ မဝင်တော့ပဲ တောင်ထိပ်အထိ ဆက်လက်တက်ခဲ့ကြပါသည်။ အချို့မှာ မော ပန်းနွမ်းနယ်၍ လမ်းခုလပ်တွင်ပင် နားနားနေနေဖြင့် နေခဲ့ကြ ပါသည်။ စာရေးသူတို့တစ်စု တောင်ထိပ်ပေါ်သို့ရောက်သောအခါ ရာဇဂြိုဟ် မြန်မာဘုန်းတော်ကြီးကျောင်းမှ ဦးပဥ္စင်းက ပထမ သံဂါယနာတင်ခဲ့ပုံကို အကျဉ်းမျှ ဟောကြားပေးပါသည်။

## ပထမ သံဂါယနာတင်ဖြစ်ပေါ်လာပုံ

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သောအခါ အရှင်မဟာ ကဿပသည် ရဟန္တာငါးရာနှင့် ကုသိနာရုံပြည်သို့ ကြွလာသည်။

လမ်းခရီးတွင် တွေ့ဆုံသော သုဘဒ်ရဟန်းက ''ငါ့ရှင်တို့ ရဟန်း ဂေါတမ ပရိနိဗ္ဗာန်ပြုပြီ။ ငိုကြွေးမနေကြနှင့်။ ရဟန်းဂေါတမ လက်က ငါတို့လွတ်ပြီ။ ယခုအချိန်မှစ၍ ငါတို့အလိုရှိတိုင်း နေ လို့ရပြီ'' ဟု ပြောဆိုပါသည်။ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော် မူသည်မှာ ရက်ပိုင်းမျှသာရှိသေးသည်။ ဤကဲ့သို့ မလေးမစား ထိပါးပြောဆိုမှုကြောင့် အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် မမွှသံဝေဂ ယူတော်မူပြီး နောင်အခါတွင် ဤကဲ့သို့သော လူညံ့ ရှင်ရဟန်းများ အသင်းအပင်းဖွဲ့၍ သာသနာတော်ကို နှောင့်ယှက် ဖျက်ဆီးလျှင် ဘုရားရှင်၏ ဩဝါဒတရားများ မကြာခင် မှားယွင်း ပျောက်ကွယ်သွားပါလိမ့်မည်။ ဘုရားရှင် ဟောကြားတော်မူခဲ့ သော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတရားများကို သင်္ဂါယနာတင် ရန် သံဃာတော်အပေါင်း စည်းဝေး၍ ဆုံးဖြတ်ကြလေသည်။ ထိုအကြောင်းတရားကြောင့် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်၊ သတ္တပဏ္ဏိလိုဏ်ဂူတွင် အရှင်မဟာကဿပ အမှူးပြု၍ ရဟန္တာ ငါးရာနှင့် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းက ကောင်းမှုပြုကာ ခုနစ်လတိုင်တိုင် ပထမသင်္ဂါယနာတင်တော်မူခဲ့ကြပါသည်။

ဦးပဥ္စင်း၏ ဟောပြောမှုအဆုံးတွင် ဘုရားဖူးအဖွဲ့၏ သာဓု ခေါ်သံမှာ ဝေဘာရတောင်တခွင်လုံး ပဲ့တင်မဆုံးအောင် ဖြစ်ခဲ့ ရပါသည်။ တောင်ဆင်းလမ်းတစ်လျှောက် သာယာကြည်နူးစွာ ဆင်းသက်လာရင်း ဘုရားရှင်လက်ထက်တော်တွင် ရာဇဂြိုဟ်မြို့ သည် ရှေးကုသိုလ်ထူးကြောင့် လွန်စွာ ချမ်းသာကြွယ်ဝသော ဇောတိက၊ ဇဋိလ၊ မေဏ္ဍကစသော သူဌေးကြီးများ နေထိုင်ခဲ့

ကြပုံ၊ မင်းသူဌေးပုဏ္ဏား ပြည်သူအများစုံလင်စွာဖြင့် တောင်ထိပ် သဘင်ပွဲ ဆင်နွှဲခဲ့ကြပုံ၊ ပျော်စရာ၊ ရွှင်စရာ၊ လွမ်းစရာ၊ ဆွေး စရာ သံဝေဂရစရာ အဖုံဖုံကို တွေးတောရင်း တောင်ခြေသို့ ရောက် မှန်းမသိ ရောက်ရှိလို့လာပါတော့သည်။

ရာဇဂြိုဟ်မြို့မှာကျောင်းသို့ ညမှောင်ရီပျိုးအချိန်တွင် ပြန် လည်ရောက်ရှိပါသည်။ ညစာစားပြီးသောအခါ ဆရာတော်ဘုရား အား လှူဖွယ်ဝတ္ထုအစုစု ဆက်ကပ်လှူဒါန်း၊ အမျှဝေ၊ သာဓု ခေါ်ဆိုကြပြီး ည (၈း၀၀)နာရီခန့်တွင် လွမ်းမောတသ ရာဇဂြိုဟ် မြို့မှ ထွက်ခွာလာခဲ့ကြပါသည်။ ဘုရားဖူးအဖွဲ့သည် ကားပေါ်တွင် ဘုရားရှိခိုး အမျှဝေ၊ သာဓုခေါ်ဆို၍ ကလကတ္တားသို့ ခရီးဆက် ခဲ့ကြပါသည်။

■

**ကလကတ္တားမြို့တော်မှသည် မွေးရပ်ဌာနီ မြန်မာပြည်သို့**

**၁၈. ၄. ၂၀၁၀ (စနေနေ့)**

နံနက်စောစောတွင် ကလကတ္တား(ကိုးလ်ကတ္တား)မြို့ အီဒင်ဆေးရုံလမ်း၊ အမှတ်(၁၀)အေ၊ မြန်မာကျောင်းသို့ ရောက်ရှိပါသည်။ နံနက်စာ စားသုံးပြီးသောအခါ ခေတ္တအမောအပန်းဖြေ၍ ရေချိုးနားနေကြပါသည်။ နံနက် (၁၁)နာရီခန့်တွင် ဘုရားခန်းရှိ ဆရာတော်ဘုရားထံ သွားရောက်၍ လှူဖွယ်ပစ္စည်းများ နဝကမ္မဝတ္ထုငွေများ ကပ်လှူပူဇော်ကန်တော့ကြပါသည်။ စာရေးသူတို့ ဇနီးမောင်နှံနှစ်ဦးမှလည်း ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အိန္ဒိယရူပီ (၁၀၀၀) (မြန်မာကျပ်ငွေ ၂၅၀၀၀)ကို သဒ္ဓါကြည်ဖြူစွာ လှူဒါန်းခဲ့ပါသည်။ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့တိုင်း ကလကတ္တားသို့ မရောက်ပါ။ သို့အတွက် ရောက်တုန်းရောက်ခိုက် လှူခဲ့ရသည့် ဒါနကုသိုလ်အပေါ် လွန်စွာမှပင် ဝမ်းသာပီတိကျေနပ်မိပါသည်။

နေ့လည်စာ စားပြီးသောအခါ Guide မှ ဦးဆောင်၍ ကလကတ္တားကုန်တိုက်သို့ လိုက်လံပို့ဆောင်ပေးပါသည်။ ဘုရားဖူးအဖွဲ့သားများလည်း မိမိကြိုက်နှစ်သက်ရာ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြပါသည်။ ထို့နောက် မြေအောက်ရထားစီးကာ မြန်မာကျောင်းသို့ ပြန်လည်ရောက်ရှိကြပါသည်။

ညနေစောင်းတွင် မြန်မာကျောင်းအနီးရှိ ကလကတ္တားဈေးသို့ မိမိအစီအစဉ်ဖြင့် ဈေးဝယ်ထွက်ကြပါသည်။ မြန်မာပြည်အပြန် လက်ဆောင်များ ဝယ်ယူကြပါသည်။

## ၁၁. ၄. ၂၀၁၀ (တနင်္ဂနွေနေ့)

နံနက် (၈)နာရီခန့်တွင် ကလကတ္တားရှိ ဝိတိုရိယဘုရင်မပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာပါသည်။ မှတ်တမ်းဓါတ်ပုံ၊ ဗီဒီယို ရိုက်ကြပါသည်။ ထို့နောက် Science City (သိပ္ပံကမ္ဘာ)သို့ သွားရောက်ကြပါသည်။ သိပ္ပံကမ္ဘာအတွင်း သိပ္ပံ ပညာရှင် ရုပ်ထုများ၊ ရေအောက်ကမ္ဘာရုပ်ရှင်ကားများကို စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြပါသည်။

## ၁၂. ၄. ၂၀၁၀ (တနင်္လာနေ့)

နံနက် (၈)နာရီခန့်တွင် ကလကတ္တားလေဆိပ်သို့ ကားဖြင့်ထွက်ခွာလာခဲ့ကြပါသည်။ လေဆိပ်သို့ ရောက်သောအခါ လေယာဉ်ပျံကို စောင့်ရင်း ကောဖီသောက်သူ သောက်၊ မုန့်စားသူကစားဖြင့် ခေတ္တနားနေကြပါသည်။ စာရေးသူလည်း အိန္ဒိယပြည်မှ

အပြန်ခရီးတွင် မွေးပျံ့လှသော ကော်ဖီတစ်ခွက်သောက်ချင်သည့် စိတ် ဖြစ်ပေါ်လာပါသည်။ သို့သော် ကော်ဖီဝယ်သောက်ရန် အိန္ဒိယ ရူပီငွေ တစ်ပြားမျှ မကျန်တော့ပါ။ ကလကတ္တားမြန်မာကျောင်း တွင် လှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။ ဤသို့ဖြင့် ကော်ဖီသောက်ချင် သည့်စိတ် မျိုသိပ်ကာ၊ အလှူဒါနပြုခဲ့မှုအပေါ် ပီတိသောမနဿ ဖြစ်နေစဉ် ဒေါ်တင်ဦး(သိမ်ဇရပ်)က ကော်ဖီတစ်ခွက်ယူလာပေး ပါသည်။ မိမိစိတ်ကို သိနေသည့်အလား အလှူဒါနပြုသွားသော ဒေါ်တင်ဦး(သိမ်ဇရပ်)ကို ကျေးဇူးအထူးတင်စိတ်ဖြင့် သာဓု ခေါ် ဆိုခဲ့မိပါတော့သည်။

ဤသို့ဖြင့် ဗုဒ္ဓဂယာ ခမ္မခရီးသည် (၂၆)ဦးပါဝင်သော ၃၀/ ၂၀၁၀ နီလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့သည် ဗုဒ္ဓမြတ်စွာ၏ သံဝေ ဇနီယလေးဌာန အဝဇဟိတလေးဌာန အပါအဝင် မဇ္ဈိမဒေသ တစ်ခွင်သို့ ဖွား၊ ပွင့်၊ ဟော၊ စံ၊ မြတ်နိဗ္ဗာန်သို့ ရောက်ပါစေ ကြောင်း ဆုတောင်းခဲ့ပြီး ၂၀၁၀၊ ဧပြီလ ၁၂ ရက်နေ့ နေ့လည် တွင် မွေးရပ်ဌာနေ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

<u>တရားအလင်းတန်းဖြင့်</u>

<u>နိဗ္ဗာန်လမ်းသို့ လှမ်းနိုင်ကြပါစေ</u>

ဇွန်ဖြူ(ပညာရေး)

## အိန္ဒိယ-နီပေါ ဗုဒ္ဓဂယာ သာသနာပြုခရီး
## အဖွဲ့အမှတ် (၃၀%/၂၀၀၉-၂၀၁၀)
## (၂၆-၃-၂၀၁၀ မှ ၁၂-၄- ၂၀၁၀)
### ဓမ္မခရီးသည်စာရင်း

၁။ ဦးမြင့်ရွှေ၊ ရန်ကုန်မြို့။
၂။ ဒေါ်တင်ဥ၊ ရန်ကုန်မြို့။
၃။ ဒေါက်တာသန်းကျော်၊ ဟသ်ာတ။
၄။ ဒေါ်ကြည်ကြည်သန်း၊ ဟသ်ာတ။
၅။ ဦးဝင်းစိန်၊ ရန်ကုန်မြို့။
၆။ ကိုဇော်ခိုင်၊ ရန်ကုန်မြို့။
၇။ ဒေါ်စန်းစန်းမြင့်၊ ရန်ကုန်မြို့။
၈။ မောင်ကျားဝေ(ခ) မောင်ပြည့်ဖြိုးသိန်း၊ ရန်ကုန်မြို့။
၉။ ဦးစိန်ချို(ခ) ဦးသိန်းဝင်း၊ မိတ္ထီလာမြို့။
၁၀။ ဒေါ်ဝင်းကြည်၊ မိတ္ထီလာမြို့။
၁၁။ ဒေါ်မြစီ၊ မြိတ်မြို့။
၁၂။ ဒေါ်စုစုမြထွေး၊ မြဝတီမြို့။
၁၃။ ဒေါ်သီတာအေး၊ ရန်ကုန်မြို့။

၁၄။ ကိုမြင့်အေးအောင်၊ ရန်ကုန်မြို့။
၁၅။ မကေသီမြင့်၊ ရန်ကုန်မြို့။
၁၆။ ဒေါက်တာနွယ်နီအောင်အဖွဲ့ (၆)ဦး၊ ရန်ကုန်မြို့။
၁၇။ ဦးမောင်သစ်၊ ရန်ကုန်မြို့။
၁၈။ ဒေါ်နွဲ့မူစိန်၊ ရန်ကုန်မြို့။
၁၉။ ဒေါ်တင်ဦး၊ သိမ်ဇရပ်မြို့။
၂၀။ ဒေါ်မြအေးရီ၊ ရန်ကုန်မြို့။
၂၁။ ဒေါ်စောသိန်း၊ ရန်ကုန်မြို့။
၂၂။ ဒေါ်တင်မာချို၊ ရန်ကုန်မြို့။
၂၃။ ဒေါ်မြင့်မြင့်၊ ရန်ကုန်မြို့။
၂၄။ ဦးစတီး၊ မန္တလေး။
၂၅။ ဒေါ်စနေလက်သား၊ မန္တလေး။
၂၆။ ဦးခင်မောင်ဇော်၊ မိုးကုတ်။
၂၇။ ဒေါ်မိုးသူဇာလှိုင်၊ မိုးကုတ်။
၂၈။ တာချီလိတ်မှ အမျိုးသမီးတစ်ဦး

## ကျမ်းကိုးစာရင်း(ပုံနှိပ်စာအုပ်များ)

၁။ လယ်တီဆရာတော်ဘုရားကြီး၏ ဘုရားရှိခိုး

၂။ မဇ္ဈိမဒေသ မြို့ရွာများမှ သမိုင်းရုပ်ကြွင်းပုံရိပ်လွှာများ
ဆရာတော်ဦးဥာဏဘာသ၊ သာသနဝင္သမြန်မာကျောင်း(၂၀၀၆)

၃။ ဗုဒ္ဓဘာသာဝင်တို့၏ ဖူးမြော်ရာ ရှစ်ဌာန
စန္ဒြသေနဓမ္မဇောတိကဗ္ဗ(၂၀၀၇)

၄။ အမ္ဗပါလီ(ပန်းချီရုပ်စုံ)
ဓမ္မဇောတိကဗ္ဗာစရိယာ ရှန်တီဆွာရူပဓမ္မဇောတိကဗ္ဗ(၂၀၀၂)

၅။ ပိဋကတ်တော်လာ၊ သိမှတ်စရာ
သာမဏေကျော်(၂၀၀၂)

၆။ ၂၀၀၁ ခုနှစ် အိန္ဒိယ–နီပေါ ဗုဒ္ဓဂယာ ဓမ္မခရီးသည်
တက္ကသိုလ်စိန်တင်၊ စိမ့်(ပညာရေး–၂၀၀၅)

၇။ ဗုဒ္ဓဂယာ ဘုရားဖူး
လယ်တွင်းသားစောချစ်(၂၀၀၈)

၈။ အသောကနှင့် သူ၏ဓမ္မဝါဒ
ဦးသန်းထွန်း(၁၉၇၆)

၉။ သီရိဓမ္မာသောကမင်းကြီး၏ အတိတ်နှင့် အရိပ်
ဇာနီအောင်(ရမ္မာဝတီ – ၂၀၀၁)

၁၀။ ဗုဒ္ဓသာသနာတော်နှင့် အရှင်ဒေဝဒတ်
ပန်းဒကာကိုတင်မြင့်(၂၀၁၂)